# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၁)၊ အမှတ် (၁၈၇)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ရန်ကုန်တိုင်းဒေသကြီးတွင် အစိုးရအဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားစေရန် ရည်ရွယ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အစိုးရအဘိဓမ္မာစာမေးပွဲ၊ အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်)စာမေးပွဲနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး

*စာမျက်နှာ ၃ ကော်လံ ၁* ❒


**ယနေ့ ဖ တ် စ ရာ**

**လွတ်လပ်ရေးအမွေ အစွန့်ရှည်တည်တံ့စေလို** (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး — ဆောင်းပါး စာ - ၆

**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ဘရာဇီးနိုင်ငံ)** — ဆောင်းပါး စာ - ၈

**အိုမီခရွန်မှာ အမေရိကန်၌ လွှမ်းမိုးနိုင်သည့် ကိုဗစ် - ၁၉ မျိုးကွဲဖြစ်လာ** — နိုင်ငံတကာရေးရာ စာ - ၁၄


## မကွေးတိုင်းဒေသကြီးအတွင်းရှိ ပျားမွေးမြူရေးလုပ်ငန်းမှ နှစ်စဉ် ပျားရည်တန်ချိန် ၂၀၀ ခန့် ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ပျားမွေးမြူရေးလုပ်ငန်းများမှ နှစ်စဉ်ပျားရည် တန်ချိန် ၂၀၀ ခန့်ထွက်ရှိကြောင်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ ပျားမွေးမြူရေးလုပ်တဲ့ လုပ်ငန်းရှင် ၇၀ ကျော်လောက် ရှိပါတယ်။ ပျားအုံပေါင်းက ၁၂၀၀၀ ကျော် ရှိပြီး တော့ စလင်း၊ ပွင့်ဖြူ၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်နဲ့ မင်းဘူးမြို့နယ်တွေမှာ မွေးမြူမှုများတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ပျားမွေးမြူရေးလုပ်ငန်းရှင်တွေကို ပျားအုံကိုင်တွယ် ထိန်းသိမ်းမှု၊

*စာမျက်နှာ ၃ ကော်လံ ၄* ❋






## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားမဝင်ကုန်သွယ်မှု ထိရောက်စွာတိုက်ဖျက်

မြန်မာနိုင်ငံတွင် တရားမဝင်ကုန်သွယ်မှု အခြေတည်နေခဲ့သည်မှာ ဆယ်စုနှစ်များစွာကြာခဲ့ပြီဖြစ်သည်။ စီမံကိန်းစီးပွားရေးစနစ် ကျင့်သုံးခဲ့သည့်ခေတ်တွင် စတင်ပေါ်ပေါက်လာခဲ့သည့် မှောင်ခိုကုန်သွယ်မှုခေါ် တရားမဝင်ကုန်သွယ်မှုသည် ခေတ်စနစ်များ ပြောင်းခဲ့ပြီးသည့်နောက်တွင်လည်း ပျောက်ကွယ်မသွားဘဲ ဆက်လက်ရှင်သန်နေဆဲဖြစ်သည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ် ကမ္ဘာ့တရားမဝင်ကုန်သွယ်မှု အညွှန်းကိန်းတွင် နိုင်ငံ ၈၄ နိုင်ငံအနက် မြန်မာနိုင်ငံက အဆင့် ၈၂ ဖြစ်သည်။ မြန်မာအောက်မှ နိုင်ငံနှစ်နိုင်ငံမှာ အီရတ်နှင့် လစ်ဗျားတို့ဖြစ်ရာ မိမိတို့နိုင်ငံ၏ အခြေအနေကို မှန်းဆကြည့်နိုင်သည်။

တရားမဝင်ကုန်သွယ်မှုက နိုင်ငံကိုရော ပြည်သူလူထုကိုပါ ထိခိုက်နစ်နာစေသည်။ ဦးစွာထိခိုက်မှုမှာ နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ ဆုံးရှုံးရခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်က စစ်တမ်းတစ်ရပ်အရ မြန်မာနိုင်ငံက သွင်းကုန်ဒေါ်လာသန်း ၂၅၀၀၀ ကျော်ဖိုး တင်သွင်းကြောင်း နိုင်ငံခြားစာရင်းများက ဖော်ပြခဲ့သော်လည်း မြန်မာနိုင်ငံမှ တရားဝင်စာရင်းတွင် ဒေါ်လာသန်း ၁၈၀၀၀ ကျော်ဖိုးသာ ဖော်ပြထားရာ တရားမဝင်ကုန်သွယ်မှုသည် အနည်းဆုံး ဒေါ်လာသန်း ၆၀၀၀ ကျော်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော နိုင်ငံ ငါးနိုင်ငံအနက် လာအိုနိုင်ငံမှလွဲ၍ ကျန်လေးနိုင်ငံဖြစ်သည့် ထိုင်း၊ တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ကုန်သွယ်ရေးစခန်းများ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် အပြန်အလှန်ကုန်သွယ်နေခြင်းဖြစ်သည်။ ကုန်သွယ်မှုပမာဏ အများဆုံးမှာ တရုတ်နှင့်ဖြစ်ပြီး ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့က အစဉ်လိုက်ရှိသည်။ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ကုန်သွယ်မှုများတွင် မိမိဘက်မှ သစ်၊ ကျောက်မျက်နှင့် ဓာတ်သတ္တုများ ထုတ်ယူမှုများရှိနေပြီး မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုမှုများလည်း ရှိနေသည်။

တရားမဝင် ကုန်သွယ်မှုကြောင့် တရားဝင်ကူးသန်းရောင်းဝယ်မှုများကို ထိခိုက်နစ်နာစေသည်။ ဥပမာအားဖြင့် အမှတ်တံဆိပ်တူ၊ အမျိုးအစားတူ ကုန်ပစ္စည်းတစ်ခုကို အခွန်ဆောင်ပြီး တရားဝင်အာမခံရောင်းချသည့် ဈေးနှုန်းနှင့် မှောင်ခိုလမ်းကြောင်းမှဝင်လာပြီး အာမမခံဘဲရောင်းချသည့် ဈေးနှုန်းတို့ ကွာဟနေခြင်းမျိုးဖြစ်သည်။ မှောင်ခိုလမ်းကြောင်းမှ ဝင်လာသည့် ကုန်ပစ္စည်းသည် ကုန်ပစ္စည်းစစ်မှန်မှုနှင့် အရည်အသွေးတို့အပေါ်တွင်လည်း အာမခံနိုင်ခြင်းမရှိသည့်အတွက် ဝယ်ယူသုံးစွဲသူတွင်လည်း ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေသည်။ တစ်ဖန် တရားမဝင်လမ်းကြောင်းမှ လူသုံး အိမ်သုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များ တင်သွင်းလာရာတွင် စစ်ဆေးခြင်းမရှိသည့်အတွက် ကုန်ပစ္စည်းအတု၊ ဆေးဝါးအတုများ၊ ရက်လွန်စားသောက်ကုန်များ၊ စားသုံးရန်မသင့်သည့် ကုန်စည်များလည်း ဈေးကွက်သို့ ရောက်ရှိလာသည်။ အချို့အရည်အသွေးနိမ့် ကုန်ပစ္စည်းများကို အကောက်ခွန်တိမ်းရှောင်တင်သွင်းလာကာ ပြည်တွင်းဈေးကွက်တွင် ဈေးပေါပေါဖြင့် ရောင်းချခြင်းကြောင့် ပြည်တွင်းရှိ အမျိုးတူကုန်ပစ္စည်းများ ထုတ်လုပ်နေသည့် အသေးစား၊ အငယ်စား၊ အလတ်စား စက်ရုံ အလုပ်ရုံများမှာ ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့ဘဲ လုပ်ငန်းများ ရပ်ဆိုင်းသွားရသည်။ ယင်းနှင့်ဆက်စပ်ကာ အလုပ်သမားများလည်း အလုပ်ပြုတ်သွားရသည်။ တရားမဝင် ကုန်သွယ်မှုကြောင့် လက်တစ်ဆုပ်စာမျှသော ဝိသမလောဘသမားများနှင့် အကျင့်ပျက်ခြစားသူတို့ ချမ်းသာကြသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အဟန့်အတားဖြစ်စေကာ ပြည်သူကို ဆင်းရဲတွင်းနက်စေသည်ကို လေးလေးနက်နက် ရှုမြင်၍ ထိထိရောက်ရောက် တားဆီးတိုက်ဖျက်ကြရန် လိုအပ်သည်။

တရားမဝင်ကုန်သွယ်မှုသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မသမာမှုလည်းဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုအခြေအနေ အညွှန်းကိန်းများဖြစ်သည့် အစိုးရ၏ မူဝါဒ၊ ရောင်းလိုအားနှင့် ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုရှိသည့် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာလုပ်ငန်းစဉ်တို့ကို ပြုပြင်ပြောင်းလဲခြင်း၊ ဖြေလျှော့ခြင်းတို့ လိုအပ်သလို ခေတ်မီနည်းပညာများ အသုံးပြုစစ်ဆေးခြင်း၊ လုံခြုံမှုတိုးမြှင့်ဆောင်ရွက်ခြင်းတို့ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အားဖြည့်ကာ ထိထိရောက်ရောက် ထက်ထက်မြက်မြက် ဆောင်ရွက်နိုင်ပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## ကချင်ပြည်နယ်နေ့တွင် ပြည်နယ်အတွင်း စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ပေးအပ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဒီဇင်ဘာ ၂၄

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့တွင် ပြည်နယ်အတွင်း စွမ်းစွမ်းတမံထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့တွင် ပြည်နယ်အတွင်း စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် စွမ်းစွမ်းတမံ ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြ သူများကို ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆု ပစ္စည်းများကို ထိုက်တန်စွာ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဆုများ ပေးအပ်ချီးမြှင့်ရာတွင် ရွေးချယ်မှု မှန်ကန်စေရေးအတွက် စနစ်တကျဖွဲ့စည်း ဆောင်ရွက်သွားရေးနှင့် ထူးချွန်ထက်မြက်စွာ ဆောင်ရွက်ခဲ့သူများအား မကျန်ရစ်ခဲ့စေရေး ကော်မတီအဖွဲ့ဝင်များ အနေဖြင့် စိစစ်ရွေးချယ်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းနိုင်ရေး စိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အပ်နှင်းချီးမြှင့်သွားမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လေးက စိစစ်ရွေးချယ်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက အကြံပြု သုံးသပ်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပြည်နယ်(ပြန်/ဆက်)



## နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်



နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်း ၆၅ ရာခိုင်နှုန်းပြီးစီး

နေပြည်တော် ဒီဇင်ဘာ ၂၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လုပ်ငန်းအပ်နှံသည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းတွင် လိုအပ်လျက်ရှိသော အလယ်ပေါင်းလောင်းတံတား တည်ဆောက်ရေးလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး View Point မှ အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ရေလွှဲစနစ်၊ ပင်မတာမံနှင့် ဆက်နွယ် ရေအားလျှပ်စစ် အဆောက်အအုံများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို စီမံကိန်း ရှင်းလင်းဆောင်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း အမှတ်(၁)တည်ဆောက်ရေးတာဝန်ခံနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းပြီး လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)မှ ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာချုပ်တို့က အလယ်ပေါင်းလောင်း တံတားတည်နေရာ၊ တံတားဆိုင်ရာအချက်အလက်များ၊ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းအခက်အခဲများရှိပါက ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားကမ်းကပ်ခုံ A2 အုတ်မြစ်ပိုင်လုပ်ငန်း ဆောင်ရွက်နေမှု၊ ရေလယ်တိုင် (P3) လုပ်ငန်းဆောင်ရွက်နေမှုနှင့် P1 နှင့် P2 လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ထမ်းများ၊ ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်နေသော ဝန်ထမ်းများနှင့် လုံခြုံရေးဆောင်ရွက်နေသော ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ရန်အတွက် အသုံးပြုမည့် MASK များ၊ သစ်သီးခြင်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

အလယ်ပေါင်းလောင်းတံတားသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ လုပ်ငန်းအပ်နှံပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်ပြီး တံတားအရှည်ပေ ၄၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၇ ပေ ခြောက်လက်မရှိပြီး တံတားအမျိုးအစားမှာ 1.8 m Ø နှင့် 2.2 m Ø Caisson Foundation၊ ကိုယ်ထည်မှာ R.C Concrete အပေါ်ထည် Plate Girder နှင့် R.C Girder တို့ဖြင့် တည်ဆောက်ထားပြီး တံတား၏ ခံနိုင်ဝန်မှာ HS -25 ဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံး ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးမည့် လျှပ်စစ်လမ်းခွဲ-လေ့ခွင်းတောင်-ခေါမလမ်းဆုံအထိ လေးမိုင် လေးဖာလုံ လမ်းပိုင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

လမ်းညွှန်ချက်များနှင့်အညီ ကျင်းပလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေ မြို့နယ်ရှိ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းတွင်လည်း ဒီဇင်ဘာ ၂၄ ရက် မွန်းတည့် ၁၂နာရီက မြို့နယ်သံဃနာယကအဖွဲ့၏ ဩဝါဒနှင့်အညီ စာမေးပွဲကြီးကြပ်ရေးအဖွဲ့မှ စီစဉ်သော လူပုဂ္ဂိုလ်များဆိုင်ရာ အစိုးရအဘိဓမ္မာစာမေးပွဲ၊ အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်) စာမေးပွဲနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများကို စတင်ကျင်းပခဲ့ရာ သံသရာလမ်းညွှန် အဘိဓမ္မာသင်တန်းမှ သင်တန်းသား သင်တန်းသူများ စိတ်အေးချမ်းသာစွာ ဝင်ရောက်ဖြေဆို ခဲ့ကြကြောင်း သိရသည်။

အဆိုပါ လူပုဂ္ဂိုလ်များဆိုင်ရာ အစိုးရအဘိဓမ္မာစာမေးပွဲ၊ အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်) စာမေးပွဲနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများ ကျင်းပနေမှုအခြေအနေများအား မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုးအောင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် လူပုဂ္ဂိုလ်များဆိုင်ရာ အစိုးရအဘိဓမ္မာစာမေးပွဲ၊ အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်)စာမေးပွဲနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများကို အဆင့်(၃)ဆင့် သတ်မှတ်၍ နှစ်စဉ် ကျင်းပလျက်ရှိပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ပထမအဆင့် စာမေးပွဲများကို ကျင်းပခဲ့ရာ အဘိဓမ္မာစာမေးပွဲ(ပထမအဆင့်) ဖြေဆိုသူ ၂၁ ဦး၊ အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်) စာမေးပွဲ (ပထမအဆင့်) ဖြေဆိုသူနှစ်ဦး စုစုပေါင်း ၂၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ဒုတိယအဆင့်နှင့် တတိယအဆင့်စာမေးပွဲများကိုလည်း ဒီဇင်ဘာ ၂၅ ရက်နှင့် ဒီဇင်ဘာ ၂၆ ရက်တို့တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

❊ *ရှေ့ဖုံးမှ*

ပျားရောဂါ ကာကွယ်ကုသမှု၊ ပျားရည်ထုတ်လုပ်မှုစတဲ့ နည်းပညာအထောက်အကူပြုသင်တန်းတွေ ဖွင့်လှစ်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးကျော်ငွေးက ပြောသည်။

မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ အနေဖြင့် ပျားမွေးမြူရေးအတတ်ပညာများကို ပြည်သူလူထုအတွင်းပြန့်ပွားစေရန်နှင့်သီးနှံစိုက်ပျိုးသောကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ပေးလျက်ရှိသည်။

“ကျွန်တော် လုပ်ငန်းကနေ နှစ်စဉ် ပျားရည် ၁၀ တန်ကျော် ထွက်ရှိပါတယ်။ ပျားမွေးမြူရေးလုပ်ငန်းဟာ စီးပွားရေးအရ တွက်ခြေကိုက်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မွေးမြူထုတ်လုပ်ရရှိတဲ့ ပျားရည်ကို ကုန်ကြမ်းအဖြစ်ပဲ အခုတော့ ရောင်းချတယ်။ ပိုပြီးတော့ စီးပွားရေးအရ အဆင်ပြေစေဖို့ တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ရောင်းချနိုင်ဖို့ မျှော်လင့်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ ကိုယ်တိုင်လည်း ကြိုးစားနေပြီးတော့ နိုင်ငံတော်အနေနဲ့လည်း ကူညီပေးစေချင်ပါတယ်” ဟု ပျားမွေးမြူရေး လုပ်ငန်းရှင် ဦးအောင်မင်းက ပြောသည်။

**အောင်မင်းဟန်(သတင်းစဉ်)၊ ဓာတ်ပုံ-နေသစ်**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂၅

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီ ဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၀၄ လက်မ ဖြစ်သည်။

**မိုး/ဇလ**

# ပြင်ဦးလွင်၌ ၂၀၂၁ ခုနှစ် ခရစ္စမတ်အထိမ်းအမှတ် မိတ်ဆုံညစာစားပွဲအခမ်းအနားနှင့် ကျေးလက်ဒေသစက်ဘီးစီးခရီးစဉ်ပွဲတော်ကျင်းပ

နေပြည်တော်   ဒီဇင်ဘာ   ၂၅

**ပြင်ဦးလွင်မြို့ "၂၀၂၁ ခုနှစ် ခရစ္စမတ်အထိမ်းအမှတ် မိတ်ဆုံညစာစားပွဲအခမ်းအနား"ကို ယမန်နေ့ ညနေပိုင်းက ပြင်ဦးလွင်မြို့ သစ်တောသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်နယ်မှူးနှင့် အရာရှိကြီးများ၊ သိက္ခာတော်ရဘုန်းတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်များ၊ ခရစ်ယာန်ဘာသာဝင် ဧည့်သည်တော်များ တက်ရောက်ကြသည်။**



မိတ်ဆုံစားပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအားလုံးတို့သည် မိမိတို့ ယုံကြည်ကိုးကွယ်ဆည်းကပ်ရာ ဘာသာတရား၏အထိမ်းအမှတ်အခါကြီးနေ့ကြီးများ၊ ပွဲလမ်းသဘင်များ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ မတူညီကြသော်လည်း အချင်းချင်းတစ်ဦးပေါ်တစ်ဦး မေတ္တာတရားထားရှိကာ ယုံကြည်မှု၊ စည်းလုံးညီညွတ်ခြင်းများဖြင့် အတူတကွယှဉ်တွဲနေထိုင်လျက်ရှိပါကြောင်း၊ ခရစ်တော်မှ ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပြီး ကိုယ်စိတ်နှစ်ပါးအေးချမ်းကြပါစေကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ သိက္ခာတော်ရဘုန်းတော်ကြီး Father L.Mar နှင့် သိက္ခာတော်ရဘုန်းတော်ကြီး လပ်ခူဆပ်တို့က ခရစ္စမတ်ပွဲတော်ကျင်းပရခြင်းအကြောင်းရင်းနှင့် မြန်မာနိုင်ငံကြီး တည်ငြိမ်အေးချမ်းပြီး ပြည်သူပြည်သားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ခရစ္စမတ်ဆုတောင်းကောင်းချီးပေးပြီး ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ဓမ္မတေးသီချင်းများ သီဆိုကျူးဧပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တက်ရောက်လာသူများကို ခရစ္စမတ်အမှတ်တရလက်ဆောင်များ ပေးအပ်ကြကာ ခရစ္စမတ်ကိတ်မုန့်ခွဲ၍ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**စက်ဘီးစီးပွဲတော်ကျင်းပ**

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ ခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်မြှင့်တင်ရေး လှုပ်ရှားမှုတစ်ခုအဖြစ် "ပြင်ဦးလွင်ကျေးလက်ဒေသစက်ဘီးစီးခရီးစဉ်" ပွဲတော်သို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်မင်းလတ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပါဝင်တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်ဘီးစီးခရီးစဉ်ကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ စက်ဘီးစီးခရီးစဉ်လမ်းကြောင်းမှာ ခရိုင်ပြည်သူ့အားကစားကွင်းမှ ပွဲကောက်ရေတံခွန်၊ ပွဲကောက်ရွာ၊ ဒီဇင်ဘာခြံအထိ ကိုးမိုင်ခန့်ရှည်လျား ပြီး ပြည်တွင်း/ပြည်ပမှ စက်ဘီးစီးခရီးသွား ၁၅၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့အဖွဲ့သည် ပြင်ဦးလွင်ဘူတာသို့ သွားရောက်ကာ ပြင်ဦးလွင်မှ ဂုတ်ထိပ်တံတားသို့ ပြေးဆွဲခုတ်မောင်းမည့် မီးရထားခရီးစဉ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်ပက်ဖျန်းကာ ခရီးစဉ်တွင် လိုက်ပါစီးနင်းသူများကို အမှတ်တရလက်ဆောင်များပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်စကားများ ပြောကြားသည်။ အဆိုပါ ရထားခရီးစဉ်အား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပုံမှန်လိုက်ပါစီးနင်းနိုင်သည့် ဝင်ဆံ့ဦးရေ၏ ထက်ဝက်ခန့် လျှော့ချထားပြီး ခရီးသွားပြည်သူ ၁၄၀ ခန့် လိုက်ပါစီးနင်းကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ဘီးစီးခရီးစဉ်၏ တစ်ထောက်နားရပ်ဖြစ်သည့် ပွဲကောက်ရေတံခွန်သို့ သွားရောက်ကာ စက်ဘီးစီးခရီးစဉ်တွင် ပါဝင်ကြသူများကို တွေ့ဆုံအားပေးစကားပြောကြားသည်။ ထို့နောက် ဒီဇင်ဘာခြံသို့ သွားရောက်၍ ဝင်ရောက်လာသော စက်ဘီးစီးသမားများကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်တရလည်ဆွဲတံဆိပ်များ ချီးမြှင့်ကြိုဆိုကြပြီး **(အပေါ်ပုံ)** ပြင်ဦးလွင် ကျေးလက်ဒေသစက်ဘီးစီးခရီးစဉ်ဖြစ်မြောက်ရေးတွင် ပူးပေါင်းပါဝင်သူများကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့အဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈)၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ "ပန်းခင်း" စီမံချက်ဖြင့် မှတ်ပုံတင်များဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုကြပြီး မှတ်ပုံတင် လာရောက်လုပ်ဆောင်သော ဒေသခံပြည်သူများကို မှတ်ပုံတင်ကတ်ပြားများ ပေးအပ်ခဲ့ကြသည်။ **သတင်းစဉ်**

# တပ်မတော် (ရေ) ဌာနချုပ်၊ တပ်၊ စခန်းများမှ ခရစ္စမတ်နေ့ အထိမ်းအမှတ်လှူဒါန်းမှုများ ဆောင်ရွက်



**နေပြည်တော်   ဒီဇင်ဘာ   ၂၅**

မော်ရဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များသည် ကလိန်အောင်မြို့နယ် ကံပေါက်ကျေးရွာရှိ ဗေသနီနှစ်ခြင်းခရစ်ယာန်အသင်းတော်သို့ သွားရောက်၍ ခရစ္စမတ်နေ့အထိမ်းအမှတ်လက်ဆောင်ကိတ်မုန့်နှင့် လှူဖွယ်များအား လှူဒါန်းမှုများ ဆောင်ရွက်ခဲ့ပြီး(ဝဲပုံ) ခရစ္စမတ် အထိမ်းအမှတ်လက်ဆောင်ကိတ်မုန့်လှီးခြင်းအား သိက္ခာတော်ရဆရာနှင့်အတူ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ပလောမြို့နယ် မလိကျွန်းမှ ဇရပ်ဆိပ်ကျေးရွာ၊ ငရုတ်ကောင်းကျေးရွာ၊ ကျောက်ထရံကျေးရွာများရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့ သွားရောက်၍ လှူဒါန်းငွေများနှင့် ကြက်ဥ၊ ရွှေဖီဦးများကို လှူဒါန်းခဲ့ကြသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် တီးပူကျေးရွာရှိ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းတွင် ကျင်းပပြုလုပ်သော ခရစ္စမတ်နေ့ အခမ်းအနားသို့ တနင်္သာရီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ သွားရောက်၍ အခမ်းအနားစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပူးပေါင်းပါဝင် ပြုလုပ်ကြသည်။ အခမ်းအနားသို့ တက်ရောက်လာသော ခရစ်ယာန်ဘာသာဝင် ကျေးရွာသူ ကျေးရွာသားများအား အမှတ်တရ ခရစ္စမတ်ဦးထုပ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုင်းယောင်းမြို့၌ ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲကျင်းပ

**မိုင်းယောင်း   ဒီဇင်ဘာ   ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရစ္စမတ်ဆုတောင်းပွဲကို ကျင်းပရာ နောင်ရှဲန်ဘုရားရှိခိုးကျောင်းမိသားစုက ခရစ္စမတ် Carol သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နောင်ရှဲန်ဘုရားရှိခိုးကျောင်းမှ ကျောင်းထိုင်ဘုန်းတော်ကြီး Fr.Francis Charles က မင်္ဂလာရှိသော ခရစ္စမတ်အခါသမယတွင် ပျော်ရွှင်ခြင်းများဖြင့် ပြည့်စုံနိုင်ပါစေကြောင်း၊ ဝမ်းမြောက်ခြင်းများနှင့် ပြည့်ဝနိုင်ကြပါစေကြောင်း ခရစ္စမတ်သတင်းကောင်းနှင့် ဆုမွန်စကားမျှဝေပြောကြား ဆုတောင်းပေးသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူက ခရစ္စမတ်အခါသမယတွင် ခရစ်ယာန် ဘာသာဝင်များအားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း၊ နှစ်သစ်အခါသမယကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြပါစေကြောင်းဖြင့် ခရစ္စမတ်နှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက နောင်ရှဲန်ဘုရားရှိခိုးကျောင်းမိသားစုအား ခရစ္စမတ်အထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ခဲ့ပြီး Fr.Francis Charles မှလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ခရစ္စမတ်အထိမ်းအမှတ် လက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# နိုင်ငံသားများအားလုံး နိုင်ငံသားမှတ်ပုံတင်များ ရရှိရန်အရေးကြီး

၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှု ပြဿနာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရာတွင် မှတ်ပုံတင်မပါဘဲ မဲပေးခဲ့သူ ၃ သန်းကျော် ရှိခဲ့သဖြင့် မဲပေးခွင့်ရှိသူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးနှင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား ပြန်လည်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားမှတ်ပုံတင်များ ပြုလုပ်ပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများအားလုံး နိုင်ငံသားမှတ်ပုံတင်များ ရရှိရန် အရေးကြီးကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကန်စွန်းအင်းကျေးရွာရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကန်စွန်းအင်းကျေးရွာအတွင်း၌ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ စုဝေးရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းတွင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ် အကြမ်းဖက်သမားများနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ကန်စွန်းအင်းကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် ကျေးရွာသူ၊ ကျေးရွာသားများကို နေအိမ်တွင် အေးချမ်းစွာပြန်လည်နေထိုင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကန်စွန်းအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များနှင့် ရွာသူ ရွာသားများအား ဆေးကုသခြင်းများ ဆောင်ရွက်ပေးနေစဉ်။



ကျွန်းလှမြို့နယ် ကန်စွန်းအင်းကျေးရွာရှိ အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်မှုမရှိသော ရွာသူ ရွာသားများအား ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်ရန် ဆောင်ရွက်ပေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကန်စွန်းအင်းကျေးရွာရှိ ရွာသူ ရွာသားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်နေစဉ်။





စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကန်စွန်းအင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ပေးနေစဉ်။

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးအမွေ အစွန့်ရှည်တည်တံ့စေလို

မောင်သောင်းဝင်း
(တမန်ဟောင်း)

"လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကိုရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကို ရနိုင်တဲ့ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကိုလုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကိုလွတ်လပ်ရေးအရသာကို ခံစား စံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ကနေ့ ပြောခဲ့ချင်တယ်" ဟုဆိုကာ လွတ်လပ်ရေးဗိသုကာ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမကြီး၌ ပြုလုပ်သည့် ပြည်သူ့အစည်းအဝေးကြီး၌ တိုင်းသူပြည်သားများအား တိုက်တွန်းပြောကြားခဲ့သည်။ ဗိုလ်ချုပ်သည် လွတ်လပ်ရေးကိုတန်ဖိုးထားတတ်စေရန် စေတနာထားပြောကြားခဲ့ခြင်းဖြစ်သည်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ အဖွဲ့ဝင်များ ၉-၆-၁၉၄၇ ရက်နေ့က တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်ရောက်လာကြစဉ်။

### တွန်းလှန်တိုက်ခိုက်ခဲ့

မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်တွင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်၌ ဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် အင်္ဂလိပ်နယ်ချဲ့တို့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ကိုလိုနီတို့သည် ၁၈၂၄ ခုနှစ်ကတည်းက အောက်မြန်မာနိုင်ငံကို စတင်ကျူးကျော် သိမ်းပိုက်ခဲ့သဖြင့် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၀ ကျော် ကြာမြင့်သည်။ ထိုအချိန်က နိုင်ငံသားအားလုံး၏ အိပ်မက်များ ပျောက်ဆုံးခဲ့ရသည်။ နယ်ချဲ့တို့၏ ညှဉ်းပန်းနှိပ်စက်ကုပ်သွေးစုပ်မှုကို အလူးအလဲခံခဲ့ ကြရသည်။ ပင်ပန်းကြမ်းတမ်းသော ကာလများပင် ဖြစ်သည်။

### အချုပ်အခြာအာဏာပိုင်နိုင်ငံ

မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားပြည်သူများသည် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြသည်။ နယ်ချဲ့ကိုတော်လှန်လိုသည့် စိတ်ဓာတ်နှင့်လွတ်လပ်ရေးရယူလိုသော စိတ်ဓာတ်ကိုမူ လုံးဝမစွန့်လွှတ်ခဲ့ပေ။ အခွင့်အရေးရလျှင်ရသလို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ထို့နောက် ၁၉၂၀ ပြည့်လွန် နှစ်များမှစ၍ လူငယ်များအကြားတွင် မျိုးချစ်စိတ်ဓာတ် ပိုမိုပြင်းထန်လာခဲ့သည်။ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး စသည့်အသင်းကြီးများဖွဲ့စည်းကာ လှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် အမျိုးသားရေးလှုပ်ရှားမှုများဖြစ်သည့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် ၁၃၀၀ ပြည့်အရေးတော်ပုံများ ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ အထူးသဖြင့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် ဘီအိုင်အေ၊ ဘီဒီအေ၊ ဘီအင်န်အေ၊ ပီဘီအက်(ဖ်) တပ်မတော်များနှင့်အတူ နယ်ချဲ့ကိုလိုနီများနှင့် ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အမြစ်ပြတ် ချေမှုန်းတိုက်ထုတ်နိုင်ခဲ့သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တည်တည်တံ့တံ့ ပြန်လည်ရပ်တည်နိုင်ခဲ့သည်။

### လွတ်လပ်ရေးရရှိခဲ့သော်လည်း

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သော်လည်း တိုင်းရင်းသားအချို့သည် နယ်ချဲ့ကိုလိုနီတို့၏ ဝါဒမှိုင်းမိခဲ့ကြသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအကြား စိတ်ဝမ်းကွဲပြီး တစ်ဦးနှင့်တစ်ဦး သံသယဝင်ကာ လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့ကြသည်။ အချို့သော တိုင်းရင်းသားများသည် လက်ရှိအချိန်အထိ လက်နက်စွဲကိုင်နေဆဲပင်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် တစ်နိုင်ငံလုံး လွှမ်းခြုံသော ငြိမ်းချမ်းရေးကို အပြည့်အဝတည်ဆောက်နိုင်ခြင်းမရှိသေးဘဲ အချို့သောဒေသများတွင် သေနတ်သံများကြားနေရဆဲပင်ဖြစ်သည်။ စစ်ညောင်းကြာရှည် မြန်မာပြည်ဖြစ်နေသည်။ ဝမ်းနည်းဖွယ်ရာပင် ဖြစ်သည်။

ဆိုရလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ၏လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် အသက်တမျှ အရေးပါလျက်ရှိသည်။ စည်းလုံးညီညွတ်မှု ချည့်နဲ့လာသောနိုင်ငံသည် အဘက်ဘက်မှအနုတ်လက္ခဏာဆောင်လာမည်ဖြစ်သည်။ ထို့အပြင် စည်းလုံးညီညွတ်မှုပြိုကွဲလျှင် နိုင်ငံလည်း အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားနိုင်ပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရန် လိုအပ်မည်ဖြစ်သည်။

### စစ်ရေးဆိုင်ရာလှုပ်ရှားမှုများရပ်ဆိုင်း

မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအဆက်ဆက်သည် တိုင်းပြည်ငြိမ်းချမ်းရေးကိုထုဆစ်ပုံဖော်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ရှစ်ဖွဲ့တို့ကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကိုလက်မှတ်ရေး ထိုးနိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင်လည်း မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့သည် NCA တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သဖြင့် လက်ရှိ အချိန်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အထိ ရှိနေပြီဖြစ်သည်။ တပ်မတော်သည် NCA လက်မှတ် ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်အထိ ရပ်ဆိုင်းပေးထားသည်။ ထိုကာလအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အမှန်တကယ် တိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းသွားသင့်ပေသည်။

### ဒီမိုကရေစီအလေ့အထဆိုသည်မှာ

၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ၌ မဲမသမာမှု ၁၁ သန်းကျော်အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို စောင့်ရှောက်ရန် တာဝန်ရှိသည့် တပ်မတော်က ထိုမဲမသမာမှုများကို ဖြေရှင်းပေးရန် ရွေးကောက်ပွဲကော်မရှင်၊ အစိုးရနှင့်လွှတ်တော်တို့မှ တာဝန်ရှိသူများထံ အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ သို့သော် အာဏာရပါတီသည် မဲမသမာမှုများကို လျစ်လျူရှု၍ လွှတ်တော်များခေါ်ယူပြီး တိုင်းပြည်အာဏာကိုပင်လျှင် အတင်းအဓမ္မရယူရန် ကြိုးပမ်းခဲ့သဖြင့် တပ်မတော်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခေတ္တထိန်းသိမ်းခဲ့ရသည်။

ထိုအချိန်မှစ၍ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG ၊ PDF နှင့် NLD အစွန်းရောက်များသည် တိုင်းပြည်အလုံးစုံပျက်စီးရေးအတွက် အမျိုးမျိုးကြံဆဆောင်ရွက်လာခဲ့ကြသည်။ သံဃာတော်များ၊ ကလေးငယ်များ၊ ကျောင်းဆရာမများ၊ သက်ကြီးရွယ်အိုများ အပါအဝင် အပြစ်မဲ့ပြည်သူများကို စွပ်စွဲချက်အမျိုးမျိုးဖြင့် အကြောင်းမဲ့သတ်ဖြတ်လာခဲ့သည်။ စာသင်ကျောင်းများ၊ ရဲစခန်းများနှင့် ဆေးရုံများ အပါအဝင် ပြည်သူပိုင်ပစ္စည်းများကို မီးရှို့ဖျက်ဆီးကြသည်။ လမ်း၊တံတားများကို မိုင်းခွဲတိုက်ခိုက်သည်။ ကိုဗစ်- ၁၉ ရောဂါကုသ၊ ထိန်းချုပ်ရေး တာဝန်ထမ်းဆောင်နေသူများကိုပင်လျှင် နှောင့်ယှက်တိုက်ခိုက်လာခဲ့သည်။ လူသားမဆန်သော လုပ်ရပ်များပင် ဖြစ်သည်။

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို လက်နက်ကိုင်၍တည်ဆောက်နိုင်မည်မဟုတ်ချေ။ အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်စွဲကိုင်တောင်းဆိုမှုများသည် အကျိုးမရှိသော လုပ်ရပ်များပင်ဖြစ်သည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ မရှိအတူ ရှိအတူ နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုများအကြား စားပွဲဝိုင်းတွင်ဆွေးနွေး တိုင်ပင်ညှိနှိုင်းအဖြေရှာသွားမည်ဆိုလျှင် ရလဒ်ကောင်းများ ရရှိနိုင်ပေသည်။ မတူညီမှုများကို ဖယ်ရှားကာ တူညီသောအချက်များဖြင့် စတင်ဆွေးနွေးသင့်နေပြီဖြစ်သည်။

အမှန်တော့ ရင့်ကျက်မှုရှိသော ဒီမိုကရေစီအလေ့အထဆိုသည်မှာ ယဉ်ကျေးသိမ်မွေ့ပြီး အများသဘောဆန္ဒအတိုင်း အမှန်တရားကိုလက်ခံလေ့ရှိသည်။ လူတစ်ဦးနှင့်ပုဂ္ဂိုလ်တစ်စု အာဏာရရှိရေးအတွက် အကြမ်းဖက်လမ်းစဉ်၊ လူသတ်လမ်းစဉ်၊ အဖျက်အမှောင့်လမ်းစဉ်ကို လိုက်နာလုပ်ဆောင်လေ့မရှိပေ။ သို့သော် လက်ရှိအချိန်တွင် NLD အစွန်းရောက်များသည် တောတွင်းဝါဒအတိုင်း ၎င်းတို့ကို မထောက်ခံသူများ၊ အေးချမ်းစွာနေထိုင်

*စာမျက်နှာ ၇ သို့*

**"မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သော်လည်း တိုင်းရင်းသားအချို့သည် နယ်ချဲ့ကိုလိုနီတို့၏ ဝါဒမှိုင်းမိခဲ့ကြသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအကြား စိတ်ဝမ်းကွဲပြီး တစ်ဦးနှင့်တစ်ဦး သံသယဝင်ကာ လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြသည်။ အချို့သော တိုင်းရင်းသားများသည် လက်ရှိအချိန်အထိ လက်နက်စွဲကိုင်နေဆဲပင်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံသော ငြိမ်းချမ်းရေးကို အပြည့်အဝတည်ဆောက်နိုင်ခြင်းမရှိသေးဘဲ အချို့သောဒေသများတွင် သေနတ်သံများ ကြားနေရဆဲပင်ဖြစ်သည်။ စစ်ညောင်းကြာရှည် မြန်မာပြည်ဖြစ်နေသည်။ ဝမ်းနည်းဖွယ်ရာ ပင်ဖြစ်သည်"**

# (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတက္ကသိုလ်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်



**ပဲခူး ဒီဇင်ဘာ ၂၅**

ပဲခူးတက္ကသိုလ် ဝင်းအတွင်း၌ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။

အဆိုပါသန့်ရှင်းရေး ပြုလုပ်ရာသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော် မြတ်ကြီးအား သွားရောက်ဖူးမြော်ကန်တော့ပြီး ရင်ပြင်ပတ်လည် ကျောက်ပြား ပြန်လည်ခင်းနေမှုနှင့် ဘက်စုံ ပြုပြင်မွမ်းမံနေမှုတို့အား ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မရမ်းကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ယနေ့နံနက် ၉ နာရီမှစ၍ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများ ပျော်ရွှင်စွာကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများတွင် (ထက်လယ်မူ) ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ မုန့်ကိုက်၊ ထုပ်ဆီးတိုး၊ အာလူးကောက်၊(မီတာ၅၀)အပြေးပြိုင်ပွဲကျင်းပခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယ၊နှစ်သိမ့်ဆု နှစ်ဆု ရွေးချယ်ကာ ဆုများချီးမြှင့်ခြင်းနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများကိုလည်း မုန့်များ ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ပဲခူးမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပမည်

**ပဲခူး ဒီဇင်ဘာ ၂၅**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ ကြီးမှူး၍ ပဲခူးမြို့တွင် အားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အားကစားပြိုင်ပွဲတွင် မာရသွန်အပြေးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်သည်။

အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီး အားကစားခန်းမအတွင်းနှင့် ခန်းမရှေ့တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် ကစားလိုသူများအနေဖြင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနသို့ လာရောက်စာရင်းပေးသွင်းနိုင်ပြီး အားကစားပြိုင်ပွဲများအား ၂၀၂၂ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

## (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးဆွေးနွေး

**စစ်တွေ ဒီဇင်ဘာ ၂၅**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အစည်းအဝေးတွင် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက လွတ်လပ်ရေးနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်ချက်နှင့်အညီ အခမ်းအနား တစ်ခုချင်းစီအလိုက် ဆောင်ရွက်ရမည့် စံလုပ်ငန်း လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန်၊ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ညွှန်ကြားချက်နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ညွှန်ကြားရေးမှူးက ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားမှုနှင့် ယခင်နှစ် အခမ်းအနားများတွင် ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်နေမှုနှင့် ယခင်နှစ် အခမ်းအနားများတွင် ဆောင်ရွက်ခဲ့သော အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ဥတ္တရသီရိ ဒီဇင်ဘာ ၂၅**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီက နေပြည်တော် ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအတွင်းရှိ ယာယီ ပိုက်ကျော်ခြင်းကွင်း၌ ကျင်းပသည်။



ဗိုလ်လုပွဲတွင် တပ်ကုန်း(၁) အသင်းနှင့် တပ်ကုန်း(၂)အသင်းတို့ (၃) ပွဲယှဉ်ပြိုင် ကစားရာ တပ်ကုန်း(၁)အသင်းက(၂)ပွဲနိုင်၍ ဗိုလ်စွဲသွားခဲ့သည်။ ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆုရရှိသူများအား ဥတ္တရခရိုင်၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သန်းလင်း၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် ဥတ္တရခရိုင် ကိုယ်စားပြု နှစ်သင်း၊ တပ်ကုန်းမြို့နယ် ကိုယ်စားပြု နှစ်သင်း၊ ပုဗ္ဗသီရိမြို့နယ် ကိုယ်စားပြု တစ်သင်း၊ ဇေယျာသီရိမြို့နယ် ကိုယ်စားပြု တစ်သင်း၊ စုစုပေါင်း ခြောက်သင်းအား အုပ်စု နှစ်ခုခွဲ၍ ပတ်လည်ပါဝင်ယှဉ် ပြိုင်ခဲ့ကြပြီး ပထမဆု ငွေကျပ် ၂၀၀၀၀၀ ၊ ဒုတိယဆု ငွေကျပ် ၁၅၀၀၀၀၊ တတိယဆု ငွေကျပ် ၁၀၀၀၀၀နှင့် အထူးဆု ငွေကျပ် ၂၀၀၀၀ တို့အား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

လုပ်ကိုင်စားသောက်လိုသော ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ်နေခြင်း၊ တိုင်းပြည်အလုံးစုံ ပျက်စီးရေးကို ဦးတည်စေသည့် အဖျက်အမှောင့် လုပ်ငန်းများကို ကမ်းကုန်အောင်လုပ်ဆောင်နေခြင်းသည် ဒီမိုကရေစီအလေ့အထနှင့် လုံးလုံးလျားလျား ဆန့်ကျင်လျက်ရှိပေသည်။ ထို့ကြောင့် ပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့်သာ ချေမှုန်းတိုက်ခိုက်သွားမည်ဆိုလျှင် တရားဥပဒေမဲ့ လုပ်ဆောင်နေသော အဖျက်သမားများ၏ အန္တရာယ်ကို ကျော်လွှားနိုင်မည်ဖြစ်ပေသည်။

### လွတ်လပ်ရေးအမွေ အဓွန့်ရှည်တည်တံ့စေလို

မြန်မာနိုင်ငံတော်သည် တိုင်းတစ်ပါးတို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာ ပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင်(၇၄)နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။ ကျောင်းသားခေါင်းဆောင်ဘဝမှသည် တပ်မတော်ကိုစတင်ဖွဲ့စည်းတည်ထောင်ကာ တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်စွန့်လွှတ်သွားသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်မှု စွမ်းပကားများကြောင့် လွတ်လပ်ရေးကြီး ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ ထိုလွတ်လပ်ရေးကြီး ကမ္ဘာတည်သရွေ့ ထာဝစဉ် တည်တံ့ခိုင်မြဲနေစေရန်နှင့် ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။

ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည် တိုင်းပြည်လွတ်လပ်ရေးရရှိရေးအတွက် အသက်၊ သွေး ချွေး၊ အချိန်နှင့် ငွေကြေးများစွာပေးဆပ်ခဲ့ရသည်။ ထိုသို့ များစွာပေးဆပ်ခဲ့ရသည့် လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်ရန်မှာ ပဓာနကျသော အချက်ပင်ဖြစ်သည်။ တိုင်းတစ်ပါး၏ ဖိနှိပ်အုပ်ချုပ်မှု၊ မလွတ်လပ်မှုအောက်တွင် နေထိုင်ရသည့် ခါးသီးသော အတွေ့အကြုံမျိုး မရှိခဲ့ဖူးသူများသည် လွတ်လပ်ရေး၏ တန်ဖိုးအနှစ်သာရကို လျစ်လျူရှုမေ့လျော့နေတတ်ကြသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးသည် တန်ဖိုးမဖြတ်နိုင်သော လွတ်လပ်ရေးအမွေ အဓွန့်ရှည်တည်တံ့နေစေရန်အတွက် အသက်ပေးကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားမည်ဆိုသော ခိုင်မာသည့် သန္နိဋ္ဌာန်ချမှတ်ထားရန် လိုအပ်ပါကြောင်း (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြု ရေးသားတင်ပြအပ်ပါသည်။ ။

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ဘရာဇီးနိုင်ငံ)

ဆုဝေ

*(ယမန်နေ့မှ အဆက်)*

**မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ မဲပေးခြင်း**

အသက် ၁၈ နှစ်မှ ၇၀ နှစ် အထိသည် မဲပေးရမည့် အသက်အဖြစ် သတ်မှတ်ထားသည်။ အသက် ၁၆ နှစ်နှင့် ၇၀ နှစ်အထက် နိုင်ငံသားများသည် မိမိဆန္ဒအရ မဲပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံခြားသို့ ရောက်ရှိနေသည့် ဘရာဇီးလူမျိုးမဲဆန္ဒရှင်များသည် သမ္မတရွေးကောက်ပွဲအတွက်သာလျှင် မဲပေးနိုင်သည်။ ဘရာဇီးနိုင်ငံသားမဟုတ်သည့် နိုင်ငံခြားသားများ၊ ရှူးသွပ်နေသူ၊ ထောင်ဒဏ်ကျခံနေရသူများသည် မဲပေး၍ မရပါ။ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းနှင့် မဲဆန္ဒနယ်ရွှေ့ပြောင်းခြင်းကို ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း ၁၅၀ ထိသာ လက်ခံနိုင်သည်။ မဲဆန္ဒရှင်များမှတ်ပုံတင်ရာတွင် မဲဆန္ဒရှင်သက်သေခံကတ် ( Votre ID ) ကို ပြန်လည်ထုတ်ပေးရမည်။ မဲပေးရာတွင် နိုင်ငံသားကတ်အပြင် မဲဆန္ဒရှင်သက်သေခံကတ် ( Votre ID ) ပါ ပါရှိရမည်ဖြစ်သည်။ ဥပဒေအရ မဖြစ်မနေမဲပေးရသည်။ ရွေးကောက်ပွဲသုံးခု ဆက်တိုက်မဲမပေးပါက ရရှိထားသော မဲဆန္ဒရှင်သက်သေခံကတ် (Votre ID) ပျက်ပြယ်သည်။ မဲဆန္ဒရှင်သက်သေခံကတ် (Votre ID) မရှိပါက Passport မရပါ။ အစိုးရဌာနများတွင် အလုပ်မလုပ်နိုင်ပါ။ အစိုးရချေးငွေ မရနိုင်သည့်အပြင် ရွေးကောက်ပွဲတရားရုံးများတွင် အမှုဖြေရှင်း မပြီးမချင်း ဥပဒေအရ အချို့သောအရာများတွင် ကန့်သတ်မှုရှိသည်။ အနည်းဆုံးရွေးကောက်ပွဲနှစ်ခုတွင် မဲပေးပြီးမှသာ ကန့်သတ်ချက်များ ကင်းလွတ်နိုင်သည်။ မဖြစ်မနေ မဲပေးရသောစနစ်ကြောင့် တစ်နိုင်ငံလုံးမှမဲပေးရပြီး မဲအများဆုံးရရှိသူက အနိုင်ရရှိမည်ဖြစ်သောကြောင့် မျှတပြီးစစ်မှန်သော ရွေးကောက်ပွဲဖြစ်သည်။ မဖြစ်မနေမဲပေးရသည့်စနစ်ကို ဘယ်လ်ဂျီယံနိုင်ငံ၌ ၁၈၉၂ ခုနှစ်တွင် စတင်ခဲ့ပြီး အာဂျင်တီးနားနိုင်ငံ၌ ၁၉၁၄ ခုနှစ်၊ ဩစတြေးလျနိုင်ငံ၌ ၁၉၂၄ ခုနှစ်တွင် ထိုစနစ်ကို ကျင့်သုံးခဲ့သည်။ ဗင်နီဇွဲလားနှင့် နယ်သာလန်နိုင်ငံတို့သည် မဖြစ်မနေမဲပေးခြင်းစနစ်ကို တစ်ကြိမ်သာ ကျင့်သုံးခဲ့ပြီးနောက် ထိုစနစ်ကို ပယ်ဖျက်ခဲ့သည်။ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးသည် လူ့အခွင့်အရေးတွင် ပါဝင်သော နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်ဖြစ်သည်။

**မဲရုံများ**

မဲရုံရှိ မဲရုံလက်ခံကောင်တာတွင် တာဝန်ထမ်းဆောင်မည့် ကြီးကြပ်သူအား ခန့်ထားပြီး ထိုသို့ခန့်အပ်ထားသူကို မကျေနပ်ပါက ငါးရက်အတွင်း ရွေးကောက်ပွဲတရားသူကြီး (Electoral Judge) ထံ အယူခံဝင်ရသည်။ တိုင်ကြားချက်အား ၄၈ နာရီအတွင်း အမိန့်ချရမည်။ ပြည်နယ်ရွေးကောက်ပွဲတရားရုံးထံ သုံးရက်အတွင်း အယူခံနိုင်သည်။ အသက် ၁၈ နှစ်အောက်ကို မဲရုံလက်ခံကောင်တာ ကြီးကြပ်သူအဖြစ် ခန့်အပ်၍မရပါ။ မဲရုံတစ်ရုံ၏ မဲစာရင်းတွင် ပါဝင်သူသာလျှင် အဆိုပါမဲရုံတွင် မဲပေးနိုင်သည်။






ဘရာဇီးနိုင်ငံ၏ အီလက်ထရွန်နစ်မဲပေးခြင်း (Electronic Voting)။

**အီလက်ထရွန်နစ်မဲပေးခြင်းစနစ် (Electronic Voting)**

၁၉၈၆ ခုနှစ်တွင် အီလက်ထရွန်နစ်မဲပေးခြင်းစနစ် (Electronic Voting) စနစ်ကို စတင်မိတ်ဆက်ခဲ့သည်။ မဲပေးသူ သန်း ၇၀ နီးပါး မဲပေးခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ဗဟိုကွန်ပျူတာစနစ်ဖြင့် မဲရေတွက်ခြင်းစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် အီလက်ထရွန်နစ်မဲပုံးစနစ် (Electronic Ballot Box) စတင်ရန် ရှေ့ပြေးပုံစံပရိုဂရမ်များ၊ နည်းစနစ်များကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ ၁၉၉၆ ခုနှစ်တွင် အီလက်ထရွန်နစ်မဲပုံးစနစ် (Electronic Ballot Box) ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ် မြူနီစီပယ်ရွေးကောက်ပွဲတွင် အီလက်ထရွန်နစ်မဲပုံး (Electronic Ballot Box) ဖြင့် ရီယိုဒီဂျနေရိုး မြို့တော်အပါအဝင် မြို့ကြီး ၅၇ မြို့တွင် မဲဆန္ဒရှင် နှစ်သိန်းနီးပါး မဲပေးခဲ့သည်။ ၁၉၉၈ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် သုံးပုံနှစ်ပုံနီးပါး အီလက်ထရွန်နစ်စနစ်ဖြင့် မဲပေးခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် အီလက်ထရွန်နစ်မဲပေးခြင်းစနစ်တစ်ခုလုံးကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထို့နောက် ၂၀၀၂၊ ၂၀၀၄၊ ၂၀၀၆ ရွေးကောက်ပွဲများတွင်လည်း အဆိုပါစနစ်ဖြင့် ကျင်းပခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ကျင်းပသော အီလက်ထရွန်နစ်မဲပေးခြင်းစနစ် (Electronic Voting) ကို ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲသည် မဲပေးသူအများဆုံး ရွေးကောက်ပွဲတစ်ခုဖြစ်သည်။ မဲပေးသူ ၁၂၅ သန်း မဲပေးခဲ့သည်။ အီလက်ထရွန်နစ်မဲရုံ (Electronic Polling Station) ကို မြူနီစီပယ်ရွေးကောက်ပွဲ ပထမအကြိမ်တွင် အသုံးပြုခဲ့သည်။ မဲရုံပိတ်ပြီး နာရီအနည်းငယ်အတွင်း မဲရလဒ်ကို သိရသည်။ အီလက်ထရွန်နစ်မဲပေးခြင်း စနစ်သည် မြန်ဆန်ပြီး မှန်ကန်သော စနစ်တစ်ခုဖြစ်သည်။ လုံခြုံမှုရှိပြီး ပွင့်လင်းမြင်သာသည်။ ရွေးကောက်ပွဲနှင့် ပတ်သက်သမျှကို ပါတီများ၊ အဖွဲ့အစည်းများ၊ နိုင်ငံသားများက စောင့်ကြည့်လေ့လာနိုင်သည်။ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်စာရင်း၊ ကိုယ်ရေးအချက်အလက်များနှင့် ပုံများကို စက်တွင် ဖော်ပြထားသည်။ ဆိုက်ဘာတိုက်ခိုက်မှု (Cyber Attack) သည် သံသယဖြစ်ဖွယ်ရာဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဘရာဇီးနိုင်ငံ မြူနီစီပယ်ရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲဆိုင်ရာ၏ စီမံခန့်ခွဲရေးအဖွဲ့ (Electoral Management Bodies-EMBs) ၏ Website ကို တိုက်ခိုက်ခံခဲ့ရသည်။ ပထမအကြိမ်တိုက်ခိုက်မှုသည် မအောင်မြင်ခဲ့ဘဲ ဒုတိယအကြိမ်တိုက်ခိုက်မှုတွင် ဝန်ထမ်းလစာအချက်အလက်များ ပေါက်ကြားခဲ့သည်။ သို့သော် ထိုတိုက်ခိုက်မှုများသည် မဲပေးခြင်း၊ မဲရေတွက်ခြင်းတွင် ထိခိုက်မှုမရှိခဲ့ပါ။ ဘရာဇီးနိုင်ငံ၏ မဲဆန္ဒရှင်သက်သေခံကတ်သည် လက်ဗွေစနစ်အပြင် မိုဘိုင်းဖုန်းများတွင် သုံးသော application (Digital Version E-titulo) စနစ်ပါဝင်သည်။ ယခင်က ပြည်နယ်ရွေးကောက်ပွဲတရားရုံးတစ်ခုစီသည် ရွေးကောက်ပွဲရလဒ်များကို စုစည်းပြီး ရွေးကောက်ပွဲဆိုင်ရာ တရားရုံးချုပ်ထံသို့ ပေးပို့ရသည်။ ၂၀၂၀ ပြည့်နှစ် ဘရာဇီးနိုင်ငံ မြူနီစီပယ် ရွေးကောက်ပွဲတွင် ပထမအကြိမ်အဖြစ် ရွေးကောက်ပွဲရလဒ်များကို ကွန်ပျူတာမှတစ်ဆင့် ရေတွက်ခဲ့သည်။ မဲပေးပုံနှင့်ပတ်သက်၍ စက်တွင် ပေါ်နေသော အမည် (သို့မဟုတ်) ပါတီအမည်ကို နှိပ်၍ ပေးရမည်။ အချိုးကျကိုယ်စားပြုစနစ် (Proportional representation System-PR) ဖြင့် မဲပေးရသော ရွေးကောက်ပွဲတွင် ပါတီကိုသာ မဲပေးရမည်ဖြစ်သည်။ အချိုးကျကိုယ်စားပြုစနစ် (Proportional representation System-PR ) ကို မဲပေးပြီးမှ Majority စနစ် ရွေးကောက်ပွဲကို မဲပေးရမည်ဖြစ်သည်။ မဲပေးပြီးသည့်နောက်အီလက်ထရွန်နစ်မဲတစ်ခုစီကို ဒစ်ဂျစ်တယ်မှတ်ပုံတင်ခြင်းစနစ်ဖြင့် လက်ခံပြီး ဒစ်ဂျစ်တယ်စနစ်ဖြင့် ကွန်ပျူတာပေါ်တွင် လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ မဲဆန္ဒရှင်အမည်စာရင်းကို မှတ်တမ်းတင်ထားသည်။ ရွေးကောက်ပွဲပြီးသည့်နောက် အီလက်ထရွန်နစ်မဲပုံး (Electronic Ballot Box) များတွင် မဲပေးထားသောဖိုင်များကို ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်ပုံတင်ပြီး မဲအစားထိုးမှု မရှိစေရန် သိမ်းဆည်းသည့်အချိန်ကို မှတ်ပုံတင်ထားရမည်။ မဲတစ်ခုစီသည် လျှို့ဝှက်၍ လုံခြုံမှုရှိသည်။

**ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေးစနစ်**

ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေးစနစ်တွင် ရွေးကောက်ပွဲဆိုင်ရာတရားရုံးချုပ် (The Superior Electoral Court-TSE)၊ ပြည်နယ်နှင့် ဖက်ဒရယ်ခရိုင်တစ်ခုစီတွင် ပြည်နယ်ရွေးကောက်ပွဲတရားရုံး (The Regional Electoral court-TRE) ရှိပြီး ရွေးကောက်ပွဲဘုတ်အဖွဲ့ (Electoral Boards) များ ဖွဲ့စည်းထား၍ ရွေးကောက်ပွဲတရားသူကြီးများ (Electoral Judge) က အငြင်းပွားမှုများကို ဆုံးဖြတ်သည်။ **ရွေးကောက်ပွဲဆိုင်ရာ တရားရုံးချုပ်**တွင် ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တရားသူကြီး သုံးဦး၊ အထက်တရားရုံးမှ တရားသူကြီး နှစ်ဦး၊ သမ္မတမှ အမည်စာရင်း တင်သွင်းပြီး ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထောက်ခံသော ဥပဒေကျွမ်းကျင်၍ ရွေးကောက်ပွဲတွင် အတွေ့အကြုံရှိသည့် နိုင်ငံသား နှစ်ဦး စုစုပေါင်း တရားသူကြီး ခုနစ်ဦး ပါဝင်သည်။ ရွေးကောက်ပွဲဆိုင်ရာတရားရုံးချုပ်တရားသူကြီးများကို ဝန်ကြီးဟု သုံးစွဲသည်။ ပြည်နယ်ရွေးကောက်ပွဲတရားရုံးများမှ တင်သွင်းသောအမှုများကို အယူခံတရားရုံးအဖြစ် ဆောင်ရွက်သည်။ ရွေးကောက်ပွဲဆိုင်ရာ တရားရုံးချုပ်သည် ရွေးကောက်ပွဲဆိုင်ရာ အမြင့်ဆုံးတရားရုံးဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေများဖြင့် ဖွဲ့စည်းထားသည်။ **ပြည်နယ်ရွေးကောက်ပွဲတရားရုံး** သည် ဒုတိယအမြင့်ဆုံး ရွေးကောက်ပွဲတရားရုံးဖြစ်ပြီး မြို့နယ်တိုင်းတွင်ရှိသည်။ ပြည်နယ်အဆင့်တရားရုံးမှ အယူခံတရားသူကြီး နှစ်ဦး၊ အောက်တရားရုံးမှ တရားသူကြီး နှစ်ဦး၊ ဖက်ဒရယ်အောက်တရားရုံးမှ တရားသူကြီး တစ်ဦး၊ သမ္မတမှ အမည်စာရင်းတင်သွင်းပြီး ပြည်နယ်တရားရုံးမှ ထောက်ခံသော ဥပဒေကျွမ်းကျင်၍ ရွေးကောက်ပွဲတွင် အတွေ့အကြုံရှိသည့် နိုင်ငံသား နှစ်ဦး စုစုပေါင်း တရားသူကြီး ခုနစ်ဦးပါဝင်သည်။ ပြည်နယ်ရွေးကောက်ပွဲတရားရုံးသည် မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများကို မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ၊ စီမံခန့်ခွဲခြင်းများကို ဆောင်ရွက်ရသည်။ **ရွေးကောက်ပွဲဘုတ်အဖွဲ့ (Electoral Boards)** သည် ရွေးကောက်ပွဲဆိုင်ရာ အထူးအဖွဲ့ဖြစ်သည်။ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကန့်သတ်ထားသော ပြစ်ဒဏ်များချမှတ်ရန် သီးသန့်ဖွဲ့စည်းထားသည်။ ရွေးကောက်ပွဲမတိုင်မီ ရက် ၆၀ အလိုတွင် ပြည်နယ်ရွေးကောက်ပွဲတရားရုံးမှ တရားသူကြီး တစ်ဦး၊ ဥပဒေ ကျွမ်းကျင်သော နိုင်ငံသားနှစ်ဦးမှ လေးဦးအထိဖြင့် ဖွဲ့စည်းထားသည်။ **ရွေးကောက်ပွဲတရားသူကြီးများ (Electoral Judges)** ကို ပြည်နယ်ရွေးကောက်ပွဲတရားရုံး၏ တရားသူကြီးများမှ ရွေးချယ်သည်။ မိမိပြည်နယ်၏ ရွေးကောက်ပွဲနယ်မြေအတွင်းရှိ ရွေးကောက်ပွဲလုပ်ငန်းများတွင်သာ ဆောင်ရွက်နိုင်သည်။ ရွေးကောက်ပွဲဆိုင်ရာတရားရုံးချုပ်၊ ပြည်နယ်ရွေးကောက်ပွဲ တရားရုံးမှ တရားသူကြီးများသည် အမြဲတမ်းအတွင်းဝန်များဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေးစနစ်တွင် တာဝန်ထမ်းဆောင်ရသော တရားသူကြီးများသည်

*စာမျက်နှာ ၉ သို့*

ဥပဒေအရ မဖြစ်မနေ မဲပေးရသည်။ ရွေးကောက်ပွဲသုံးခု ဆက်တိုက်မဲမပေးပါက ရရှိထားသော မဲဆန္ဒရှင်သက်သေခံကတ် (Votre ID) ပျက်ပြယ်သည်။ မဲဆန္ဒရှင်သက်သေခံကတ် (Votre ID) မရှိပါက Passport မရပါ။ အစိုးရဌာနများတွင် အလုပ်မလုပ်နိုင်ပါ။ အစိုးရချေးငွေမရနိုင်သည့်အပြင် ရွေးကောက်ပွဲတရားရုံးများတွင် အမှုဖြေရှင်း မပြီးမချင်း ဥပဒေအရ အချို့သောအရာများတွင် ကန့်သတ်မှုရှိသည်။ အနည်းဆုံးရွေးကောက်ပွဲနှစ်ခုတွင် မဲပေးပြီးမှသာ ကန့်သတ်ချက်များ ကင်းလွတ်နိုင်သည်။ မဖြစ်မနေ မဲပေးရသောစနစ်ကြောင့် တစ်နိုင်ငံလုံးမှမဲပေးရပြီး မဲအများဆုံးရရှိသူက အနိုင်ရရှိမည်ဖြစ်သောကြောင့် မျှတပြီးစစ်မှန်သော ရွေးကောက်ပွဲဖြစ်သည်

## အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင် အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူလျက် မိမိတို့၏တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေး အလို့ငှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်မှဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ရောက်ရှိ သိမ်းဆည်းထားခြင်းများရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးဝင်းမြင့် ပုသိမ်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး



**ပုသိမ် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးဝင်းမြင့်သည် ရုံးအဖွဲ့မှူး ဦးကျော်စိုးညွန့်၊ ပုသိမ်ခရိုင်တရားသူကြီး ဒေါ်ထွေးထွေးတို့နှင့်အတူ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပုသိမ်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာ ပုသိမ်အကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများနေထိုင်သည့် အဆောင်များနှင့် စားဖိုဆောင်၊ ဆေးပေးခန်း၊ စာကြည့်တိုက်တို့သို့ လှည့်လည်ကြည့်ရှုကာ ၎င်းတို့အား ဥပဒေပါ အခွင့်အရေးများရရှိခွင့် ရှိ/ မရှိ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ/ မရှိ အစာအာဟာရ သင့်တင့်မျှတမှု ရှိ/မရှိ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကြားပေးမှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင်ရှိ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

မူလတရားစီရင်ရေးတာဝန်များကိုလည်း ထမ်းဆောင်ရမည်ဖြစ်သည်။ ရွေးချယ်ခန့်အပ်ထားသော အရပ်သားများသည် မိမိအသက်မွေးတာဝန်များကို မူလအတိုင်း ဆက်လုပ်နိုင်သည်။ ရွေးကောက်ပွဲအတွင်းသာ တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေးအဖွဲ့ဝင်များသည် နှစ်နှစ်သက်တမ်းရှိပြီး နောက်ထပ်နှစ်နှစ်ထပ်မံသက်တမ်းတိုးနိုင်သည်။ အနည်းဆုံး ဥပဒေဘွဲ့ရရှိရမည်ဖြစ်ပြီး ဥပဒေလုပ်ငန်းအတွေ့အကြုံရှိရမည်ဖြစ်သည်။ တရားသူကြီးများ၊ တရားရေးအဖွဲ့ဝင်များသည် လွတ်လပ်၍ ပါတီနိုင်ငံရေးကင်းရှင်းရမည်။ ရွေးကောက်ပွဲတရားစီရင်ရေးစနစ်သည် ပြည်သူများ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ကျားမတန်းတူခွင့်၊ လွတ်လပ်စွာသတင်းယူခွင့်စသည်ဖြင့် အခြေခံလွတ်လပ်ခွင့်များကို ရပိုင်ခွင့်ရှိသည်။ မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ ပါဝင်သော မြူနီစီပယ်ရွေးကောက်ပွဲတွင် ပြည်နယ်ရွေးကောက်ပွဲတရားရုံးမှ တရားသူကြီး တစ်ဦးခန့်ထားသည်။ ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားချက်ကို လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် ရွေးကောက်ပွဲတရားရုံးသည် တရားပြိုင် သို့မဟုတ် တိုင်ကြားခံရသူကို ၄၈ နာရီအတွင်း ခုခံရန် အကြောင်းကြားရမည်။ အကြောင်းကြား ချက်ကို လက်ခံရရှိပြီးနောက် ၂၄ နာရီအတွင်း အယူခံရမည်ဖြစ်ပြီး ၄၈ နာရီအတွင်း ဆုံးဖြတ်ပေးရ မည်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာတရားရုံးများသည် ဒီမိုကရေစီဖော်ဆောင်ရာတွင် အခြေခံအကျ ဆုံးဖြစ်သည်။

**ကိုဗစ်-၁၉ နှင့် ဘရာဇီးနိုင်ငံ ၂၀၂၀ ပြည့်နှစ် မြူနီစီပယ်ရွေးကောက်ပွဲ**

မြို့တော်ဝန်၊ ဒုမြို့တော်ဝန်၊ မြို့တော်ကောင်စီဝင်ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်မှ နိုဝင်ဘာလ ၂၉ ရက်အထိ ကျင်းပခဲ့သည်။ မူလက အောက်တိုဘာလ ၄ ရက်တွင် ကျင်းပရန် သတ်မှတ်ထားသော်လည်း ကိုဗစ်ကြောင့် ရက်ရွှေ့ခဲ့ရသည်။ ရောဂါပိုးပျံ့နှံ့မှုများပြားနေသောကာလဖြစ်သော်လည်း ကွန်ပျူတာစနစ်ဖြင့် မဲပေးရသောနိုင်ငံဖြစ်သည်။ အခြားနိုင်ငံများနည်းတူ စာတိုက်မှ ကြိုတင်မဲပေးခြင်း၊ ကာလတိုအတွင်း အထူးမဲပေးခြင်းတို့ မပြုလုပ်နိုင်ပါ။ ၂၀၂၀ မြူနီစီပယ်ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် ၈၀ ရာခိုင်နှုန်းကျော် မဲပေးခဲ့ကြသည်။ Social distancing သတ်မှတ်ချက်များကြောင့် မဲဆန္ဒရှင် မှတ်ပုံတင်ခြင်းကို အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ရသည်။ ၂၀၂၀ ပြည့်နှစ် မြူနီစီပယ်ရွေးကောက်ပွဲတွင် မိုဘိုင်းဖုန်းများတွင်သုံးသော application (Digital Version E-titulo) ကို သုံး၍ မဲပေးခြင်းဖြင့် လူစုလူဝေးကို လျှော့ချနိုင်သည်။ ပထမအကြိမ်မဲပေးခြင်းတွင် ထို application ကို မသုံးနိုင်ဘဲ ဒုတိယအကြိမ် မဲပေးခြင်းတွင်မှ သုံးစွဲနိုင်ခဲ့သည်။ နည်းပညာကျွမ်းကျင်သူများက လက်ဗွေစကင်ဖတ်သည့် မှန်ဘီလူးများသည် တစ်ကြိမ်အသုံးပြုပြီးနောက် ပိုးပြန်သတ်ပြီးမှသာ အသုံးပြုသင့်ကြောင်း အကြံပြုခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဘရာဇီးနိုင်ငံမြူနီစီပယ် ရွေးကောက်ပွဲကို အောက်ဖော်ပြပါအထူးအချက်များဖြင့် ကျင်းပခဲ့သည်-

(၁) မဲရုံများကို သတ်မှတ်ချိန်ထက် ၁ နာရီ စောဖွင့်ခြင်း၊
(၂) မဲဆန္ဒရှင်များ၊ မဲရုံဝန်ထမ်းများကို လက်သန့်ဆေးစီစဉ်ပေးခြင်း၊
(၃) မဲပေးသည့်ပစ္စည်းများ ပိုးသတ်ခြင်း၊
(၄) မဲရုံဝန်ထမ်းများ၏ Mask များကို ၄ နာရီခြားတစ်ကြိမ် လဲလှယ်ပေးခြင်း၊
(၅) Mask အပြည့်အစုံတပ်ဆင်ပြီး အနည်းဆုံး တစ်မီတာအကွာတွင်နေ၍ လက်ပိုးသတ်ခြင်း၊
(၆) Social distancing လုပ်ရန် သတိပေးကြေညာခြင်း၊
(၇) တီဗွီ၊ အင်တာနက်များမှတစ်ဆင့် Mask တပ်ရန်၊ ကိုဗစ်စည်းမျဉ်းနှင့်အညီ မဲပေးရန်၊ ကိုဗစ် သံသယလူနာများ မိမိနေအိမ်တွင်သာ နေထိုင်ရန် တိုက်တွန်းခဲ့ခြင်း။

၂၀၂၀ ပြည့်နှစ် မြူနီစီပယ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ နှစ်ဖွဲ့ရှိခဲ့သည်။ The Organization of American State (OAS) နှင့် ပြည်တွင်းမှ အစိုးရမဟုတ်သောအဖွဲ့ Transparencia Eleitoral Brasil ( Election Transparency Brazil) တို့ဖြစ်သည်။

**နိဂုံး**

ဘရာဇီးနိုင်ငံ ရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးပါတီဥပဒေနှင့် ပြဋ္ဌာန်းထားသော ဥပဒေများဖြင့် ကျင်းပသည်။ သမ္မတ၊ လွှတ်တော် နှစ်ရပ် (အထက်လွှတ်တော်နှင့် အောက်လွှတ်တော်)၊ အစိုးရအဖွဲ့၊ ပြည်နယ်/ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြူနီစီပယ်အုပ်ချုပ်ရေးမှူးများ (မြို့တော်ဝန်၊ ဒုမြို့တော်ဝန်၊ မြို့တော်ကောင်စီဝင်များ)ကို လေးနှစ်တစ်ကြိမ် ရွေးကောက်ပွဲများ ကျင်းပ၍ ရွေးချယ်သည်။ သမ္မတကို လေးနှစ်တစ်ကြိမ် မဲအများစုကိုယ်စားပြုစနစ် (Absolute majority system )၊ အထက်လွှတ်တော်ကို မဲအများစုကိုယ်စားပြုမဲများသူ အနိုင်ယူစနစ် (Plurality Fast-Past The Post-System)၊ အောက်လွှတ်တော်ကို စာရင်းဖွင့်အချိုးကျကိုယ်စားပြုစနစ် ( Open List proportional representation System)၊ ပြည်နယ်/ ခရိုင်အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲကို မဲအများစု အသာစီးရသည့်စနစ် (Plurality System)၊ မြူနီစီပယ်အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲ(မြို့တော်ဝန်၊ ဒုမြို့တော်ဝန်၊ မြို့တော်ကောင်စီဝင်များ ) ကို စာရင်းဖွင့်အချိုးကျကိုယ်စားပြုစနစ် (Open List proportional representation System) ဖြင့် ရွေးကောက်တင်မြှောက်သည်။ ပါတီများသည် ဥပဒေနှင့်အညီ မှတ်ပုံတင်၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ပါတီစုံစနစ်ဖြစ်သည်။ ပါတီမှသုံးစွဲသည့် ငွေကြေးများကို ရွေးကောက်ပွဲတရားရုံးသို့ တင်ပြပြီး အများပြည်သူ သိရှိစေရန် ကြေညာရမည်။ ဘရာဇီးနိုင်ငံ၏ ရွေးကောက်ပွဲများကို ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (Electoral Management Bodies-EMBs) က ဆောင်ရွက်သည်။ ရွေးကောက်ပွဲဥပဒေတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ မဲပေးခြင်းစသည့် ရွေးကောက်ပွဲလုပ်ငန်းများကို ပြဋ္ဌာန်းထားသည်။ ဘရာဇီးနိုင်ငံတွင် အီလက်ထရွန်နစ်မဲပေးခြင်းစနစ် (Electronic Voting) ကို ကျင့်သုံးပြီး နိုင်ငံသားတိုင်း မဖြစ်မနေ မဲပေးကြရသည်။ မဲပေးရန် ပျက်ကွက်ပါက ဥပဒေအရ အရေးယူမှုများရှိသည်။ အီလက်ထရွန်နစ်မဲပေးခြင်းစနစ်၏ ကောင်းကျိုးများသည် နာရီအနည်းငယ်အတွင်း မဲရလဒ်ကို သိနိုင်ခြင်း၊ မြန်ဆန်ပြီး မှန်ကန်သော စနစ်တစ်ခုဖြစ်ခြင်း၊ လုံခြုံမှုရှိခြင်း၊ ပွင့်လင်းမြင်သာခြင်းတို့ဖြစ်သည်။ ဘရာဇီးနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေးစနစ်တွင် ရွေးကောက်ပွဲဆိုင်ရာ တရားရုံးချုပ်၊ ပြည်နယ်နှင့် ဖက်ဒရယ်ခရိုင်တစ်ခုစီတွင်ရှိသော ပြည်နယ်ရွေးကောက်ပွဲတရားရုံးများ၊ ရွေးကောက်ပွဲဘုတ်အဖွဲ့များ၊ ရွေးကောက်ပွဲတရားသူကြီးများဖြင့် ဖွဲ့စည်းထားသည်။ ဘရာဇီးနိုင်ငံ၏ နောက်ဆုံးကျင်းပခဲ့သော ရွေးကောက်ပွဲမှာ မြို့တော်ဝန်၊ ဒုမြို့တော်ဝန်၊ မြို့တော်ကောင်စီဝင်ရွေးချယ်သော မြူနီစီပယ်ရွေးကောက်ပွဲဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မြူနီစီပယ် ရွေးကောက်ပွဲ၌ မိုဘိုင်းဖုန်းများတွင် သုံးသော application (Digital Version E-titulo) ကိုသုံး၍ မဲပေးခြင်းဖြင့် လူစုလူဝေးကို လျှော့ချနိုင်ခဲ့သည်။

**ကိုးကား**

1 Election Law , 1997.
2 Constitution of the Federative Republic of Brazil 3nd Edition.
3 Electoral Governance in Brazil- (Vitor Marchetti)
4 Building a Modern and Transparent Electoral System in Brazil-(Justice Gilmar Mendes)
5 Party institutionalization and Women's Representation in Democratic Brazil- (Kristin N.Wylie)
6 Courts and Policy Reforms in Democratic Brazil- (Matthew M.Taylor)
7 Covid-19 and the Brazilian 2020 Municipal Elections- (Gabriela Tarouco)

# ပွင့်ဖြူမြို့၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံးရေ ၁၂၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ရုံဖွင့်လှစ်



ပွင့်ဖြူ ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးသည့် အောက်ဆီဂျင်စက်ရုံဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက် စကားဝါလမ်းနှင့် အင်ကြင်းလမ်းထောင့်ရှိ အောက်ဆီဂျင်စက်ရုံဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တည်ဆောက်ပြီးစီးသည့် အောက်ဆီဂျင်စက်ရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အောက်ဆီဂျင်စက် Controller အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က အောက်ဆီဂျင်စက်ရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး(ဝဲပုံ) အောက်ဆီဂျင်ထုတ်လုပ်နေမှုများနှင့် ပတ်သက်ပြီး စနစ်တကျ ထုတ်လုပ်ဖြန့်ဖြူးရေး၊ စက်ရုံရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပွင့်ဖြူမြို့နယ်၌ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးသည့် အောက်ဆီဂျင်စက်ရုံမှာ 30Nm3/h အမျိုးအစားဖြစ်ပြီး စက်တန်ဖိုးအနေဖြင့် ငွေကျပ် သိန်း ၉၀၀ ကျော်ရှိကြောင်း၊ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံးရေ ၁၂၀ အထိ လည်ပတ်ထုတ်လုပ်နိုင်ကြောင်း ပွင့်ဖြူမြို့ အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဝမ်းထံမှ သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**



## ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်ပွဲများ ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ အရာရှိ၊ စစ်သည်၊ မိသားစုများက သတ်မှတ်နေရာများ၌ စုပေါင်းလမ်းလျှောက်ခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် စုရပ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ဘားအံ၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်

**ဘားအံ ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၆ နာရီခန့်က ဘားအံမြို့ သီရိလမ်း ဝန်ကြီးများအိမ်ရာရှေ့၌ စုရပ်ပြုလုပ်၍ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံတက္ကသိုလ်နှင့် ဘားအံပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူ၊ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် စုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများသည် စုရပ်ဖြစ်သော သီရိလမ်း ဝန်ကြီးများအိမ်ရာရှေ့မှ နန်းလုံးကြိုင်လမ်း၊ သုခမိန်လမ်း၊ဘားမဲတောင်သဘာဝဥယျာဉ်၊ အင်ကုန်းလမ်းမှတစ်ဆင့် သီရိလမ်းအတိုင်း ပျော်ရွှင်စွာ စုပေါင်း လမ်းလျှောက်ခဲ့ကြပြီး သီရိလမ်းမှတစ်ဆင့် သီရိကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြကာ အကြောလျှော့ လေ့ကျင့်ခန်းများဆောင်ရွက်၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အစီအစဉ် အတွဲအမှတ်(၁)နှင့် အမှတ်(၂)၊ Physical Fitness Dance တို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အဖွဲ့ ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲ စုပေါင်းဆင်နွှဲကြစဉ်။

အလားတူ အများပြည်သူ ကိုယ်လက် ကျန်းမာကြံ့ခိုင်ရေးအတွက် ဒီဇင်ဘာလ အားကစားလှုပ်ရှားမှုအနေဖြင့် အများပြည်သူဆိုင်ရာနေရာ ( Public Area ) များတွင် တစ်ဦးတစ်ယောက်ချင်း အလိုက်သော် လည်းကောင်း၊ မိသားစုအလိုက်သော် လည်းကောင်း၊ အစုအဖွဲ့များအလိုက်သော်လည်းကောင်း တစ်ကိုယ်ရေကိုယ်လက်လှုပ်ရှားမှု အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရပြီး ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းနေသော်လည်း ကာကွယ်၊ ထိန်းချုပ်သည့်အနေဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ အားကစားလှုပ်ရှားမှုများကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တင်သွင်းရာ ကုမ္ပဏီတစ်ခုမှ ယာဉ်တစ်စီးဖြင့် နှာခေါင်းစည်း (Mask) လေးတန် တင်သွင်းခဲ့သည်။

ဒီဇင်ဘာ ၁ ရက်မှ ၂၅ ရက်အတွင်း ကုမ္ပဏီ ၈၃ ခုမှ ယာဉ်စီးရေ ၁၉၀ ဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၃၀၄ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် နှစ်တန်၊ အောက်ဆီဂျင်အရည် Storage Container/ Tank နှစ်ခု၊ အောက်ဆီဂျင်အရည် Distributor နှစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၃၀၀၁ ခု၊ Oxygen Plant သုံးခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၅၈၁ ခု၊ Covid Test Kit ၁၉၅၇ ခု၊ PPE ဝတ်စုံ ၁၅၂၈၀၊ လက်အိတ် ၃၂ တန်နှင့် နှာခေါင်းစည်း (Mask) ၁၀၃၉ တန် တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ဒီဇင်ဘာ ၁ ရက်မှ ၂၅ ရက်အတွင်း ပြည်ပမှ တင်သွင်းသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်စုစုပေါင်း ၁၆ စီးမှာ ရန်ကုန်မြို့သို့ ၁၃ စီး၊ မန္တလေးမြို့သို့ နှစ်စီးနှင့် မုံရွာမြို့သို့ တစ်စီးဖြစ်ပြီး Oxygen Plant သုံးခုမှာ မန္တလေးမြို့ နှစ်ခုနှင့် မူဆယ်မြို့သို့ တစ်ခုဖြစ်ကြောင်း သိရသည်။

ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးတိုင်းဒေသကြီးတွင် GAP စနစ်ဖြင့် သီးနှံစိုက်ကေများ နှစ်စဉ်တိုးချဲ့ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီးတွင် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) စနစ်ဖြင့် သီးနှံစိုက်ကေများ နှစ်စဉ်တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ GAP စနစ်ကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ စတင်ပြီးတော့ နှမ်းသီးနှံနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်။ GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ နည်းပညာကို တောင်သူတွေထံ ကျွန်တော်တို့ဌာနက ပညာပေး အထောက်အကူပြုရတာ ဖြစ်ပါတယ်။ GAP စနစ်ရဲ့ အကျိုးကျေးဇူးကို တောင်သူတွေကိုယ်တိုင်က သိရှိတဲ့အတွက် လိုလိုလားလားနဲ့ စိုက်ပျိုးကြတယ်။ တောင်သူတွေကိုယ်တိုင် တိုးချဲ့စိုက်ပျိုးလိုတဲ့အတွက် GAP စနစ်နဲ့ သီးနှံစိုက်ကေတွေ တိုးတက်စိုက်ပျိုးလာနိုင်အောင် ကူညီပေးလျက်ရှိပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဆန်းက ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် GAP စနစ်ဖြင့် ၂၀၁၇ ခုနှစ်တွင် နှမ်းနက် ၃၇၀၆ ဧက ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် စိုက်ပျိုးသီးနှံ ၁၅၆၄၅ ဧကကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် စိုက်ပျိုးသီးနှံ ၇၀၄၆၇ ဒသမ ၅ ဧကကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် စိုက်ပျိုးသီးနှံ ၈၈၄၇၉ ဒသမ ၃ ဧကကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် စိုက်ပျိုးသီးနှံ ၇၁၆၈၉ ဒသမ ၁၅ ဧကကိုလည်းကောင်း စိုက်ပျိုးနိုင်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်းမှ တောင်သူများ၏ GAP စနစ် စိုက်ပျိုးသီးနှံများ ဈေးနှုန်း ထိုက်ထိုက်တန်တန် ရရှိရေးနှင့် ဈေးကွက်ရရှိရေးတို့အတွက် GAP စနစ် စိုက်ပျိုးသီးနှံများ ဈေးပြိုင်စနစ်ဖြင့် စုပေါင်းရောင်းချပွဲကို အခါအားလျော်စွာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ခုနှစ် စိုက်ပျိုးရာသီတွင် စပါး၊ ပဲမျိုးစုံ၊ ဆီထွက် သီးနှံအပါအဝင် အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှုအနေဖြင့် စိုက်ကေ စုစုပေါင်း ၃၇၀၅၃၇၂ ဧက ရှိပြီး ၂၀၀၈၅၆၅ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးတောင်သူများအတွက် သီးနှံအလိုက် စိုက်ပျိုးရေးဇုန်များ တည်ဆောက် ဆောင်ရွက်ပေးလျက်ရှိပြီး စပါး၊ မြေပဲ၊ နှမ်း၊ ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ အစေ့ထုတ်ပြောင်း၊ ကြက်သွန်နီ၊ နေကြာ၊ ငရုတ်၊ ကြံ၊ အာလူး စသည့်သီးနှံများအတွက် သီးနှံအလိုက် ဇုန်ပေါင်း ၁၃၈ ဇုန် တည်ထောင်ကာ ၁၈၃၆၅ ဧက ဆောင်ရွက်ပေးနိုင်သည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးသူ တောင်သူလယ်သမားများ စိုက်ပျိုးမှု ကုန်ကျစရိတ် သက်သာစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှု လျော့နည်းစေရေးအတွက် ဆိုလာ အသုံးပြု၍ ရေသွင်းစိုက်ပျိုးခြင်းစနစ်ကို ပွင့်ဖြူမြို့နယ်နှင့် မင်ဘူးမြို့နယ်တို့တွင် စတင်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်း ဆက်လက်ဆောင်ရွက်နိုင်ရန် ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်မင်းဟန်(သတင်းစဉ်)**



ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် ပြည်သူများ လာရောက်အပန်းဖြေနေကြစဉ်။ ဓာတ်ပုံ - တင်စိုး

# မိုးညှင်းမြို့နယ်၌ ၂၀၂၁ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေကျပ် ၁၇၃၁ သိန်း ထုတ်ချေးပေးနိုင်ခဲ့

**မိုးညှင်း ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူ ၂၄၉ ဦးအား ၂၀၂၁ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို ဒီဇင်ဘာ ၂၃ ရက်က ငွေကျပ် ၁၇၃၁ သိန်း ထုတ်ချေးပေးသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ ကျေးရွာဘဏ်အဖွဲ့ဝင် တောင်သူ ၂၄၉ ဦးအား ၂၀၂၁ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဆောင်းသီးနှံ စိုက်ကေ ၁၇၃၁ ဧကအတွက် ချေးငွေစုစုပေါင်း ၁၇၃၁ သိန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးအောင်စိုးဦးထံမှ သိရသည်။

**ဇွဲသူရအောင်(ခရိုင် ပြန်/ဆက်)**




# မုဒုံမြို့နယ်အားကစားကွင်းရှိ ဖူဆယ်အားကစားရုံတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မည်သူမဆို လာရောက်ကစားနိုင်

**မုဒုံ ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် မုဒုံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ မြို့နယ် အားကစားကွင်းဝင်း၌ တည်ဆောက်လျက်ရှိသော ဖူဆယ်အားကစားရုံ တည်ဆောက်မှု ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖူဆယ်အားကစားကွင်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ပြီး အားကစားရုံမှာ အလျား ၁၃၅ ပေ၊ အနံ ၇၅ ပေ၊ အမြင့် ၂၂ ပေ ဖြစ်ကာ ဖူဆယ်အားကစားရုံကို မြို့နယ်အတွင်းရှိ အားကစားဝါသနာရှင်များအနေဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ သတ်မှတ်ထားသည့် စည်းကမ်းချက်များ၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များကိုလိုက်နာ၍ အားကစားဝါသနာရှင် မည်သူမဆို ကျန်းမာရေးအတွက် လာရောက်လေ့ကျင့်ကစားနိုင်မည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်နွယ်နီစံထံမှ သိရသည်။

မုဒုံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အနေဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက် ( ၃ )ရပ်၊ နိုင်ငံတော်မှ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသို့ ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်ကြီး (၄) ရပ်၊ အားကစားဆိုင်ရာမူဝါဒ (၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၁၀) ရပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းခရီးသွားဧည့်သည်များ စည်ကား

**ညောင်ဦး ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရသမိုင်းဝင် ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ များပြားစွာလာရောက်လျက်ရှိကြောင်း လောကနန္ဒာစွယ်တော်မြတ်စေတီ ဂေါပကအတွင်းရေးမှူး ဦးထင်လင်းဦးက ပြောသည်။



ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်အတွင်း သမိုင်းဝင်စေတီပုထိုးများဖြစ်သည့် ပုဂံ-ညောင်ဦးဘက်ခြမ်းရှိ စွယ်တော်သုံးဆူ၊ ဧရာဝတီမြစ်တစ်ဘက်ကမ်းရှိ ပခုက္ကူမြို့နယ် တန့်ကြည်တောင်စွယ်တော်မြတ်စေတီ၊ မဟာငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားဋ္ဌောင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနုဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဓ္ဓဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားများတွင် ကားထားသည့်နေရာအခက်အခဲဖြစ်သည်အထိ လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွား ဘုရားဖူးဧည့်သည်များပြားလျက်ရှိကြောင်း သိရသည်။

ပွဲတော်အချိန်ခါမဟုတ်သည့်(အခါကြီးရက်ကြီး) အချိန်မှာပင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်း ပြည်ပခရီးသွားအဆက်မပြတ်သည့်မြို့ဖြစ်ကာ သီတင်းကျွတ်ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်/ ကျောင်းပိတ်ရက်များတွင် ပုဂံဒေသ၏ အလွန်ရှေးကျပြီး ပကတိအတိုင်းရှိနေသေးသည့် ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ယနေ့တိုင်ရှိနေခြင်း၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း နေရာစိပ်စိပ်နှင့် လက်ညှိုးထိုးမလွဲ တစ်နေရာနှင့်တစ်နေရာ မဝေးကွာဘဲ တစ်ဆက်တစ်စပ်တည်း ဘုရားပုထိုးများဖူးမြော်နိုင်ခြင်းက ပြည်တွင်းပြည်ပခရီးသွားများကို အလွန်ပင်ဆွဲဆောင်လှကြောင်း၊ ပုဂံဒေသ ဘယ်နှခါက်ရောက်ရောက် ထပ်ကာထပ်ကာ လာချင်စိတ်ဖြစ်စေကြောင်း ရန်ကုန်မြို့မှ အဖွဲ့လိုက် ဘုရားဖူးလာရောက်ကြသည့် မစန်းစန်းလွင်က ပုဂံဒေသအကြောင်းပြောပြသည်။ အလားတူ နတ်မောက်မြို့မှ ဘုရားဖူးလာရောက်သည့် ဒေါ်စိန်တင့်ကလည်း ဘုရားဖူးများ၊ ပြည်တွင်း ပြည်ပခရီးသွားများ အမြဲမပြတ်ရှိနေခြင်းက ပုဂံ- ညောင်ဦး ရှေးဟောင်းနယ်မြေအား တန်ဖိုးထားလို့သာ ထပ်ကာထပ်ကာ လာရောက်ကြကြောင်း ပြောပြသည်။ ခရစ္စမတ်အားလပ်ရက် ပုဂံ-ညောင်ဦး ဘုရားဖူးလာရောက်သူ ၃၀၀၀ ကျော်ရှိကြောင်း ရွှေစည်းခုံဘုရား ဂေါပကရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦး ထံမှ သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

---

❖ *ကျောဖုံးမှ*

ဘေးမဲ့တောအဖြစ် သစ်တောဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့်အပြင် ရေချိုကန်ကြီးအတွင်းရှိ ငါးမျိုးစိတ်များစာရင်းကောက်ယူခြင်းနှင့် ကန်အတွင်းရှိ ရေအရည်အသွေးဆန်းစစ်ခြင်းကို FFI အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဇီဝအဝန်းနယ်မြေဖြစ်၍ ဆောင်းခိုငှက်များ နှစ်စဉ်ဝင်ရောက်ကျက်စားလျက်ရှိသည့်အပြင် ရက္ခနှင့်ဇီဝတို့ ရှင်သန်လျက်ရှိရာ ငါးမျိုးစိတ်များစွာ ရှင်သန်ပေါက်ပွားမှုကြောင့် ကန်၏အရည်အသွေးသည် အထူးအရေးပါသည့်အတွက် FFI နှင့် ပူးပေါင်းလေ့လာ၍ ဂျာမနီနိုင်ငံရှိ တက္ကသိုလ်တို့တွင် ကန်ရေကို ဓာတ်ခွဲစမ်းသပ် လုပ်ဆောင်လျက်ရှိသည်။

"အင်းတော်ကြီးကန်ရဲ့အရည်အသွေးကို နှစ်စဉ်စမ်းသပ်ပါတယ်။ ၂၀၁၆ ခုနှစ်ကစပြီး ယနေ့အချိန်ထိ ကန်အရည်အသွေး သိသိသာသာ ပြောင်းလဲမှုမရှိပေမယ့် အနည်းငယ် ပြောင်းလဲမှုရှိတယ်လို့ ဆိုရမှာပါ။ ကမ္ဘာပေါ်မှာ မရှိသေးဘဲ အဏ္ဏဝါသိပ္ပံလောကမှာလည်း မှတ်တမ်းတင်ထားခြင်းမရှိသေးတဲ့ ငါးသလဲထိုး ငါးမျိုးစိတ် လေးမျိုးနဲ့ အဲဒီဒေသမှာသာတွေ့ရတဲ့ ငါးမျိုးစိတ် နှစ်မျိုးကို အင်းတော်ကြီးကန်မှာ တွေ့ရတာဟာ အင်းတော်ကြီးရမ်ဆာရေဝပ်ဒေသအတွက် ဂုဏ်ယူဖွယ်တစ်ခုပါ"ဟု အင်းတော်ကြီးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ပြောသည်။

အင်းတော်ကြီးကန်သည် အင်းလေးကန်ကဲ့သို့ လူနေထိုင်မှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကန်အရည်အသွေး သိသာစွာထိခိုက်မှုမရှိခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ရမ်ဆာရေဝပ်ဒေသ ရှစ်ခုတွင် ဆောင်းခိုငှက်များ အများဆုံးပျော်မွေ့ရာနေရာတစ်ခုအဖြစ် တွေ့မြင်ရခြင်းဖြစ်သည်။ ကန်အတွင်း ငါးမျိုးစိတ်များပေါများခြင်းသည် ဌာနေငှက်များနှင့် ရေပျော် ဆောင်းခိုငှက်တို့ ဆွဲဆောင်လျက်ရှိပြီး ရေအရည်ကောင်းမွန်ခြင်းသည် ဆောင်းခိုငှက်များနှင့် ကမ္ဘာ့ရှားပါးငါးမျိုးစိတ်တို့ ရှင်သန်ပေါက်ပွားရာနေရာအဖြစ် နိုင်ငံအတွက် ဂုဏ်ဆောင်လျက်ရှိသည်။

အင်းတော်ကြီးကန်နှင့် ဆက်စပ်ရေဝပ်ဇရိယာတွင် မှတ်တမ်းတင်ထားခြင်းမရှိသေးသည့် ငါးသလဲထိုးမျိုးစိတ် လေးမျိုးနှင့် အင်းတော်ကြီးကန်ဒေသမျိုးရင်း ငါးမျိုးစိတ် နှစ်မျိုးဖြစ်သော မိကျောင်းသွားကြားထိုးတံငါးနှင့် ရေနယားငါး နှစ်မျိုးတို့အပြင် ငါးမျိုးစိတ်ပေါင်း ၉၅ မျိုးတို့ ရှင်သန်လျက်ရှိသည်။



**အင်းတော်ကြီးကန်နှင့် ရွှေမဉ္ဇူဘုရားကို တွေ့ရစဉ်။** ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)

အင်းတော်ကြီးကန်တွင် ကျက်စားလျက်ရှိသည့် ငါးမျိုးစိတ်များနှင့်စပ်လျဉ်း၍ နော်ဝေနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့က သိပ္ပံနည်းကျစမ်းသပ်မှုနှင့် စာရင်းကောက်ယူမှုကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ပေါက်ပွားရာ အင်းတော်ကြီးကန်ဒေသသည် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းကို အထောက်အပံ့ဖြစ်စေလျက်ရှိပြီး မြန်မာနိုင်ငံတွင် အကြီးဆုံးရေချိုကန်ကြီးလည်းဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

---

# အင်းလျားကန်ပေါင်မြက်ခင်းတွင် ခရစ္စမတ်ရုံးပိတ်ရက်ကာလ အနားယူအပန်းဖြေသူများ စည်ကား



**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်မြို့ ပြည်လမ်း အင်းလျားကန်ပေါင် ပန်းခြံမြက်ခင်းပြင်တွင် အများပြည်သူရုံးပိတ်ရက်ကာလ မိသားစုများ အနားယူအပန်းဖြေသူများ စည်ကားနေသည်ကို ခရစ္စမတ်ရုံးပိတ်ရက် ဒီဇင်ဘာ ၂၅ ရက် ညနေခင်း၌ မြင်တွေ့ရသည်။

ပြည်လမ်း အင်းလျားကန်ပေါင် ပန်းခြံတွင်လာရောက်အပန်းဖြေ အနားယူကြသည့်အပြင် နံနက်ခင်းနှင့် ညနေခင်းအချိန်များ၌လည်း ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်သူများ၊ လမ်းလျှောက်အပန်းဖြေသူများ၊ အားကစားပြုလုပ်သူများဖြင့် စည်ကားလေ့ရှိသည့်အပြင် ယခုလို အများပြည်သူရုံးပိတ်ရက် အားလပ်ချိန်များတွင်လည်း မိသားစုများနှင့်အတူ အနားယူသူ၊ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ် ၃၃ မြို့နယ်အတွင်းရှိ အနားယူအပန်းဖြေနိုင်သော ပန်းခြံပေါင်း ၆၀ ကျော်နှင့် အားကစားကွင်း ၁၀၀ ကျော်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် အများပြည်သူ အနားယူအပန်းဖြေနိုင်သောနေရာသစ်များကို ရှာဖွေဖော်ထုတ်လျက်ရှိသည်။ ထို့ပြင် လက်ရှိ ပန်းခြံများနှင့် အားကစားကွင်းနေရာများတွင်လည်း အများပြည်သူ သန့်စင်ခန်းများ ထပ်မံတိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် ကမ္ဘာအေးစေတီလမ်း အင်းလျားကန်ပေါင်၌ အများသုံးသန့်စင်ခန်းများ တိုးချဲ့တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**စောသိန်းဝင်း**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကူးတို့ရေယာဉ်မီးလောင်မှုကြောင့် ၃၈ ဦးထက် မနည်းသေဆုံး

**ဒါကာ ဒီဇင်ဘာ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကူးတို့ရေယာဉ်မီးလောင်မှုကြောင့် လူ ၃၈ဦးထက်မနည်း သေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

အဆိုပါ ရေယာဉ်ပေါ်တွင် လူပေါင်း ၃၀၀ ကျော်ကို တင်ဆောင်လာခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် မြို့တော် ဒါကာမှ တောင်ပိုင်းခရိုင် ဘာဂူနာသို့ ထွက်ခွာလာသည့် ရေယာဉ်လည်းဖြစ်သည်။

ဒဏ်ရာရရှိသဖြင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေသူ ၆၀ ကျော်ရှိသည်ဟု အာဏာပိုင်များက ပြောသည်။

သေဆုံးသူ ဦးရေမှာလည်း ထပ်တိုးလာနိုင်သေးသည်ဟု သိရသည်။ ရေယာဉ်၏အတွင်းပိုင်း မီးလောင်နေသည့် ဗီဒီယိုဖိုင် ထွက်ပေါ်လာသည်။ ရေယာဉ်အင်ဂျင်အခန်းမှ စတင်မီးလောင်သည်ဟု ယူဆဖွယ်ရှိသည်။

မြစ်ချောင်း အင်းအိုင်များပေါများသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြောင်းသယ်ယူပို့ဆောင်ရေးမှာ အထူးအရေးပါသည်။

သို့သော်လည်း ရေယာဉ်များ မတော်တဆဖြစ်ခြင်းနှင့် မီးလောင်ခြင်းတို့မှာ ဖြစ်လေ့ဖြစ်ထရှိသည့် ကိစ္စများဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေယာဉ်မီးလောင်မှုဖြစ်စဉ်ကို တွေ့ရစဉ်။

## ဂရိရေပြင်၌ သင်္ဘောတိမ်းမှောက်မှုကြောင့် ဒုက္ခသည်များ သေဆုံး

**အေသင် ဒီဇင်ဘာ ၂၅**

ခရစ္စမတ်မတိုင်မီ ဥရောပသို့ ဦးတည်ထွက်ခွာလာသည့် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များကို တင်ဆောင်လာသည့်ရေယာဉ်မှာ ဂရိရေပြင်တွင် တိမ်းမှောက်မှုကြောင့် လူအများအပြားသေဆုံးရသည်ဟု သိရသည်။

ဒီဇင်ဘာ ၂၄ ရက် ညပိုင်းတွင် သေဆုံးသွားသူနှစ်ဦး၏ အလောင်းများကို အက်ဂျီယန်ပင်လယ် အက်တီကက်သီယားကျွန်းအစွန်၌ ကယ်ဆယ်ရေးသမားများက တွေ့ရှိခဲ့သည်။ ခရီးသည်ပေါင်း ၅၇ ဦးကို ကယ်တင်နိုင်ခဲ့သည်။

အသက်ရှင်ကျန်ရစ်သူများ၏ ပြောကြားချက်အရ သင်္ဘောပေါ်တွင်ခရီးသည် ၈၀ ခန့် လိုက်ပါလာသည်ဟု သိရသည်။

ဟယ်လန်းနစ် ကမ်းခြေစောင့်တပ်၏ ပြောကြားချက်အရ သေဆုံးသူ ဦးရေမှာ ၁၁ ဦးအထိ ရှိလာသည်ဟု ကနဦးသိရသည်။

ဂရိနိုင်ငံသည် ၂၀၁၅ခုနှစ်မှစတင်ကာ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ ဥရောပသို့ရောက်ရှိရန် အဓိကလမ်းကြောင်း ဖြစ်လာခဲ့သည်။ ပြီးခဲ့သည့် ခြောက်နှစ်တာကာလအတွင်း အက်ဂျီယန်ပင်လယ်ပြင်၌ အသက်ဆုံးရှုံးရမှုများ ရာနှင့်ချီ၍ ရှိနေပြီဖြစ်သည်။

**ဆင်ဟွာ**

## တိုကျို၌ ကိုဗစ် – ၁၉ အခမဲ့ စစ်ဆေးပေးမှုလုပ်ဆောင်

**တိုကျို ဒီဇင်ဘာ ၂၅**

တိုကျိုမြို့အစိုးရသည် ကိုဗစ်–၁၉ စစ်ဆေးလိုသူများအား အခမဲ့စစ်ဆေးခြင်းကို စတင်ကမ်းလှမ်းလုပ်ဆောင်လာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုမှာ ဒီဇင်ဘာ ၂၅ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး တိုကျိုမြို့၌ အိုမီခရွန်ကူးစက်မှု ပေါ်ပေါက်ခဲ့ပြီးနောက် ယခုလိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

### ဆေးစစ်မှုခံယူနိုင်

တိုကျိုမြို့၌ အိုမီခရွန်ကူးစက်ခံရသည့် လူနာမှာ မကြာသေးမီအချိန်အတွင်း နိုင်ငံရပ်ခြားသို့ ခရီးသွားထားသည့်ရာဇဝင်လည်းမရှိချေ။ မိမိကိုယ်ကို ကိုဗစ် – ၁၉ ကူးစက်ခံထားရသည်ဟု သံသယရှိသည့် တိုကျိုမြို့သူမြို့သားတိုင်း စစ်ဆေးမှုခံယူနိုင်သည်။

ရောဂါလက္ခဏာမပြသည့်တိုင် စစ်ဆေးမှုခံယူနိုင်သည်။ ပုဂ္ဂလိက စစ်ဆေးစင်တာ ၁၂ ခုတွင် အဆိုပါ လှုပ်ရှားမှုကို စတင်ခဲ့ခြင်းဖြစ်သည်။

ရှင်ဂျူကုရပ်ကွက်ရှိ လူငယ်များ၊ မိသားစုများနှင့် အခြားသောသူများမှာ စစ်ဆေးစင်တာတွင် စုပြုံနေကြသည်ကိုတွေ့ရသည်။ ဆေးအရောင်းကောင်တာများတွင်လည်း စစ်ဆေးပေးနိုင်ရေးဆောင်ရွက်သွားမည်ဟု အာဏာပိုင်များက ပြောသည်။

အစောဆုံးအနေဖြင့် ဒီဇင်ဘာ ၂၇ ရက်မှ စတင်ကာ ဆေးအရောင်းကောင်တာများတွင် ကိုဗစ် –၁၉ စစ်ဆေးပေးမှုများ လုပ်ဆောင်ပေးမည်ဖြစ်သည်။

နေရာပေါင်း ၁၈၀ ဝန်းကျင်တွင် တစ်နေ့လျှင် စစ်ဆေးမှုပေါင်း ၃၀၀၀၀ ကိုလုပ်ဆောင်ပေးမည်ဟု ရည်ရွယ်ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




တိုကျိုမြို့၌ စစ်ဆေးမှုခံယူရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။



ကင်းခရော့ဘူတာရုံ၌ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ကာ သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

## ဗြိတိန်နိုင်ငံ၌ ကိုဗစ်- ၁၉ နေ့စဉ်ကူးစက်မှုမှာ ၁၂၀၀၀၀ ကျော်ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၅**

ဗြိတိန်နိုင်ငံ၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်– ၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၂၂၁၈၆ ဦး ရှိသည်ဟု သိရသည်။

ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ပထမဆုံးအကြိမ်အဖြစ် နေ့စဉ်ကူးစက်ခံရသူဦးရေမှာ ၁၂၀၀၀၀ ကျော်လွန်၍ အများဆုံးစံချိန်တင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒီဇင်ဘာ ၂၄ ရက်တွင် တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

နောက်ထပ်ကူးစက်ခံရသူ အရေအတွက်ပါထည့်ပေါင်းလျှင် တိုင်းပြည်အတွင်း စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၁၈၉၁၂၉၂ ဦးရှိသည်ဟု သိရသည်။ ထို့ပြင် ကိုဗစ်–၁၉နှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေမှာလည်း ၁၃၇ ဦး တိုးလာခဲ့သည်။

နောက်ထပ် အိုမီခရွန်ကူးစက်ခံရသူ ဦးရေမှာလည်း ၂၃၇၁၉ဦးရှိသည်။ အဆိုပါအရေအတွက်သည် တိုင်းပြည်အတွင်း နေ့စဉ် အိုမီခရွန် ကူးစက်ခံရမှုအများဆုံးလည်း ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်အတွင်း စုစုပေါင်းအိုမီခရွန်ကူးစက်ခံရမှုမှာ ၁၁၄၆၂၅ ဦးရှိလာသည်ဟု ဗြိတိန်ကျန်းမာရေးအေဂျင်စီက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောသည်။

နေ့စဉ်ကူးစက်ခံရသူပေါင်းမှာ ရာနှင့်ထောင်နှင့်ချီ၍ ရှိနေနိုင်သည်ဟုလည်း ကျွမ်းကျင်သူများက ပြောသည်။ ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် ၈၉ ရာခိုင်နှုန်းမှာ ကိုဗစ် –၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးပြီးကြပြီးဖြစ်သည်။ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသည့်အရေအတွက်မှာ ၈၂ ရာခိုင်နှုန်းရှိသည်။

**ဆင်ဟွာ**

## မော်ရိုကိုနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာလေကြောင်း ပျံသန်းမှုများကို ဇန်နဝါရီ ၃၁ ရက်အထိ ဆိုင်းငံ့ထားမည်

**ရာဘတ် ဒီဇင်ဘာ ၂၅**

မော်ရိုကိုနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာလေကြောင်း ပျံသန်းမှုကို ဇန်နဝါရီ ၃၁ ရက်မတိုင်မီအထိ ဆိုင်းငံ့ထားမည်ဟု မော်ရိုကို အာဏာပိုင် အဖွဲ့က ဒီဇင်ဘာ ၂၄ ရက်တွင် ကြေညာခဲ့သည်။

### လေကြောင်းနယ်နိမိတ်ကန့်သတ်မှုများ

ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်သည့်အစိုးရအဖွဲ့အစည်းအဝေးတွင် ယခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာ ၂၉ ရက်မှစတင်ကာ မော်ရိုကို လေကြောင်းနယ်နိမိတ် ကန့်သတ်မှုများကို စတင်ပြုလုပ်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာမှ ခရီးသည်တင်လေယာဉ်များကို ဆိုင်းငံ့မှုများ ပြုလုပ်ခဲ့သည်။

အိုမီခရွန်ကူးစက်မှုများကို ထိန်းချုပ်နိုင်ရန်အတွက် ယခုလိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အိုမီခရွန်မှာ အမေရိကန်၌ လွှမ်းမိုးနိုင်သည့် ကိုဗစ် - ၁၉ မျိုးကွဲဖြစ်လာ

ကေကေစိုး

လျင်မြန်စွာကူးစက်ပျံ့နှံ့လျက်ရှိသော ကိုဗစ်- ၁၉ မျိုးကွဲဖြစ်သည့် အိုမီခရွန်သည် ယခုအခါ အမေရိကန်ပြည်ထောင်စု၌ ကူးစက်မှုများပြားစေသည့် မျိုးကွဲတစ်ခုဖြစ်လာသည်။ ရရှိထားသည့် အချက်အလက်များအရ ပြီးခဲ့သည့်သီတင်းပတ်အတွင်း အမေရိကန်၌ ကူးစက်မှုများ၏ ၇၃ ဒသမ ၂ ရာခိုင်နှုန်းမှာ အိုမီခရွန် ကူးစက်မှုများပင်ဖြစ်သည်ဟု ကျန်းမာရေးအာဏာပိုင်များက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောသည်။



ကိုဗစ်- ၁၉ ဆေးစစ်မှုခံယူရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

**အသွားအလာပိတ်ဆို့ကန့်သတ်ရန်အစီအစဉ်မရှိ**

အမေရိကန် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဒီဇင်ဘာ ၁၈ ရက် တွင် ကောက်ယူထားသည့် အချက်အလက်များအပေါ်အခြေခံကာ ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခင်သီတင်းပတ်ကလည်း အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်- ၁၉ ကူးစက်မှုများ၏ ၁၂ ဒသမ ၆ ရာခိုင်နှုန်းမှာအိုမီခရွန်ကူးစက်မှုများပင်ဖြစ်သည်။

ဒီဇင်ဘာ ၂၁ ရက်က အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကိုဗစ် – ၁၉ နှင့်ပတ်သက်၍ မိန့်ခွန်းမပြောကြားမီ ယခုလို သတင်းထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ကူးစက်မှုများ များပြားနေရာပြန်လည်တုံ့ပြန်သည့်အနေဖြင့် တိုင်းပြည်အတွင်း အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ရန်အစီအစဉ်မရှိဟု အိမ်ဖြူတော် သတင်းထုတ်ပြန်ရေးအကြီးအကဲဖြစ်သူ ဂျန်ပစာကီက ပြောသည်။

**ခက်ခဲသည့်ဆောင်းတွင်းကို ကျော်ဖြတ်ရမည်**

အမေရိကန်ပြည်သူများအနေဖြင့် ကာကွယ်ဆေးထိုးခြင်း၏ အကျိုးကျေးဇူးများကို သိရှိရန်လိုအပ်ကြောင်း အစိုးရအနေဖြင့် အကဲဖြတ်မှုများနှင့် ဆေးစစ်မှုများကို တိုးမြှင့်လုပ်ဆောင်မည်ဟုလည်း ၎င်းက ဆက်ပြောသည်။

ဆောင်းတွင်းမတိုင်မီ အိုမီခရွန်ကူးစက်မှုသည် တစ်ကမ္ဘာလုံးဆိုင်ရာကူးစက်မှု လှိုင်းသစ်ဖြစ်လာနိုင်ကြောင်း အမေရိကန်ကပ်ရောဂါဆိုင်ရာ ထိပ်တန်းအကြံပေးတစ်ဦးဖြစ်သူ အန်သိုနီဖောင်ချီက ဒီဇင်ဘာ ၁၉ ရက်တွင် သတိပေးပြောကြားခဲ့သည်။ အိုမီခရွန်ကူးစက်မှုနှင့်အတူ ခက်ခဲသည့်ဆောင်းတွင်းကို ကျော်ဖြတ်ရမည်ဟုလည်း ၎င်းက ဆက်ပြောခဲ့သည်။

**နိုင်ငံအတော်များများတွင် တွေ့ရှိလာရ**

အိုမီခရွန်ကူးစက်မှုမှာ ယခုအချိန်ထိ လွှမ်းမိုးနေဆဲဖြစ်သော ဒယ်လ်တာကူးစက်မှုလောက် ဆိုးရွားပြင်းထန်မှုမရှိသော်လည်း ကနဦးရရှိထားသည့် အချက်အလက်များအရ အိုမီခရွန်သည် ကူးစက်မှုပို၍ မြန်ဆန်ပြီး ကာကွယ်ဆေးကို ခုခံရာတွင်လည်းပို၍ မြင့်မားနိုင်ဖွယ်ရှိသည်ဟု သိရသည်။ အိုမီခရွန်ကူးစက်မှုကို နိုဝင်ဘာလအတွင်း တောင်အာဖရိက၌ ပထမဆုံးတွေ့ရှိခဲ့ရပြီး ယခုအခါ နိုင်ငံအတော်များများတွင်ပါ တွေ့ရှိလာရပြီဖြစ်သည်။

**ပျော်ဖြေရေးပွဲများ ဖျက်သိမ်းရ**

ထို့ကြောင့် ကပ်ရောဂါကို အဆုံးသတ်နိုင်တော့မည်ဟူသော မျှော်လင့်ချက်ကို ရေစုန်မျောစေခဲ့သည်။ အမေရိကန်နိုင်ငံတစ်လွှားဆေးရုံများတွင် အလုပ်ပြန်ရှုပ်လာပြီး ကာကွယ်ဆေးစစ်ဆေးသည့်နေရာများတွင်လည်းလူတန်းရှည်ကြီးဖြစ်သည့်အထိ စောင့်ဆိုင်းလာရသည်။ ထို့ပြင် အားကစားနှင့် ပျော်ဖြေရေးပွဲများကိုလည်း ဖျက်သိမ်းခဲ့ရသည်။

ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းတို့မှာ နိုင်ငံရေးအရ အငြင်းပွားမှုများဖြစ်ပေါ်နေပြီး ယင်းအခြေအနေအောက်တွင် ရောဂါကူးစက်မှုများကို ထိန်းချုပ်နိုင်ရန်မှာ လွယ်ကူမည့်ကိစ္စ မဟုတ်ပေ။

**သမ္မတတွင်ရောဂါ ကူးစက်ခံထားရခြင်းမရှိ**

အဲဖို့ဒ်ဝမ်းလေယာဉ်ပေါ်တွင်လိုက်ပါခဲ့ပြီး အမေရိကန်သမ္မတနှင့်အတူ နာရီဝက်ခန့်တွေ့ဆုံခဲ့သည့် ဝန်ထမ်းများထဲမှ ဝန်ထမ်းတစ်ဦးတွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရကြောင်း ဒီဇင်ဘာ ၂၀ ရက် စစ်ဆေးတွေ့ရှိပြီးနောက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကိုလည်း ကိုဗစ် – ၁၉ ရှိ မရှိ ဆေးစစ်ခဲ့ရသည်။ သမ္မတတွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရခြင်း မရှိကြောင်း အိမ်ဖြူတော်က ပြောသည်။ သမ္မတကို ပုံမှန်ဆေးစစ်မှုအား ဒီဇင်ဘာ ၁၉ ရက်တွင် လုပ်ဆောင်ခဲ့ပြီး ကိုဗစ် – ၁၉ ကူးစက်ထားခြင်း မရှိကြောင်း အတည်ပြုခဲ့သည်ဟု အိမ်ဖြူတော် သတင်းထုတ်ပြန်ရေးအကြီးအကဲဖြစ်သူ ဂျန်ပစာကီက ပြောသည်။

**လမ်းညွှန်ချက်များအတိုင်းဆက်လက်လုပ်ဆောင်**

သမ္မတဘိုင်ဒင်သည် အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်း ၎င်း၏နေ့စဉ်လုပ်ငန်းဆောင်တာများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ချမှတ်ထားသော လမ်းညွှန်ချက်အရ ကာကွယ်ဆေးအပြည့်ထိုးထားသောသူများသည် ရောဂါရှိသူနှင့် ထိတွေ့မှုရှိသော်လည်း အသွားအလာစောင့်ကြည့်ကန့်သတ်မှုခံယူရန် မလိုအပ်ဟု သိရသည်။

**အားကစားပွဲကြီးများ ဖျက်သိမ်းခဲ့ရ**

အိုမီခရွန်ကူးစက်မှုမှာ လျင်မြန်စွာပျံ့နှံ့လျက်ရှိပြီး အမေရိကန်ပြည်ထောင်စု ၄၈ ပြည်နယ်တွင် တွေ့ရှိလာရသည်။ အိုမီခရွန်ပထမဆုံးကူးစက်မှုမှာ ဒီဇင်ဘာ ၁ ရက်တွင် ကယ်လီဖိုးနီးယား၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အိုမီခရွန်မှာကူးစက်မှု အလွန်လျင်မြန်သည်ဟု ပြောဆိုနေကြသော်လည်း ကနဦးရရှိထားသည့် အချက်အလက်များအရ အိုမီခရွန်သည် ဆေးရုံတက်ရမှုနှုန်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှုန်းမှာမူ နည်းပါးသည်ဟု ကျွမ်းကျင်သူများက ပြောသည်။

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ် – ၁၉ ကြောင့် ဆေးရုံတက်ရမှုနှုန်းနှင့် သေဆုံးမှုများမှာ ဆက်လက်မြင့်မားနေဆဲဖြစ်ပြီး ယင်းအချက်ကြောင့်ပင် အားကစားပွဲကြီးများနှင့် ဂီတဖျော်ဖြေပွဲများ ဖျက်သိမ်းခဲ့ရသည်။

**အွန်လိုင်းမှပြန်လည်သင်ကြားရ**

အချို့သောကောလိပ်များမှာ အွန်လိုင်းမှသင်ကြားသည့်ပုံစံသို့ ပြန်သွားနေရသည်။ ကျောင်းသားများ အိမ်ကိုစောစီးစွာ ပြန်နိုင်ရေးအတွက်လုပ်ဆောင်နေရသည်။ တိုင်းပြည်အတွင်း ပျမ်းမျှအားဖြင့် နေ့စဉ်ကူးစက်မှုမှာ ၁၃၀၀၀၀ ရှိပြီး ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ကူးစက်မှုထက် ၁၀ ရာခိုင်နှုန်းတိုးလာခဲ့သည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။ တစ်ပတ်အတွင်းပျမ်းမျှသေဆုံးမှုနှုန်းမှာ ၁၃၈၀ ရှိပြီးယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

**မဟာန့်တားနိုင်**

လက်ရှိအချိန်တွင်အမေရိကန်၌ နေ့စဉ်ဆေးရုံတက်ရမှုနှုန်းမှာ ၇၈၀၀ ရှိပြီး ပြီးခဲ့သည့်သီတင်းပတ်ကနှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၄ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်ဟု အချက်အလက်များအရ သိရသည်။ နယူးယောက်ပြည်နယ်၌ ကိုဗစ်- ၁၉ ကူးစက်မှုမှာသုံးရက်ဆက်တိုက်စံချိန်တင် များပြားလျက်ရှိပြီး ဒီဇင်ဘာ ၁၉ ရက်တစ်ရက်တည်းတွင်ပင် ၂၂၀၀၀ ကူးစက်ခံရသည်။ ကူးစက်မှုများပြားနေခြင်းက ပြည်သူများအားလပ်ရက် ခရီးသွားမည့်အရေးကို မဟာန့်တားနိုင်ချေ။

**တိုက်တွန်းထား**

ဒီဇင်ဘာ ၂၃ ရက်နှင့် ဇန်နဝါရီ ၃ ရက်ကြားတွင် အမေရိကန် ၂၁ သန်းခန့် ခရီးသွားမည်ဟု အမေရိကန်သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုက ခန့်မှန်းထားသည်။ ပြည်သူများခရီးမသွားမီနှင့် လူစုလူဝေးပွဲများမတက်ရောက်မီ ဆေးစစ်မှုပြုလုပ်ကြရန် ကျန်းမာရေးကျွမ်းကျင်သူများက သတိပေးထားသည်။ ထို့ပြင် ကာကွယ်ဆေးထိုးရန်နှင့် နှစ်ကြိမ်ထိုးပြီးသူများလည်း အပိုဆောင်းကာကွယ်ဆေးထိုးကြရန်၊ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ကြရန်နှင့် လူမှုဝေးကွာအစီအစဉ်များကို လိုက်နာကြရန်လည်း တိုက်တွန်းထားသည်။ ။

ကိုးကား – အေအက်ဖ်ပီ၊ ဆင်ဟွာ

❒ **အိုမီခရွန်ကူးစက်မှုမှာ လျင်မြန်စွာပျံ့နှံ့လျက်ရှိပြီး အမေရိကန်ပြည်ထောင်စု ၄၈ ပြည်နယ်တွင် တွေ့ရှိလာရသည်။ အိုမီခရွန်ပထမဆုံးကူးစက်မှုမှာ ဒီဇင်ဘာ ၁ ရက်တွင် ကယ်လီဖိုးနီးယား၌ တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ အိုမီခရွန်မှာ ကူးစက်မှုအလွန်လျင်မြန်သည်ဟု ပြောဆိုနေကြသော်လည်း ကနဦးရရှိထားသည့် အချက်အလက်များအရ အိုမီခရွန်သည် ဆေးရုံတက်ရမှုနှုန်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှုန်းမှာမူ နည်းပါးသည်ဟု ကျွမ်းကျင်သူများက ပြောသည်**

# ဒီဇင်ဘာ ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၆ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၅၁ ဦးရှိ

## ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)ရောဂါပိုး နိုင်ငံပေါင်း ၁၁၄ နိုင်ငံ ပျံ့နှံ့

(၂၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁၂-၂၀၂၁) ရက် နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇၆) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၆၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၇၃,၈၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၉,၅၀၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၇၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၇,၀၃၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၅၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၀၈) ခု | (၃၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၀) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၁) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၈) ခု | (၄) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၃၇) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၅၂) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၁၂၀) ခု | (၁၁၆) ဦး |
| စုစုပေါင်း | (၁၀,၉၀၀) ခု | (၁၇၆) ဦး |

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၅-၁၂-၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၁၁၄) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၁၈၀,၉၃၇) ဦး ရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြု တွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြု လူနာများ တွေ့ရှိကြောင်း သိရှိရပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာ့တစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၅-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၂၉၈၆၃၀၇ | ၄၀၉၉၄၂၅၀ | ၈၃၇၆၇၁ |
| ၂။ | အိန္ဒိယ | ၃၄၇၇၉၈၁၅ | ၃၄၂၂၃၂၆၃ | ၄၇၉၅၂၀ |
| ၃။ | ဘရာဇီး | ၂၂၂၃၀၇၃၇ | ၂၁၄၁၄၃၁၈ | ၆၁၈၄၂၉ |
| ၄။ | ဗြိတိန် | ၁၁၈၉၁၂၉၂ | ၉၉၆၁၃၆၉ | ၁၄၇၈၅၇ |
| ၅။ | ရုရှား | ၁၀၃၆၈၂၉၉ | ၉၂၂၄၈၆ | ၃၀၃၂၅၀ |
| ၆။ | တူရကီ | ၉၂၆၆၅၁၆ | ၈၉၀၀၄၀၁ | ၈၁၂၅၈ |
| ၇။ | ပြင်သစ် | ၈၉၈၃၇၆၀ | ၇၇၅၂၅၅၀ | ၁၂၂၄၆၂ |
| ၈။ | ဂျာမနီ | ၆၉၈၂၂၂၈ | ၆၀၈၇၃၀၀ | ၁၁၀၉၀၈ |
| ၉။ | အီရန် | ၆၁၈၂၉၀၅ | ၆၀၂၄၂၁၁ | ၁၃၁၃၄၈ |
| ၁၀။ | စပိန် | ၅၇၁၈၀၀၇ | ၅၀၀၂၃၁၀ | ၈၉၀၁၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၅- ၁၂ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၁၆၆၇ | ၄၁၁၂၉၀၁ | ၁၄၄၀၅၃ |
| ဖိလစ်ပိုင် | ၂၈၃၈၃၈၁ | ၂၇၇၇၈၁၈ | ၅၁၁၈၇ |
| မလေးရှား | ၂၇၃၅၂၄၁ | ၂၆၅၇၀၇၄ | ၃၁၂၉၀ |
| ထိုင်း | ၂၂၀၇၄၃၈ | ၂၁၄၈၇၅၇ | ၂၁၅၅၈ |
| ဗီယက်နမ် | ၁၆၃၆၄၅၅ | ၁၂၂၉၆၈၄ | ၃၁၀၀၇ |
| မြန်မာ | ၅၂၉၅၀၃ | ၅၀၇၀၃၅ | ၁၉၂၅၁ |
| စင်ကာပူ | ၂၇၇၃၀၇ | ၂၇၃၄၈၁ | ၈၂၀ |
| ကမ္ဘောဒီးယား | ၁၂၀၄၄၅ | ၁၁၆၈၅၃ | ၃၀၀၈ |
| လာအို | ၁၀၅၃၈၀ | ၉၄၅၈၈ | ၃၁၇ |
| ဘရူနိုင်း | ၁၅၄၂၉ | ၁၅၁၈၉ | ၉၈ |

# သုတ၊ ရသစာပေနှင့် သမိုင်းသုတေသနပညာရှင် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးသိန်းသန်းထွန်း

*ကြည်ကြည်မြင့် (စာပေဗိမာန်)*

အမျိုးသားစာပေတစ်သက်တာဆုဟူသည်မှာ မိမိ၏ ဘဝတစ်သက်တာလုံး သုတစာပေ သို့မဟုတ် ရသစာပေများကို တစိုက်မတ်မတ်ရေးသားလျက် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာပေများနှင့် သုတေသနဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သူ ပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခြင်း ဖြစ်ပါသည်။ ယခုအခါတွင် အမျိုးသားစာပေတစ်သက်တာဆုရရှိသူ ဆရာ၊ ဆရာမကြီး ၃၄ ဦး ရှိပြီဖြစ်ပါသည်။ တစ်သက်တာစာပေဆုရရှိခဲ့သော ဆရာ၊ ဆရာမကြီးများထဲတွင် သုတစာပေရေးသားသူ၊ ရသစာပေရေးသားသူ၊ ရှေးဟောင်းစာပေပြုစုရေးသားသူ၊ သုတေသနပြုလုပ်သူ၊ ဝိဇ္ဇာသိပ္ပံဆိုင်ရာ ဘာသာရပ်များ ကျွမ်းကျင်သူ စသည်ဖြင့် ပညာရှင်မျိုးစုံတို့ ပါဝင်ပါသည်။ ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ကဗျာ၊ ဝတ္ထု၊ ပုံပြင်နှင့် သမိုင်းသုတေသနဆိုင်ရာစာပေများကို ရေးသားသည့် ဆရာကြီးသိန်းသန်းထွန်းက ရရှိခဲ့ပါသည်။

**ဆရာကြီး၏ ငယ်ဘဝနှင့် ပညာရေးခရီး**

ဆရာကြီးကို ၁၉၃၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် (သောကြာနေ့) တွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့အနီး ချောင်းဝရွာ၌ အဖ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးငွေထွန်းနှင့် အမိ ဒေါ်စောတို့မှ မွေးဖွားခဲ့ပါသည်။ ဒုတိယမြောက် သားဖြစ်ပါသည်။ ငယ်နာမည်မှာ မောင်သံဒိုင်နှင့် မောင်သံချောင်းဖြစ်ပြီး အမည်ရင်းမှာ သန်းထွန်းဖြစ်ပါသည်။

ချောင်းဝရွာ မူလတန်းကျောင်း (၁၉၄၂)၊ ပန်းတောင်း အ.ထ.က (၁၉၄၇)၊ တိုက်ကြီး အ.ထ.က (၁၉၄၈-၄၉)၊ ရန်ကုန် စပယ်ရှယ်ကောလိပ် အလွတ်ပညာသင်ကျောင်း (၁၉၅၀-၅၁) တို့တွင် ပညာသင်ယူခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ရန်ကုန်၊ ဒေါ်မမကြီး အလွတ်ပညာသင်ကျောင်းမှ ၁၀တန်းအောင်မြင်ခဲ့ပါသည်။ ၁၉၅၃ ခုနှစ်တွင် တက္ကသိုလ်သို့ ရောက်ရှိပြီး ၁၉၆၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို သမိုင်းဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။ ၁၉၆၆ ခုနှစ်တွင် မဟာဝိဇ္ဇာအရည်အချင်းစစ်စာမေးပွဲ အောင်မြင်ခဲ့သည်။

**ဆရာကြီး၏ စာပေခရီး**

ဆရာကြီးသည် တိုက်ကြီးမြို့ အစိုးရ အထက်တန်းကျောင်း၌ ပညာသင်စဉ်ကာလကပင် လက်ရေးစာစောင်တွင် ဂနိုင်မောင် အမည်ဖြင့် ရေးခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် သံတော်ဆင့်သတင်းစာ မဂ္ဂဇင်းကဏ္ဍ၌ မောင်ယဉ်ညို (စပယ်ရှယ်ကောလိပ်) ကလောင်အမည်ဖြင့် သံသရာခရီးသည် စာညွန့်ကို စတင်ပုံနှိပ်ဖော်ပြခြင်း ခံရသည်။ သိန်းသန်းထွန်း အမည်ကိုမူ ၁၉၅၁ ခုနှစ်တွင် ထွက်ရှိသည့် ဟံသာဝတီသတင်းစာ မဂ္ဂဇင်းကဏ္ဍတွင်ပါသည့် ဂြိုဟ်သားဆုဝတ္ထုတွင် စတင်အသုံးပြုခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် နေ့ကျောင်းသားအဖြစ် ပညာသင်နေစဉ် ဟံသာဝတီသတင်းစာတိုက်၌ လက်ထောက် အယ်ဒီတာအဖြစ် ညတာဝန်ထမ်းဆောင်ခဲ့သည်။ ပေဖူးလွှာမဂ္ဂဇင်းတွင်လည်း အယ်ဒီတာအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၆၀-၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၌ တာဝန်ခံစာတည်းအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဝန်းကျင်မှစ၍ မေတ္တာဘွဲ့လုံးချင်းများ ရေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကလောင်အသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ကျောင်းသားသမဂ္ဂလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၉ ခုနှစ်တွင် မန္တလေးတက္ကသိုလ် သမိုင်းဌာနနည်းပြအဖြစ် တာဝန်ထမ်းဆောင်၍ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ သမိုင်းသုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက်ခဲ့သည်။ ထို့နောက် ရှမ်းပြည်နယ် အင်းလေးဒေသသို့ ပြောင်းရွှေ့၍ စာပေ၊ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ရသဝတီ ရပ်စောက်မြို့နယ်မဂ္ဂဇင်းကို တာဝန်ခံစာတည်းအဖြစ် တာဝန်ယူခဲ့သည်။ ယနေ့တိုင် စံတော်ချိန်သတင်းစာတွင် ကဗျာများ ရေးသားဆဲဖြစ်ပါသည်။

ဆရာကြီးသည် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မန္တလေးတက္ကသိုလ်၊ မန္တလေးတက္ကသိုလ် သမိုင်းဌာနနှင့် တောင်ကြီးမြို့ စာရေးဆရာအသင်းတို့၏ ကန်တော့ခံပုဂ္ဂိုလ်ဖြစ်ပါသည်။

**ဆရာကြီး၏ နိုင်ငံ့တာဝန် ထမ်းဆောင်မှုများ**

ဆရာကြီးသည် မြေနီကုန်း တန်းမြင့်သိပ္ပံ (၁၉၅၄-၅၅)နှင့် ဆေးလာရက်ဟတ် (၁၉၅၅-၅၆) တို့တွင် ကျောင်းဆရာအဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင် အ.ထ.က(၁၉၆၇)နှင့် အင်းလေး ဟဲယာရွာမ အ.ထ.က (၁၉၆၈) တို့တွင် အထက်တန်းပြဆရာအဖြစ် လည်းကောင်း၊ မန္တလေးတက္ကသိုလ်၊ သမိုင်းဌာန (၁၉၆၉-၇၃)နှင့် လုပ်သားကောလိပ် (၁၉၇၄-၇၅) တို့တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုမှတစ်ဖန် ဆရာကြီး ဒေါက်တာသန်းထွန်း ရှိရာ မန္တလေးတက္ကသိုလ် သမိုင်းဌာနသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ပြီး ဆရာကြီးနှင့်အတူ နိုင်ငံအနှံ့လှည့်လည်ကာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသည်။ ထို့နောက် အင်းလေးဒေသသို့ ပြန်လာ၍ စာပေများရေးသားခြင်း၊ သမိုင်းသုတေသန ပြုစုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ညောင်ရွှေမြို့နယ် ရှေးဟောင်းစာပေ လေ့လာရေးဥက္ကဋ္ဌ (၁၉၈၂-၈၃)၊ ၁၉၈၈ ခုနှစ် စာပေညီလာခံတွင် ရှမ်းပြည်နယ်ကိုယ်စားပြု သဘာပတိအဖွဲ့ဝင်၊ ပင်လုံမြို့ ရွှေတိဂုံပုံတူစေတီတော်မြတ်ကြီး သမိုင်းမှတ်တမ်းပြုစုရေးဥက္ကဋ္ဌ (၂၀၁၆) တို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။


**ဆရာကြီး၏ ထင်ရှားသော စာပေလက်ရာများ**


ဆရာကြီးသည် အထက်တန်းပြဆရာ၊ သမိုင်းနည်းပြဆရာ၊ သတင်းစာအယ်ဒီတာနှင့် မဂ္ဂဇင်းအယ်ဒီတာများအဖြစ် တာဝန်ထမ်းဆောင်လျက်နှင့်ပင် ဝတ္ထု၊ ကဗျာ၊ ပုံပြင်၊ သုတေသနစာတမ်းနှင့် ဘုရားသမိုင်းများကို ရေးသားထုတ်ဝေခဲ့သည်။ ဆရာကြီး၏ ထင်ရှားသောဝတ္ထုများမှာ မိုးတစ္ဆေ (၁၉၅၇)၊ မပန်ပါနဲ့ ကြွေချင်တယ် (၁၉၆၀)၊ အချစ်ရူးလေးရဲ့ အချစ်ဦး (၁၉၆၃)၊ ငွေစပယ်ရဲ့ လမင်းငယ်ဘဝ (၁၉၆၄)၊ ဘယ်ပန်းချီရေးလို့မှ မမီ (၁၉၆၅)၊ လမင်းငယ်ငယ် အပြုံးရှင် (၁၉၇၅)၊ ဒေါက်တာအနန္တခြင်းသွေ့ (၂၀၀၉)၊ ပန်းပွင့်ပေါ်သာ နားချင်တယ် (၂၀၁၄)၊ တို့ပြည်ထောင်စု ကလေးကဗျာများ (၁၉၆၆)၊ ပန်းပွင့်ငှက်၏ တေးသံများ (၁၉၈၇)၊ အသက်နှင့်ရေးသော ကဗျာတစ်ပုဒ်၊ အိပ်မက်လေးတွေ ရယ်လိမ့်မယ်၊ မလွမ်းစရာ လွမ်းစရာ၊ လူကိန္နရီ၊ ဒေါင်းလင်းတ၊ တစ်ပွင့်နွမ်း တစ်ပွင့်ကြွေ၊ မြင်းမိုရ်တောင်ထိပ်က ပန်းပွင့်လေးတွေ တို့ ဖြစ်ကြပါသည်။ သုတေသနစာတမ်းများအတွက်မူ ပုဂံခေတ်ကလေးများအကြောင်း၊ ပုဂံခေတ် အဆို အတီး အက၊ ပုဂံခေတ် လအမည်နှင့် မှတ်စရာများ၊ ရှမ်းပြည်နယ်၏ ရှေးနှစ်ပေါင်း ၁၀၀ ကျော်က လူမျိုးစုများအကြောင်းကို ပြုစုရေးသားခဲ့သည်။ ထို့ပြင် အင်းသားလူမျိုးတို့၏ တိုက်တေးအနုပညာစာအုပ်ကိုလည်း ပြုစုခဲ့သည်။ ရှမ်းပြည်နယ်၊ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ စာတမ်းပေါင်း ၆၁ စောင်ကို ရေးသားခဲ့သည်။ ပင်းတယရွှေဥမင်နှင့် ဂူသမိုင်း (၁၉၈၂) ကို ဒေါက်တာသန်းထွန်းနှင့် ပူးတွဲကာ ပြုစုရေးသားခဲ့သည်။ ထို့ပြင် ရှေးမြန်မာမင်းတို့၏ အိပ်မက်များ (၁၉၉၂) နှင့် သိန်းသန်းထွန်း ပုံပြင်များ (၁၉၉၄) စာအုပ်တို့ကိုလည်း ရေးသားခဲ့ပါသည်။ အင်းသား၊ ဓနု၊ တောင်ရိုးနှင့် ရှမ်းတို့၏ လူမျိုးသမိုင်းနှင့် စာပေကဗျာစာတမ်းများနှင့် ပြဒါးလင်းဂူ၏ ပန်းချီနှင့် ကျောက်လက်နက်များ လေ့လာမှုမှတ်တမ်းကိုလည်း ပြုစုရေးသားခဲ့ပါသည်။ ဆရာကြီးသည် စာပေဗိမာန်၌ ဖတ်ကြားခဲ့သော စာတမ်းဖတ်ပွဲများတွင်လည်း ပါဝင်ဖတ်ကြားခဲ့ပါသည်။ ဆရာကြီး၏ မိုးတစ္ဆေဝတ္ထုနှင့် ဘယ်ပန်းချီရေးလို့ မမီ ဝတ္ထုတို့ကို ရုပ်ရှင်၊ ဗီဒီယို ဇာတ်ကားများအဖြစ် ရိုက်ကူးခဲ့ပါသည်။

**ဆရာကြီး၏ စာပေဖန်တီးပုံဖော်ပုံနှင့် အယူအဆ**

၁၉၅၈ ခုနှစ် နိုဝင်ဘာလထုတ် ချယ်ရီမဂ္ဂဇင်းပါ ဆရာကြီးရေးသားခဲ့သော ဝတ္ထုခုနစ်ပုဒ်၏ ပုံဖော်ဖန်တီးခဲ့ပုံနှင့် ပတ်သက်၍ ဝတ္ထုရေးနည်း၊ ဝတ္ထုအမှာကို မိုးတစ္ဆေနှင့် မဂ္ဂဇင်းဝတ္ထုပေါင်းချုပ်စာအုပ်တွင် ပြန်လည်ဖော်ပြခဲ့ရာ ဆရာကြီးက "ဝတ္ထုတိုကလေးများကို ရေးရန် ကျွန်တော် ယခု ဝါသနာမပါပါ။

*စာမျက်နှာ ၁၇ သို့*









**စာရေးတတ်ရန် ကြိုးစားသူတိုင်း မည်သည့်ဝတ္ထုကိုမဆို ရေးရန် ခက်မည်မထင်ပါ။ ဝတ္ထုကောင်းဖြစ်ရန်သာ ခက်ပါမည်။ ကျွန်တော့်အဖို့ကား မလွယ်ချေ။ ဝတ္ထုတစ်ပုဒ် ရေးနိုင်ရန် အလွန်ကြိုးစားရပါသည်။ မိတ်ဆွေရင်း မိတ်ဆွေချစ်များက စာရေးပျင်းသူဟု ကျွန်တော့်ကို ပြောကြရေးကြပါသည်။ ကျွန်တော် စာရေးမပျင်းပါ။ စာမြန်မြန်ရေး မြန်မြန်ပုံနှိပ်ရမည်ကိုသာ ဝန်လေးခြင်းဖြစ်သည်**

*စာမျက်နှာ ၁၆ မှ*

ဝတ္ထုကြီးများကိုသာ ယခု ဝါသနာပါပါသည်။ ဝတ္ထုတိုကလေးဟု ဆိုရသည်ကို ရှင်းပါရစေ။ မဂ္ဂဇင်းများတွင် ပါနေကျ ဝတ္ထုတိုများသည် ဝတ္ထုတိုကလေးများ ဖြစ်ပါသည်။ မဂ္ဂဇင်းများတွင် ထည့်နေသောလချင်းပြီး ဝတ္ထုရှည်အမည်ခံများမှာ ဝတ္ထုတိုကြီးများ ဖြစ်ပါသည်။ ဝတ္ထုလတ်ဟူသော အမည်နှင့်လည်း မတန်ပေ။ ဝတ္ထုတိုအုပ်စုတွင်သာ ရှိပေသည်။

ဤအယူအဆသည် ကျွန်တော်၏ ကိုယ်ပိုင်အယူအဆသာ ဖြစ်သည်။ အခြားသူများ ကြိုက်သလို ခေါ်ပုံကိုလည်း ကျွန်တော် မဝေဖန်လိုပေ။ ကိုယ့်အယူအဆနှင့်ကိုယ်ဟုသာ သဘောထားပါသည်။ စာရေးတတ်ရန် ကြိုးစားသူတိုင်း မည်သည့်ဝတ္ထုကိုမဆို ရေးရန် ခက်မည်မထင်ပါ။ ဝတ္ထုကောင်း ဖြစ်ရန်သာ ခက်ပါမည်။ ကျွန်တော့်အဖို့ကား မလွယ်ချေ။ ဝတ္ထုတစ်ပုဒ် ရေးနိုင်ရန် အလွန်ကြိုးစားရပါသည်။

မိတ်ဆွေရင်း မိတ်ဆွေချစ်များက စာရေးပျင်းသူဟု ကျွန်တော့်ကို ပြောကြရေးကြပါသည်။ ကျွန်တော် စာရေး မပျင်းပါ။ စာမြန်မြန်ရေး မြန်မြန်ပုံနှိပ်ရမည်ကိုသာ ဝန်လေးခြင်း ဖြစ်သည်။ ကျွန်တော်သည် အနှစ်၂၀ ကျော်ပတ်လုံး စာမဖတ်သောနေ့၊စာမဖတ်သောညဟူ၍ မရှိသလောက်ပင် ဖြစ်ပါသည်။ နေမကောင်းလျှင်၊ ခရီးပင်ပန်းနေလျှင်သာ မဖတ်ဖြစ်ခြင်း ရှိပါသည်။ ဖတ်သောစာများမှာ သမိုင်းစာ၊ ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာများက ပိုများပါသည်။

ထိုစာမျိုးကို ဖတ်ရင်းကပင် ကဗျာနှင့် ဝတ္ထုများ ရေးလိုစိတ် မကုန်ခန်းဘဲ ရှိပေမည်။ ချရေးထားသော်လည်း ပုံမနှိပ်ဖြစ်သည်က များပါသည်။ စိတ်ကြိုက် မကြိုးစားရသေးသောကြောင့် သိမ်းထားလေ့ရှိသည်။ စာအဆင့်မမီသေးဟု ကျွန်တော် ယူဆထားသောကြောင့် ပုံနှိပ်ရန် မရဲခြင်းဟုဆိုက ပို၍မှန်ပါမည်။

ငယ်စဉ်ကစ၍ ယခုအထိ ကဗျာကိုသာ ပြင်းထန်စွာ ဝါသနာပါပါသည်။ သို့သော်လည်း ဝတ္ထုများကို ပိုရေးမိပြီး ရေးလိုသော ကဗျာများသည် ဝတ္ထုသစ်ပင်ထဲတွင် အရွက်အခက်များအဖြစ် ပါသွားလေ့ရှိတတ်ပါသည်။ ကျွန်တော်၏ ဝတ္ထုသစ်ပင် အနည်းငယ်သာ ရှိပါသည်။ ကျွန်တော့်ဝတ္ထုသစ်ပင်များတွင် ကဗျာရွက်၊ ကဗျာခက်များကို ရှာလျှင် တွေ့နိုင်ပါသည်။ အချို့ကိုလည်း သီချင်းယူ၍ စပ်ကြပါသည်။ ကျွန်တော်သည် ဝတ္ထုရေးဆရာ မဖြစ်သေးပါ။ ဝတ္ထုကျောင်းသားမျှသာ ဖြစ်ပါသည်။ ဟန်မလုပ်ပါ။ ဟန်လုပ်နိုင်ရန် အဆင့်မရှိသေး၍ ဖြစ်ပါသည်။ ကြိုးစားဆဲဖြစ်ပါသည်။ ဝတ္ထုရေးဆရာ မဟုတ်သော်လည်း ဝတ္ထုရေးသူတော့ မှန်ပါသည်။ ဝတ္ထုနည်းနည်းလေးသာ ရေးနိုင်သေးသူဟုဆိုက ပိုမှန်ပါသည်။ ဖန်တီးမှု အတွေ့အကြုံ နည်းသေးသူဟု ထင်ပါသည်။


**မိုးတစ္ဆေ**ကို မရေးမီက ကျွန်တော့်ရင်ထဲတွင် ဒေါသမီးတောင်ကြီးများ သန်း ၁၀၀ ခန့် ပေါက်ကွဲနေပါသည်။ ကျွန်တော့်ကို နစ်နာအောင် လိမ်လည်ချောက်တွန်းထားသူတစ်ဦးကို ဒေါသချော်ရည်၊ မီးတောင် သန်း ၁၀၀ အားဖြင့် လောင်းချချင်နေပါသည်။ လက်စားချေချင်နေသည်။ အသက်ကလည်း ငယ်သေးသည်။ ဘယ်သူဆုံးမ၍မျှမရ၊ နောက်ဆုံးတွင် မိမိကိုယ်မိမိ ဆုံးမပါမှ ဒေါသချော်ရည်များ စမ်းရေဖြစ်သွားသည်။ လက်စားချေသော အလုပ်၏ စက်ဆုပ်ဖွယ်ကို မိုးတစ္ဆေ ခြောက်ပြလိုက်မိပါသည်။

**မပန်ပါနဲ့ ကြွေချင်တယ်** ရေးချိန်တွင် အချစ်ရေး၌ ရေမျောကမ်းတင်အဆင့်ပင် မရှိပေ။ ကမ်းမတင်ဘဲ ရေအမြဲ မျောနေသည်။ အလွမ်းကို ထမင်း၊ အလေကို အဖေလုပ်လျက် အခန်းတစ်ခုထဲ အမြဲအောင်းကာ စကြဝဠာတိုက် တစ်သောင်းသို့ စိတ်ကျောင်းထွက်နေသောအချိန် ဖြစ်ပါသည်။ **နွေဆန်းလျှင် လေကလေးတွေနဲ့ တွေ့သေးရင် ကိုယ်မမေ့တာမို့ ကြေမြည့်မြည့် ဆွေးမိတယ်** ဟူသော ကဗျာလေးရှူးများ လက်ထဲတွေ့နေချိန် ဖြစ်သည်။ ရေးဖို့ရည်ရွယ်ရင်းက ပညာတတ်လူငယ်လောကတွင် နိုင်ငံခြားဝေလေ့ မက်မောမှုကို ရှုတ်ချရန် ဖြစ်သည်။ ရေးလိုက်သောအခါ ရည်ရွယ်ရင်း လုံးဝမပါဘဲ အလွမ်းမြင်းဒုန်းစိုင်းရာသို့ လိုက်ပါသွားပါတော့သည်။ ဝတ္ထုရေးအတွေ့အကြုံမရှိ၍ ဖြစ်ပါသည်။ လက်ပစ်ဖုံးလုပ်လိုက်ရာ ပန်းပွင့်ဖြစ်သွားပါသည်။ မပန်ပါနဲ့ ကြွေချင်တယ်ကို အားမရ၍ **အချစ်ရူးလေးရဲ့ အချစ်ဦး**ကို ထပ်ရေးပါသည်။ ရေးရသည်ကို ကျွန်တော် ကျေနပ်သည်။

**ဘယ်ပန်းချီရေးလို့မှ မမီ** တွင် ကျွန်တော့်အဖေ ဗိုလ်ငွေထွန်းကို ကျွန်တော် မည်မျှချစ်ကြောင်း ရေးပြခြင်း ဖြစ်သည်။ အဖေက သူ့ကို ကျွန်တော် မချစ်ဘူးထင်နေသည်။ ရှမ်းပြည်နယ်မှ ရသော အဖြစ်တစ်ခုကို ဇာတ်ဆင်လျက် အဖေ့အတွက် ချစ်ကန်တော့ဝတ္ထုဖြစ်ပါသည်။ သို့သော် အရက်ကြောင့် အမှားတွေ့သော သူငယ်ချင်းတစ်ဦး၏ အိမ်တွင် တည်းခိုနေစဉ်ဖြစ်၍ သူငယ်ချင်းအတွက်ပါ ထည့်ရေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော်ရည်ရွယ်ရင်းသို့ ရောက်ပါသည်။

**လမင်းငယ်ငယ် အပြုံးရှင်** ဝတ္ထုသည် ကျွန်တော့်ဝတ္ထုကြီးတစ်ပုဒ်၏ အပိုင်း(၁) ဖြစ်သည်။ အပိုင်း(၂)နှင့် အပိုင်း(၃)မှာ ပလတ်စတစ်အိတ်ထဲတွင် ချွေးအောင်းလျက် ရှိနေသေးသည်။ အများအတွက် အကျိုးဆောင်ချင်သော စိတ်ကူးယဉ်သူကလေးတစ်ဦး၊ မိခင်၏ အလွန့်အလွန် ချစ်ခြင်းတည်းဟူသော မေတ္တာရဲတိုက်ကြီးထဲမှထွက်လျက် စိတ်ကူးယဉ်ကို လုပ်ငန်းအသွင် ကူးပြောင်းခြင်း အကြောင်း ရေးပါသည်။ သို့သော် စာရေးသူ၏ ချစ်နှင်းများက ဝတ္ထုပေါ်တွင် ဝေလျက်ရှိသည်။ သို့သော် ချစ်နှင်းဝေဝေကြားတွင် ဇာတ်ကောင်၏ ပါးမို့မို့ အပြုံးလေးသာ ပေါ်သည်။ သို့သော် မျက်ရည်မှုင်ဖြင့် စောင်းကြိုးတပ်လျက် တီးခတ်သံသာ လွှမ်းနေသည်။ ရည်ရွယ်ရင်းသို့ မရောက်ပေ။

**အသက်နှင့် ရေးသော ကဗျာတစ်ပုဒ်** တွင် လူတိုင်းကို ဒုက္ခပေးသော သူကို ဒုက္ခခံရသူများက ဘယ်တော့မှ မကျေကြောင်းကို ရေးပါသည်။ ဤဝတ္ထုကို ကျွန်တော့်ဘာသာ ကျွန်တော်ကြိုက်သည်။ ဝတ္ထုဇာတ်သိမ်းတွင် စာရေးသူက စာဖတ်သူကို အားမလိုအားမရစိတ်ဖြင့် ထားခဲ့ချင်သည်။ ဤသို့ ထားရသည်ကို ရေးသူက အရသာခံသည်။ ဖတ်သူက ပြောချင်သလိုပြော။ မကြားချင်ဟန်ဆောင်နေချင်သည်။ အရသာတစ်မျိုးပင် ဖြစ်သည်။ သို့သော် မိတ်ဆွေများက ဇာတ်လမ်းဆက်ရေးရန် တိုက်တွန်းလွန်း၍ အိပ်မက်ကလေးတွေ ရယ်လိမ့်မယ်ဟု ဆက်ရေးမိသည်။ ဆက်မိမှားပါသည်။ **အိပ်မက်ကလေးတွေ ရယ်လိမ့်မယ်** ဝတ္ထုကို ကျွန်တော့်ဦးနှောက်သားသမီးအဖြစ်မှ အမွေပြတ် ကြေညာပစ်ချင်ပါသည်။ ဝတ္ထုရေးသူ၏ ဖန်တီးမှု စိတ်မခိုင်ခြင်း ဖြစ်သည်။






**မြင်းမိုရ်တောင်ထိပ်က ပန်းပွင့်ကလေးတွေ** ဝတ္ထုမှာ ဝတ္ထုအဖြစ် စာဖတ်သူများထံ အကုန်မရောက်သေးပါ။ ရှုမဝတွင် တစ်နှစ်ခွဲခန့် အခန်းဆက်ပါပြီးသော်လည်း သုံးပုံတစ်ပုံသာသာ ခန့်သာ ရှိပါသေးသည်။ ကျွန်တော်သည် ဤဝတ္ထုကျမှ မိမိ၏ သက်ရင့်အရွယ်အထိ တွေးသမျှ၊ ဖတ်သမျှ၊ လေ့လာသမျှ၊ ကြုံသမျှ၊ ကြားသမျှ ဗဟုသုတအားလုံးကို ဝတ္ထုတစ်ပုဒ်တွင်သာဖို့လျက် ဝတ္ထုတောင်တစ်ခုတည်ရန် ကြိုးပမ်းချင်စိတ် ပေါက်ပါသည်။ ဝတ္ထုတိုပေါင်းများစွာ၊ ရည်ရွယ်ချက်ပေါင်းများစွာ ခြုံရုံလျက် အတ္တဘီလူးသည် မိမိ၏ ပတ်ဝန်းကျင်ကိုပင်မက မိမိကိုယ်ကိုပင် ပါးစပ်သာ ကျန်တော့အောင် ဝါးစားတတ်ကြောင်း ပြမည်ဟု ရေးခြင်းဖြစ်ပါသည်။ အောင်မြင်မည်၊ မအောင်မြင်မည် မသိပါ။ ကြိုးစားချင်၍ ရေးသောဝတ္ထု ဖြစ်ပါသည်။ စာရေးသူသည် တစ်ခါတစ်ရံ စာလောဘကြီးလာခြင်း ဖြစ်ပါသည်။

ကျွန်တော်ရေးသမျှ အနည်းငယ်သာ ရှိသော ဝတ္ထုများနှင့် ပတ်သက်၍ တစ်ခုစီ အကျဉ်းဆုံး ပြပြီးပါပြီ။ ကျွန်တော့်ကို အခြေခံသော ဝတ္ထုရေးသူအကြောင်း၊ ဝတ္ထုအကြောင်းကို ဆန်းစစ်လျှင် ဝတ္ထုရေးသူသည်- (၁) မိမိဒေါသကို နှိမ်နင်းလျက် ဝတ္ထုဖန်ဆင်းသည်လည်း ရှိပါသည်။ (၂) ချစ်စိတ်ကဲလွန်းသော အသက်အရွယ်တွင် ရည်ရွယ်ချက်ကို ချစ်ကွက်များက ဖုံးသွားတတ်သည်လည်း ရှိသည်။ (၃) ဦးတည်ချက်ကို တကယ်ထိမိအောင် ရေးနိုင်သည်လည်း ရှိသည်။ (၄) စာဖတ်သူ ကြိုက်မကြိုက်ကို ဂရုမစိုက်ဘဲ စာရေးသူအကြိုက် ရေးသည်လည်း ရှိသည်။ စာဖတ်သူ အကြိုက်ကို မလိုက်ချင်လျှင် ဘာမျှမငဲ့ဘဲ ခိုင်ခိုင်ဆုံးဖြတ်ရေးလျှင် ကောင်းမည်။ (၅) အရွယ်ရင့်လာလျှင် စာရေးသူသည် စာလောဘကြီးလာသည်လည်း ရှိသည်။ ပြောင်ပြောင်မြောက်မြောက် ပို၍ဖန်တီးချင်မည်။ အခြားသူများလည်း သူတို့နှင့်ဆိုင်ရာ သီးခြားအခြေအနေများ ရှိပါလိမ့်မည်။

စာဖတ်သူအား မှန်ကန်သော ဆွဲဆောင်မှုပေးလျက် မိမိရေးလိုသော ဦးတည်ချက်ကို ထင်ရှားပေါ်လွင်အောင်၊ သိမြင်ခံစားနိုင်အောင် ကြိုးပမ်းလိုစိတ်သာ ရှိပါသည်။ မရေးမီ မိမိ၏ စာကြည့်တိုက်တွင် တစ်ယောက်တည်း ထိုင်လျက် စာရေးသူအဖြစ်မှ ဇာတ်ကောင်အဖြစ်သို့ ရောက်ရှိခံစားပြီးမှသာ ရေးလေ့ရှိပါသည်။ စိတ်မပါလျှင် ဖျစ်ညှစ်မရေးပါ။ ပြင်းထန်သော ကြိုးစားမှုအတွေ့အကြုံကသာ သင်သွားလိမ့်မည်ဟု ယုံကြည်ပါသည်။

(က) ကျွန်တော်၏ ပင်ကိုယုံကြည်ချက်တွင် ဝတ္ထုရေးသူသည် ဝတ္ထုဖန်တီးသော အလုပ်နှင့်သာ သက်ဆိုင်သည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဝတ္ထုကြီး စသော အခေါ်များမှာ ရှိသော်လည်း ဝတ္ထုရေးသူက ရေးကြီးခွင်ကျယ်ဝင်၍ ဆုံးဖြတ်နေရန် မလိုချေ။ ဖတ်သူ၊ လေ့လာသူ၊ ထုတ်ဝေသူများ ပြောချင် ပြောကြပါစေ။ ဝတ္ထုရေးသူသည် သူ၏ ဖန်တီးနိုင်မှု အတိုင်းအတာအစွမ်းအရ ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်အောင် ဖန်တီးဖို့သာ အရေးကြီးပါသည်။ တိုချင်လည်း တိုသွားမည်။ ရှည်ချင်လည်း ရှည်သွားမည်။

(ခ) ဝတ္ထုသည် ပုံပြင်၏ ရင်သွေးများသာ ဖြစ်ပါသည်။ လူ့စရိုက်နှင့်တူအောင် လုပ်ထားသော ပုံပြင်တစ်မျိုးသာ ဖြစ်သည်။ ကျော်ကြားသော ဝတ္ထုတချို့မှာ ပုံပြင်ကပြား ဖြစ်လာကြပါပြီ။ ဝတ္ထုတိုရေးရသည်မှာ ဝတ္ထုရှည်ထက် ခက်ပါသည်။ "ဝတ္ထုတို ရေးခြင်းသည် ကလပ်ကလေးပေါ် တက်ကပြရသည်နှင့်တူသည်။ ဝတ္ထုကြီးရေးခြင်းသည် ဇာတ်ခုံပေါ်တက် ကပြရသည်နှင့်တူသည်" ဟူ၍ သုံးသပ်ရေးသားထားပါသည်။ ဆရာကြီး၏ ဝတ္ထုများအပေါ် ပုံဖော်ဖန်တီးရေးသားပုံတို့ကို ဖတ်ရသည်နှင့်ပင် ရသမြောက်စွာ ခံစားရပါသည်။

**အမျိုးသားစာပေတစ်သက်တာစာပေဆုရရှိခဲ့ခြင်းအပေါ် ဆရာကြီး၏ မုဒိတာစကားများ**

ဆရာကြီးက "စာရေးတယ်ဆိုတာ အနုပညာဖန်တီးမှုလို့ပဲ ခံယူထားတာဆိုတော့ ပီတိကိုစား အားဖြစ်စေခဲ့တဲ့ ဆရာကြီးတို့လို စာရေးဆရာတွေရဲ့ ဘဝမှာ အခုလိုရွေးချယ်ချီးမြှင့်တဲ့ အမျိုးသားစာပေ တစ်သက်တာဆု ရခဲ့တာကို အတိုင်းမသိ ဝမ်းသာပါတယ်။ ပျော်လည်း ပျော်ပါတယ်။ စာရေးဆရာဆိုတာ ဝါသနာကိုပဲ အရင်းခံပြီး ဘာကိုမှ မျှော်ကိုးပြီး ရေးခဲ့တာ မဟုတ်ပါဘူး။ ဒါဟာ ဘယ်လိုဝမ်းသာမှုမျိုးနဲ့မှ လဲလို့မရနိုင်တဲ့ ဘဝမှတ်တိုင်သစ်ပါ။ ဆရာကြီးက ကဗျာတွေ၊ ဝတ္ထုတို၊ ဝတ္ထုရှည်တွေ၊ လုံးချင်းဝတ္ထုတွေ၊ ဆောင်းပါးတွေနဲ့ သမိုင်းသုတေသန စာတမ်းတွေကို ရေးသားခဲ့ပါတယ်။ ယနေ့ခေတ် လူငယ်တွေကို ပြောချင်တာကတော့ စာကောင်းပေမွန်တွေကို ရွေးချယ်ဖတ်မှတ်စေချင်ပါတယ်။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုမှာ စာပေလေ့လာမှုက အရေးကြီးတဲ့ အခန်းကဏ္ဍမှ ပါဝင်နေပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့က လူတိုင်း စာဖတ်ဖို့ လိုပါတယ်" ဟု မုဒိတာစကား ပြောကြားခဲ့ပါသည်။

**တို့ပြည်ထောင်စုကဗျာ**စာအုပ်တွင်လည်း ဆရာကြီး၏ လူငယ်များအပေါ် စေတနာထားကာ သွန်သင်ဆုံးမထားသည်ကို တွေ့နိုင်ပါသည်။ ၎င်းကဗျာကိုလည်း မှတ်သားဖွယ် ဖော်ပြလိုက်ပါသည်။

**ကိုယ်၊ နှုတ်ယဉ်ကျေးမယ်**
ချိုချိုလေး သုံးပါလို့
ပြုံးပြုံးလေး နေကြမယ်။
ကြမ်းတမ်းစွာ ဆိုစကားကို
တို့များ ရှောင်ဖယ်။
ကိုယ်၊ နှုတ်နဲ့ မူယာဝယ်
လွန်စွာကွယ် ယဉ်ကျေး။
သည်းခံကာ ဒေါသဝေးအောင်
နေကြမယ်လေး။ ။

ဆရာကြီးသည် ယခုအခါ အသက် ၉၀ ရှိပြီး ဇနီး အင်းလေးသန္တာခင် ခေါ် စာပေဗိမာန်စာမူဆုရ ဆရာမကြီး ဒေါ်ခင်ညွန့်(အင်းလေး)နှင့်အတူ သားသမီး၊ မြေးများဖြင့် အမှတ်(၇/၁၅၀)၊ သန္တာလမ်း၊ ရွှေသူဌေးကုန်း၊ တောင်ကြီးမြို့၌ ကျန်းမာပျော်ရွှင်စွာ နေထိုင်လျက်ရှိပြီး စာပေလုပ်ငန်းများကို ဆောင်ရွက်နေဆဲပင် ဖြစ်ပါသည်။ ကျွန်မသည် ဆရာကြီးနှင့် လူချင်းတွေ့ကာ စကားမပြောဖူးခဲ့သော်လည်း ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့ရပါသည်။ ဆရာကြီးသည် အသက် ၉၀ ရှိပြီဖြစ်သော်လည်း အသံကြည်လင်စွာဖြင့် ပြောဆိုဆွေးနွေးနိုင်ဆဲ ဖြစ်ပါသည်။ ကျွန်မအနေဖြင့်လည်း ဆရာကြီးအား အသက်ရာကျော်တိုင်အောင် ကျန်းမာအသက်ရှည်စွာ နေထိုင်၍ ရာပြည့်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြု ရေးသားလိုက်ပါသည်။ ။

**ကိုးကား**

(၁) ၂၀၁၆ ခုနှစ် အမျိုးသားစာပေ စိစစ်ရွေးချယ်ရေး ကော်မတီနှင့် အဖွဲ့ငယ်များ အစီရင်ခံစာ
(၂) ဆရာကြီး၏ အသက် ၈၀ ပြည့် မွေးနေ့အထိမ်းအမှတ် ဂါရဝ စာစောင်
(၃) ဆရာကြီးရေးသားခဲ့သော စာအုပ်များ

# လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဒီဇင်ဘာ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာ မရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိ သူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူ များစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများ မှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများ နှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်း များကို ဆောင်ရွက်ပေးလျက် ရှိသည်။

**ကာကွယ်ဆေးထိုးနှံ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၃ နယ်တို့၌ ဒေသခံပြည်သူ ၄၈၄၄ ဦး၊ ရှမ်း ပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မိုင်းပျဉ်းမြို့နယ်နှင့် မိုင်းဆတ် မြို့နယ်၌ ဒေသခံပြည်သူ ၉၈၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ် မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၀၀၅ဦး၊ ရောဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၃၀၁၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံ ပြည်သူ ၄၀၅၅ ဦး၊ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၉၉၄၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင် မြို့နယ်၌ ဒေသခံပြည်သူ ၂၅၀ တို့ ကို တပ်မတော်မှ ဆေးအဖွဲ့များ က ပြည်သူ့ဆေးရုံများမှ ဆရာဝန် များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး သည်။

**ကျောင်းသား ကျောင်းသူ ၉၅၃ဦး ကာကွယ်ဆေး ထိုးနှံပေး**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း ရှိ မြို့နယ် လေး မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၈၁ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကျောင်းသား ကျောင်းသူ ၈၅ ဦး၊ ရောဝတီတိုင်း ဒေသကြီးအတွင်း ရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၅၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့ များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှု များကို သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

---

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**






## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁၂-၂၀၂၁ တနင်္ဂနွေနေ့

MRTV HD

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** တရုတ်ကာတွန်း **'ဖိုးကောင်ကြီး ဥယျာဉ်စွန့်စားခန်း'** (အပိုင်း-၄၆)
**၀၉:၄၅** အသိပညာနှင့်အမှန်တရား **'သင့်တင့်လျောက်ပတ်သောအရပ်မှာ နေခြင်းသည် မင်္ဂလာမည်၏'**
**၁၀:၀၀** **'တူယှဉ်နွဲပျော် ဂီတပွဲတော်'** သီချင်းဆိုပြိုင်ပွဲ (ပွဲစဉ်-၅)
**၁၂:၃၀** This Week's Special Interest
**၁၃:၃၀** MRTV National News
**၁၃:၅၅** မြန်မာ့ဂန္ထဝင်ရုပ်ရှင် **'ချိန်တန်ပြီ'** (မောင်တင်မောင်၊ မေသစ်၊ မေရှင်)
**၁၆:၃၅** အလည်တစ်ခေါက်ရောက်ခဲ့ပါပြီ ငါးမည်ရတဲ့အညာယဉ်ကျေးမှုမြို့ဆီ (အပိုင်း-၂)
**၁၇:၂၀** ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လှို့ဝှက်ချက်'** (အပိုင်း-၄၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၂၁:၂၅** ကြွေလည်းဝေမြဲတမ်းတာဆဲ

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

mitv

**07:01** News
**07:26** Global Partnership for Brighter Future: Brazil Pavilion at Expo 2020 Dubai
**07:34** A Visit To Ye's Coastal Area
**07:49** Sagaing: Gold Leaf
**08:01** Myanmar Puppeteers (Duet Dance)
**08:12** Today Myanmar
**08:21** Star Bean Production
**08:40** Let's Taste Delicious Insects: Barbequed Sago Worm Salad and Bamboo Worm Fried Rice
**09:02** The Recycle Art: Tyre
**09:18** Ancient Shwe-San-Taw Pagoda
**09:34** Myanmar's Beauty and Nature "Beach"
**10:00** Weekly Review

MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)** သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၇)
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** သဘာဝရဲ့အလှတရားများနဲ့ ကျောက်ပုထိုးစေတီတော်
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၂)
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မျောက်ငိုသီး
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ဆောင်းရာသီရဲ့သဘာဝပန်းအလှများ
**မွန် (၁၁:၀၀ မှ ၁၃:၀၀)** ဓနိဖူး၏အသုံးဝင်ပုံ အကျိုးကျေးဇူး
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၀)
**ဝ (၁၇:၀၀ မှ ၁၉:၀၀)** မွေခံထိုက်သူ (ဇာတ်လမ်းတို)
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ပေးဆပ်ခြင်းရဲ့အကောင်းဆုံးလက်ဆောင်
**ကယား (၂၁:၀၀ မှ ၂၃:၀၀)** ကယားရိုးရာဝက်အူချောင်း

MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သိလျက်နဲ့ထိမ်ချန်မှု'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် အမျိုးမျိုးအကြောင်းသိကောင်းစရာ (အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၅-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 2 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 3 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 4 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 5 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 6 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 7 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 8 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 9 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 10 | P.O Dexamethasone | Box of 10x10's | 1450 | JDS |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၅

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၁၂ - ၂၀၂၁

ရွှေ

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၅၀/၁၂၈၀ ကျပ် | ၁၂၉၀/၁၃၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၆၀/၁၃၀၀ ကျပ် | ၁၃၁၀/၁၃၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၇၅/၁၃၀၅ ကျပ် | ၁၃၃၅/၁၃၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၂၅/၁၃၇၀ ကျပ် | ၁၄၅၀/၁၄၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၂ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၉၈၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၈၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၂၃ |

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၁၄၆ | ၁၂၂၆၄၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၈၁ | ၂၅၁၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁ | ၁၉၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၁၀ | ၂၉၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# သောဝစဿတာ

## ဆိုဆုံးမလွယ်သူဖြစ်ခြင်းသည် မင်္ဂလာတရားတော်နှင့်ညီ၏။

ကျော်ကျော်လှိုင်

ဆိုဆုံးမလွယ်သူဖြစ်ခြင်းသည် မင်္ဂလာတရားတော်နှင့် ညီ၏ ဟု ဗုဒ္ဓဘုရားရှင်က ဟောပါသည်။ မိဘ၊ ဆရာများက ဆိုဆုံးမသည့်အခါ ကောင်းစွာနာယူလိုက်နာခြင်းသည် ကောင်းမြတ်သောအကျင့်ဖြစ်ပါသည်။ တချို့က ပြောဆိုဆုံးမသည့်အခါ မလိုက်နာသည့်အပြင် ပြက်ရယ်ပင် ပြုတတ်ကြပါသည်။ လုပ်ငန်းခွင်ထဲတွင်လည်း မိမိထက်ရာထူးကြီးသူ၊ မိမိထက် အတွေ့အကြုံ များသူ၊ မိမိထက် အသက်ကြီးသူများက ပြောဆို ဆုံးမသည့်အခါ လေးလေးစားစား လိုက်နာရန်လိုပါသည်။ ပြောဆိုဆုံးမခြင်းများကို မလိုက်နာလျှင် ဘဝတစ်လျှောက် ဖွံ့ဖြိုးတိုးတက်မှုရရန် ခက်သလို ရေရှည်တွင်လည်း အမှားများစွာနှင့် ရင်ဆိုင်ရပါမည်။ ထို့ကြောင့် ဆိုဆုံးမလွယ်သူဖြစ်ရန် မိမိကိုယ်မိမိ ပြုပြင်နေထိုင်ရပါမည်။ ဆရာ၊ မိဘများကို ကန်တော့သည့်အခါ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ "ဆိုဆုံးမ လွယ်သူဖြစ်ပါစေ" ဟု ဆရာ၊ မိဘများက ဆုပေးလေ့ရှိပါသည်။ ဤဆုသည် အလွန်အဖိုးတန်သောဆုဖြစ်ပြီး ဘုရားဟောနှင့်လည်း ကိုက်ညီပါသည်။ ဆရာက ဆိုဆုံးမသည်ကို အပြိုးထားသည့်တပည့်အကြောင်းကို ဗုဒ္ဓဘုရားရှင်က တိလမုဋ္ဌိဇာတ်တွင် အောက်ပါအတိုင်း ဟောပါသည်။

### တိလမုဋ္ဌိဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် သားတော်ဗြဟ္မဒတ္တ မင်းသားသည် တက္ကသိုလ်မှ ဒိသာပါမောက္ခဆရာကြီးထံ လာရောက်၍ ပညာသင်လေသည်။ တစ်နေ့သောအခါ မင်းသားသည် ဆရာကြီးနှင့်အတူ ရေချိုးရန် လိုက်လာခဲ့ရာ အဖြူချွတ်၍ ဖြန့်လှန်းထားသော နှမ်းများကိုတွေ့လျှင် နှမ်းတစ်ဆုပ်ကို ကောက်ယူစားသောက်သည်။

အနီးတွင် ထိုင်စောင့်နေသော အဖွားအိုက မည်သို့မျှ မဆိုဘဲ "စားချင်လွန်း၍ သာဖြစ်မည်"ဟု နှလုံးသွင်းလိုက်သည်။ ဒုတိယနေ့၊ တတိယနေ့များတွင်လည်း ရှေ့ရက်များကဲ့သို့ပင် နှမ်းတစ်ဆုပ်ပါသွားပြန်လျှင် အဘွားအိုသည် သည်းမခံနိုင်တော့ဘဲ "ဆရာကြီးသည် တပည့်များကို လုယက်ခိုင်းနေသည်"ဟု အော်ဟစ်၍ ငိုကြွေးသဖြင့် ဆရာကြီး သိသွားကာ "တန်ဖိုးကို ပေးလျော်ပါမည်"ဟု ဆရာကြီးက ဆိုသည်။ အဘွားအိုကတန်ဖိုးကို ပေးလျော်ရန် မလိုကြောင်း၊ နောင်တွင် ဤသို့ မပြုမူအောင်သာ ဆုံးမပေးစေလိုကြောင်း ပြန်ကြားရာ၊ ဆရာကြီးသည် အဘွားအိုရှေ့၌ပင် မင်းသားကို "နောင်ကို ဤသို့ မပြုလင့်"ဟု ဆုံးမကာ ဝါးခြမ်း စိတ်ဖြင့် သုံးချက်ရိုက်သည်။

မင်းသားသည် ပညာစုံ၍ ရွှေဘုံသို့ ပြန်ခါနီးတွင် အကျွန်ုပ် မင်းအဖြစ်သို့ ရောက်သောအခါ ဆရာကြီး ကြွလာတော်မူပါဟု ဆရာကြီးအား ပန်ကြားခဲ့သည်။ မင်းသားသည် ဗာရာဏသီ ပြန်ရောက်၍ မကြာမီ မင်းအဖြစ်သို့ရောက်လျှင် ဆရာကြီးထံသို့ အကြောင်းကြားသည်။ ဗာရာဏသီမင်းသစ်သည် ငယ်ရွယ်သေးသဖြင့် အသိဉာဏ် မရင့်သေးကြောင်း တွေးတောမိ၍ ရုတ်ခြည်း မသွားသေးဘဲ ဒုတိယအရွယ်ရောက်မှ ကြွလာသည်။ ထိုအခါမင်းသည် အမတ်များကိုခေါ်၍ "အမတ်တို့ ငါ့အား ဆရာကြီး ရိုက်ခဲ့သော ဒဏ်ရာသည် ယနေ့တိုင် နာကျင်နေသေးသည်။ ဆရာသည် ယနေ့ သေဖို့ကံကြမ္မာပါ၍ နန်းတော်သို့ လာခဲ့သည်" ဟု ဆိုသည်။ ဆရာကြီးက "မြတ်သောမင်းကြီး၊ အကျွန်ုပ်သည် ငယ်စဉ်က သင်မင်းကြီးကို မဆုံးမခဲ့လျှင် နောင်တွင် လမ်းသွားလမ်းလာများနှင့် ကျေးရွာများကို တစ်ဆင့်ပြီးတစ်ဆင့် လုယက် တိုက်ခိုက်နိုင်လာပါသည်။ ထိုသို့ဖြစ်လာလျှင် ပြစ်ဒဏ်အမျိုးမျိုး သင့်၍ ယခုရရှိနေသော မင်းစည်းစိမ်ကိုလည်း ရမည်မဟုတ်ပါ။ မင်းကြီး၏ လက်ရှိ စည်းစိမ်သည် ကျွန်ုပ်ကြောင့်သာ ရရှိခြင်းဖြစ်ပါသည်" ဟု လျှောက်တင်လေသည်။ ထိုအခါ မင်းကြီးလည်း ဆရာကြီးအပေါ်ထားသည့် ရန်ငြိုးများ ပြေပျောက်ပြီး အသိမှန်ရသွားကာ ဆရာကြီးအား ပရောဟိတ်အရာ၌ထား၍ သက်ဆုံးတိုင် အဆုံးအမကို ခံယူသွားပါသည်။

တိလမုဋ္ဌိဇာတ်သည် ဆရာတို့၏ ဆိုဆုံးမမှုကို နာခံတတ်ရန်လိုကြောင်း၊ ဆရာတို့၏ ဆိုဆုံးမမှုသည် အလိမ္မာတရားကို ဖြစ်စေကြောင်းကို ဖော်ညွှန်းပါသည်။ ယနေ့ခေတ်တွင် ရိုက်၍ ဆုံးမသည်ကို နှစ်သက်ခြင်းမရှိသည့် ကျောင်းသားများ၊ မိဘများကိုလည်း တွေ့နေရပါသည်။ တစ်ဖက်ကလည်း ကျောင်းသားကို လိုအပ်သည်ထက် ပိုရိုက်၍ အရေးယူခံရသော ဆရာများကိုလည်း တွေ့နေရပါသည်။ ဆိုဆုံးမမှုကို ခံယူတတ်သူဖြစ်မှသာ ဗုဒ္ဓဘုရားရှင်၏ တရားတော်နှင့် ညီမည်ဖြစ်၍ ဆိုဆုံးမလွယ်သူ ဖြစ်အောင် မိမိကိုယ်မိမိ သတိပြု နှလုံးသွင်းရပါမည်။

> **"ယနေ့ခေတ်တွင် ရိုက်၍ ဆုံးမသည်ကို နှစ်သက်ခြင်းမရှိသည့် ကျောင်းသားများ၊ မိဘများကိုလည်း တွေ့နေရပါ သည်။ တစ်ဖက်ကလည်း ကျောင်းသားကို လိုအပ်သည်ထက် ပိုရိုက်၍ အရေးယူ ခံရသော ဆရာများကိုလည်း တွေ့နေရပါသည်။ ဆိုဆုံးမမှုကို ခံယူတတ်သူဖြစ်မှသာ ဗုဒ္ဓဘုရားရှင်၏ တရားတော်နှင့် ညီမည်ဖြစ်၍ ဆိုဆုံးမလွယ်သူ ဖြစ်အောင် မိမိကိုယ်မိမိ သတိပြု နှလုံးသွင်းရပါမည်"**

သူတော်ကောင်း ပညာရှိများသည် တွေ့ကြုံရသည့် အဖြစ်အပျက်များမှ မိမိကိုယ်မိမိ ဆုံးမလေ့ရှိသည်ကို အောက်ပါ အဖြစ်အပျက်မှ သိနိုင်ပါသည်။

တစ်ခါတွင် စွန်းလွန်းဆရာတော်ဘုရားကြီး သီတင်းသုံးသည့် ကျောင်းဝင်းထဲတွင် အမျိုးသမီးနှစ်ယောက် ရေခပ်ရင်းနှင့် ရန်ဖြစ်ကြပါသည်။ တစ်ဖက်နှင့်တစ်ဖက် ဒေါသတကြီး ပြောဆိုရာကနေ လုံးထွေးသတ်ပုတ်ကြပါသည်။ ဆရာတော်ကြီးက မြင်သည့်အခါ သံဃာတော်များကိုခေါ်ပြ၍ "ကြည့်ကြစမ်း ငါ့ရှင်တို့၊ ဒကာမနှစ်ယောက်ဟာ ဒေါသက မြှောက်ပေးလို့ ဘယ်လောက် ပင်ပန်းဆင်းရဲနေကြသလဲ၊ ဒါဟာ တို့ကို တရားပြနေတာပဲ။ တို့ကို တရားပြပြီး ဆုံးမနေကြသူ နှစ်ယောက်ကို တရားပူဇော်ကြရမယ်။ ကျက်သရေခန်းထဲက ငှက်ပျောသီး နှစ်ဖီးကိုယူပြီး တစ်ယောက် တစ်ဖီးစီ လှူလိုက်ကြ၊ ငှက်ပျောသီး စားပြီး တအောင့်တနား အပန်းဖြေပြီး ရန်ဆက်ဖြစ်ချင်လည်းဖြစ်ပါစေ" ဟု အမိန့်ရှိရာ ဒကာမနှစ်ယောက်လည်း ကြောက်လန့်ပြီး ထွက်ပြေးကြပါသည်။

### ဝေဖန်ပိုင်းခြားနိုင်သည့်စိတ်

ကိုယ်ချင်းစာနာစိတ်ရှိသူ၊ သဘာဝတရားကို နားလည်သဘောပေါက်သူ၊ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်သူများသည် ဆိုဆုံးမမှုကို နာခံတတ်သူများ ဖြစ်ပါသည်။ ဤအချက်များနှင့် ပြည့်စုံရန် စာများများဖတ်ရန်လိုပါသည်။ စာများများဖတ်သူသည် ကိုယ်ချင်းစာစိတ်၊ အများအပေါ် ကူညီချင်သည့်စိတ်များကို ပိုင်ဆိုင်လာပါသည်။ စာကောင်း ပေကောင်းများကို ဖတ်သည့်အခါ ဦးစွာ နှလုံးသားကို ထိပါသည်။ နှလုံးသားမှ တစ်ဆင့် ဦးနှောက်ကို ရောက်ပါသည်။ ဦးနှောက်ကို ရောက်သည့်အခါ အမှား အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့်စိတ် ဖွံ့ဖြိုးတိုးတက်လာပါသည်။ အမှား အမှန်ကို အသိရှိပြီး မှန်ကန်သည့်လမ်းကို ဘဝအတွက်ရွေးချယ်သူက ဆိုဆုံးမလွယ်သူများ ဖြစ်လာပါသည်။

ကိုယ်ချင်းစာစိတ်နှင့် ပတ်သက်ပြီး အောက်ပါဝတ္ထုတိုလေးက အလွန်ပင် အတွေးကို ရစေပါသည်။

ဆေးရုံတစ်ခုရှိ အထူးကုသခန်းထဲတွင် လူနာနှစ်ယောက် ရှိနေပါသည်။ တစ်ယောက်က ပြတင်းပေါက်နား ခုတင်ပေါ်တွင်ရှိပြီး တစ်ယောက်က ပြတင်းပေါက်နှင့် ဝေးရာ ခုတင်ပေါ်တွင် ရှိနေပါသည်။ လူနာနှစ်ဦးစလုံးပင် လက်တွင် အပ်များနှင့် ဆေးများသွင်းထားခြင်း၊ သွေးပေါင်ချိန်တိုင်းသော စက်များတပ်ထားခြင်း၊ နှာခေါင်းတွင် တပ်ထားသော အောက်ဆီဂျင်ပိုက်များကြောင့် နှစ်ဦးစလုံး လှုပ်၍မရပါ။ အထူးကုသခန်းဖြစ်၍ အပြင်လူလည်း ဝင်မရပါ။ ပြတင်းပေါက်နှင့် ဝေးနေသည့် လူနာက ပြတင်းပေါက်နားရှိ လူနာကို ပြတင်းပေါက်မှ မြင်ရသည့်ရှုခင်းကို ပြောပြခိုင်းပါသည်။ "ပန်းခြံကြီးကို မြင်နေရတယ်။ ပန်းတွေပွင့်နေပြီး သိပ်လှတာပဲ။ ရေပန်းတွေလည်း ရှိတယ်။ ကလေးတွေ ဆော့နေတယ်။ ရေကန်ထဲမှာ ငန်းတွေလည်းရှိတယ်။ သိပ်သာယာတာပဲ။ တို့တွေ နေကောင်းရင် ပန်းခြံထဲကို သွားကြမယ်"ဟု ပြတင်းပေါက်အနားရှိ လူနာက ပြောပါသည်။ ပြတင်းပေါက်နှင့်ဝေးသည့် လူနာက ပြတင်းပေါက်နှင့် နီးသည့်ခုတင်ကိုရရင် သိပ်ကောင်းမှာပဲဟု တွေးမိပါသည်။ ညရောက်သောအခါ ပြတင်းပေါက်အနီးရှိ လူနာသည် ရောဂါသည်းပြီး ကွယ်လွန်သွားပါသည်။ မနက်ရောက်သောအခါ ပြတင်းပေါက်နှင့် ဝေးသည့် ခုတင်ပေါ်ရှိလူနာသည် ပြတင်းပေါက်နားကို ရွှေ့ခွင့်ရတော့မည်ဖြစ်၍ ပျော်နေပါသည်။ သူနာပြုများက ပြတင်းပေါက်အနီးသို့ ပြောင်းရွှေ့ပေးပါသည်။ ပြတင်းပေါက်မှ ကြည့်လိုက်သောအခါ လူနာတွေ့လိုက်သည်က ရုပ်ကွက်တစ်ခုရှိ အိမ်များသာ ဖြစ်ပါသည်။ ထိုအခါမှ ကွယ်လွန်သွားသည့် လူနာသည် မသေခင် မိမိကို စိတ်ချမ်းသာမှုရအောင် ကူညီခဲ့သည်ကို တွေးမိပြီး မျက်ရည်ကျပါသည်။

အထက်ပါ ဝတ္ထုတိုလေးသည် လူတိုင်းအပေါ်မှာ မိမိစွမ်းအားရှိသရွေ့ ကူညီရမည်။ ကိုယ်ချင်းစာစိတ်၊ စာနာစိတ်ထားရမည်ဆိုသည့် အသိတရားများကို ရရှိစေပါသည်။

ကွယ်လွန်သွားပြီဖြစ်သည့် စာရေးဆရာသုမောင်၏ ဝတ္ထုတိုလေးကလည်း အတွေးကို ရစေပါသည်။

**ဝတ္ထုထဲတွင် –**

စာရေးဆရာသုမောင်က သူ့ဖခင် စာရေးဆရာကြီးဦးသာခုကို တွေ့ဖို့သွားပါသည်။ အဖေ့အိမ်ရောက်သည့်အခါ "နင့်အဖေ ဆံပင်သွားညှပ်တယ်"ဟု သုမောင်အမေက ပြောပါသည်။ အဖေ ဆံပင်သွားညှပ်သည့်အတွက် ခဏနေရင် ပြန်လာမှာ ဟူသောအတွေးဖြင့် အဖေ့ကို ထိုင်စောင့်ရင်းနှင့် စာရေးဆရာသုမောင် အိပ်ပျော်သွားပါသည်။ အိပ်ပျော်ရာမှ လန့်နိုးသည့်အချိန်တွင် "အဖေ့ကို စောင့်ရင်း ကျွန်တော် အိပ်ပျော်သွားတယ်၊ အဖေကလည်း ကြာလိုက်တာ"ဟု အမေ့ကို ပြောပါသည်။ "မင်းအဖေ ခါတိုင်း ဆံပင်ညှပ်ရင် ကြာလေ့မရှိပါဘူး" ဟု သုမောင်အမေက ပြန်ပြောစဉ် ဦးသာခု ပြန်ရောက်လာပါသည်။ ထိုအခါ သုမောင်က "အဖေ ဆံပင်သွားညှပ်တာ ကြာလိုက်တာ၊ ဘာဖြစ်လို့လဲ" ဟု မေးရာ ဦးသာခုက "အေးကွာ ငါ့ကိုညှပ်မယ့် ဆံပင်ညှပ်သမားက မြို့ထဲမှာ သူ့ဆံပင် သွားညှပ်နေလို့ ငါ ထိုင်စောင့်နေရတယ်" ဟု ပြောပါသည်။

ဤစာကို ဖတ်ရသည့်အခါ လောကကြီး၌ လူသားများသည် တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြုနေရသည်ဆိုသည့် အတွေးကို ရပါသည်။ ကျွမ်းကျင်သည့် ဆံပင်ညှပ်သမားသည် မိမိခေါင်းကို မိမိညှပ်၍ မရပါ။ အခြားသူ၏ အကူအညီမရဘဲ မိမိခေါင်းကို ဆံပင်ညှပ်၍ မရပါ။ လောကကြီး၏ သဘာဝတရားကို တွေးမိပါသည်။

ထို့ကြောင့် စာဖတ်သူ၏ အသိဉာဏ်သည် မြင့်မားပါသည်။ အသိဉာဏ်မြင့်မားသူများသည် ဆိုဆုံးမလွယ်သူများ ဖြစ်လာပါသည်။ ဆိုဆုံးမမှုကို ခံယူတတ်သူသည် ဘဝကို စည်းကမ်းဥပဒေဘောင်အတွင်းမှ ယဉ်ကျေးသိမ်မွေ့စွာ တည်ဆောက်သူများ ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဆရာ၊ မိဘက သော်လည်းကောင်း၊ မိမိအကျိုးကို လိုလားသောမိတ်ဆွေကသော် လည်းကောင်း၊ သူတော်ကောင်း ပညာရှိများက သော်လည်းကောင်း မိမိကို ဆိုဆုံးမသည့်အခါ လောကီ၊ လောကုတ္တရာတွင် မိမိရှိမည့် အကျိုးတရားများအတွက်သာဖြစ်သည်ဟု ဝမ်းမြောက်ဝမ်းသာစွာ ဆိုဆုံးမဩဝါဒများကို ခံယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် မင်္ဂလာတရားတော် "သောဝစဿတာ"နှင့် ညီသည့်အတွက် ချမ်းသာအောင်မြင်ခြင်းကို ရယူ ပိုင်ဆိုင်နိုင်ပါမည်။

**"မှတ်သားစရာ"**

**လောကသဘာဝအရမိမိ၏အမှားကို ချက်ချင်း မြင်နိုင်သိနိုင်ရန် မလွယ်ကူပါ။ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်သူကဆိုဆုံးမလာပါက အားရဝမ်းသာစွာ လက်ခံပြီး ပြုပြင်နိုင်သည့်စိတ်ရှိရန် အရေးကြီးလှပါသည်။**

ကျမ်းကိုး
၁။ ဇာတ်တော် ငါးရာ့ငါးဆယ်။
မာဃဝ ပြုစုသည်။
၂။ မင်္ဂလာသုတ် အဖွင့်။ သုခ။

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

စာတည်းအဖွဲ့

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်

**မုံရွာ ဒီဇင်ဘာ ၂၅**

၂၀၂၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြိုင်ပွဲဝင်အားကစား သမားများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ဗိုလ်လုပွဲစဉ်များအဖြစ် ၄၀-၄၅ ကီလို အမျိုးသမီး ခားတစ်လက်အတိုက်ပြိုင်ပွဲနှင့် ၅၃-၅၇ ကီလို အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲများ ကျင်းပပြီးနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်လှလှဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက ၅၃-၅၇ ကီလို အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲနှင့် ၄၀-၄၅ ကီလို အမျိုးသမီး ခားတစ်လက်အတိုက်ပြိုင်ပွဲတွင် အကောင်းဆုံး ဆုရရှိသော အမျိုးသမီးအားကစားသမားများ၊ အမျိုးသား အားကစားသမားများ၊ တံခွန်စိုက်တတိယဆုရရှိသော စစ်ကိုင်းခရိုင်အသင်းနှင့် တံခွန်စိုက် ဒုတိယဆုရရှိသော ရွှေဘိုခရိုင်အသင်းတို့အား ဆုငွေနှင့် ဆုတံဆိပ်များကိုချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံခွန်စိုက် ပထမဆုရရှိသော မုံရွာခရိုင်အသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုကျပ် ငါးသိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

## ဖားကန့်၌ မြေပြိုကျမှုကြောင့် အသက်ဆုံးရှုံးခဲ့သူများအတွက် ထောက်ပံ့ငွေများပေးအပ်

**ဖားကန့် ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း လုံးခင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာအနောက်ဘက် စိန်စိန်ကုမ္ပဏီလုပ်ကွက်နှင့် ဂျိတ်ပါဝါကုမ္ပဏီလုပ်ကွက်တွင် ဒီဇင်ဘာ ၂၂ ရက်က မြေပြိုကျမှုဖြစ်စဉ်ဖြစ်ပွားခဲ့ရာ မြေစာများ ပြိုကျရာတွင် အသက်ဆုံးရှုံးခဲ့သူများ၏ မိသားစုဝင်များအား ဒီဇင်ဘာ ၂၃ ရက်တွင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် စီမံ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြပြီးနောက် ပြည်နယ် လူမှုရေးရာဝန်ကြီးက မြေပြိုကျမှုကြောင့် အသက်ဆုံးရှုံးခဲ့ကြသူများ၏ ကျန်ရစ်သူမိသားစုဝင်များအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ထောက်ပံ့ ငွေများ ပေးအပ်သည်။



ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များသည် မြေပြိုကျခဲ့သည့် နေရာများသို့ သွားရောက် ကြည့်ရှုစစ်ဆေးကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်က မြေပြိုကျမှုဖြစ်ပွားခဲ့သည့် အေးမြသာယာရပ်ကွက် ရှရော်ခကျေးရွာနှင့် မနကျေးရွာကြားရှိ ကျောက်စိမ်းသစ်ရွက်ကုမ္ပဏီလုပ်ကွက်ဟောင်း ရေကန်သို့လည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မိုးမိုးဝေ(ပြန်/ဆက်)


## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ









# မန်းချောင်းရေလှောင်တမံမှ နွေသီးနှံ စိုက်ဧက ၁၈၇၆၀ ကျော်အတွက် ရေပြည့်ဝစွာ ပေးဝေမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံတွင် လက်ရှိ အသားတင်ရေပေးဝေနိုင်မည့် ရေလှောင်ပမာဏဧကပေ ၈၃၂၅၀ သိုလှောင်ထားပြီး နွေသီးနှံ စိုက်ဧက ၁၈၇၆၀ ကျော်အတွက် ရေပြည့်ဝစွာ ပေးဝေသွားမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"မန်းချောင်းရေလှောင်တမံထဲ စီးဝင်တဲ့ သိုလှောင်ရေကို တမံအောက်ဘက်မှာရှိတဲ့ စိုက်ဧကတွေ ရေပေးဝေပါတယ်။ အရင်နှစ်က နွေသီးနှံက ၄၁၉ ဧက၊ မိုးစပါး ၃၂၃၉၂ ဧက စိုက်ပျိုးခဲ့ပါတယ်။ ဒါကြောင့်မို့ အရင်နှစ်က ဆည်ရေသောက် ဧက စုစုပေါင်း ၃၂၈၁၁ ဧက အတွက် စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပါတယ်။ အခုနှစ်မှာ မိုးစပါး ၃၂၃၉၂ ဧက အတွက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီးတော့ လာမယ့် နွေသီးနှံ စိုက်ဧက ၁၈၇၆၀ ကျော်အတွက် မတ်လ ၁ ရက်ကစပြီး စိုက်ပျိုးရေ ပေးဝေသွားမှာ



ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုနှစ် မိုးစပါးနဲ့ နွေသီးနှံ စုစုပေါင်း ၅၁၁၅၂ ဧကအတွက် တိုးတက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးမျိုးဇင်သက်က ပြောသည်။

အဆိုပါရေလှောင်တမံကို ၁၉၉၅ ခုနှစ်က ငဖဲမြို့နယ်ရှိ မန်းချောင်းပေါ်တွင် တည်ဆောက်ခဲ့ပြီး ဆည်အလျား ပေ ၄၄၈၀ ၊ အမြင့် ၁၃၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၂၀၀၀၀ နှင့် ရေဆင်းဧရိယာ ၁၃၆ စတုရန်းမိုင်ရှိသည့် မြေသားရေလှောင်တမံ အမျိုးအစားဖြစ်သည်။

"တောင်သူတွေအတွက် စိုက်ပျိုးရေဆိုတာ အသက်ပါ။ ကျွန်တော်တို့ ဒေသက အပူပိုင်းဒေသဆိုပေမယ့် ဆည်ရေရရှိတဲ့အတွက် နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်တယ်။ ကျွန်တော်တို့ဒေသက တောင်သူတွေက မိုးကြိုနှမ်း၊ မိုးစပါး၊ နွေစပါး ဒါမှမဟုတ် မိုးစပါး၊ ကုလားပဲ၊ နွေနှမ်း ဆိုပြီး သီးနှံပုံစံ နှစ်မျိုးကိုတော့ စိုက်ပျိုးကြတာ များတယ်။ အခုတော့ မိုးစပါး ရိတ်သိမ်းနေကြပြီးတော့ မတ်လဆို နွေသီးနှံ ပြန်စိုက်ကြတော့မှာ ဖြစ်ပါတယ်။ ဒီလို ရာသီပတ်လုံး စိုက်နိုင်တဲ့အတွက် ဆည်ရေဟာ ရွှေပါပဲ"ဟု မင်းဘူးမြို့နယ် ကူရွာကျေးရွာမှ တောင်သူဦးစန်းအောင်က ပြောသည်။

**အောင်မင်းဟန်**
**ဓာတ်ပုံ - နေသစ်**

## တောင်ကုတ်မြို့နယ်မှ လျှပ်စစ်မီးရပြီးသော ကျေးရွာများတွင် လျှပ်စစ်အန္တရာယ် အသိပညာပေး

**တောင်ကုတ် ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပြီးသော ကျေးရွာများတွင် ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲများကို တောင်ကုတ်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းပြုလုပ်ပေးလျက်ရှိကာ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် တောင်ကုတ်မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာ ၅၇ ရွာတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရန်နှင့် ဓာတ်အားခကြွေးကျန်များမရှိစေရန် အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိကာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်အတွင်း လျှပ်စစ်မီးရရှိရေးဆောင်ရွက်နေသည့် ကျေးရွာများမှ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန်နှင့် နှစ်စဉ်နိုင်ငံတော်က ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ လျှပ်စစ်မီးမရသေးသော ကျေးရွာများတွင်လည်း လျှပ်စစ်ဓာတ်အားရရှိစေရန် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာထံမှ သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ရမည်းသင်းမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ ယမန်နှစ်ထက် ဈေးကောင်းရရှိ

**ရမည်းသင်း ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ ယမန်နှစ်ထက် ဈေးကောင်းရ၍ စိုက်ပျိုးသည့် တောင်သူများ အဆင်ပြေနေကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းဝင်းက ပြောသည်။

ရမည်းသင်းမြို့နယ်တွင် စိုက်ဧက ၃၀၀၀၀ ကျော်ကို ဇူလိုင်နှင့် ဩဂုတ်လတို့တွင် စိုက်ပျိုးခဲ့ပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် ပြန်လည်ကောက်သိမ်းကြောင်း၊ ယင်းချည်မျှင်ရှည်ဝါတစ်ဧကလျှင် အထွက်နှုန်းအနေဖြင့် ပျမ်းမျှပိဿာ၄၆၀ ထွက်ရှိကြောင်း၊ ကောက်သိမ်းပြီးထွက်ရှိလာသည့် ဝါများကိုရောင်းချရာတွင် ယခင်နှစ်က တစ်ပိဿာလျှင်ငွေကျပ် ၁၄၀၀ သာရရှိခဲ့သော်လည်း ယခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၁၆၀၀ ဈေးတို့ဖြင့် ရောင်းချနေရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးနှောင်းချည်မျှင်ရှည်ဝါဧက ၃၀၀၀၀ ကျော်ကို ရမည်းသင်းမြို့နယ်အတွင်းရှိ တောင်သူဦးရေ ၁၀၀၀၀ ကျော်က စိုက်ပျိုးကြပြီး ရွှေတောင် ၁၀၊ ရွှေတောင် ၈ နှင့် ငွေချည် ၉ ဝါမျိုးများကို အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မင်းလှမြို့နယ် စမ်းအိုင်ကျေးရွာ၌ ဧက ၆၂၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**မင်းလှ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် စမ်းအိုင်ကျေးရွာအုပ်စု စမ်းအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ရေကျော်တည်ဆောက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးအောင်ကြီး၊ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များနှင့်အတူ စမ်းအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့်



ရေကျော် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေနှင့် အရှည်ပေ ၆၀၊ အကျယ် ၁၈ ပေ၊ ရေကျော်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက် ခွင့်ပြု ရန်ပုံငွေကျပ် ၅၄ ဒသမ ၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက နိုဝင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ စမ်းအိုင် ကုန်ထုတ်လမ်းသည် အဆိုကျေးရွာရှိ အိမ်ခြေ ၃၈၀၊ လူဦးရေ ၁၅၃၈ ဦးတို့၏ လယ်ယာမြေဧက ၆၂၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝေလင်းမောင်က ပြောသည်။

**စိုးမိုးကျော်**

## သိုးနှင့်ဆိတ် တစ်နိုင်တစ်ပိုင် မွေးမြူခြင်းဖြင့် တောင်သူများ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု

**မင်းဘူး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွာသာကျေးရွာမှ တောင်သူများသည် ရာသီဥတု မကောင်း၍ မိုးသီးနှံများ စိုက်ပျိုးရာတွင် ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းသည့်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် တောင်သူလုပ်ငန်းအပြင် သိုးနှင့်ဆိတ်ကို တွဲဖက်မွေးမြူကြကြောင်း ရွာသာကျေးရွာ တောင်သူ တစ်ဦးထံမှ သိရသည်။

သိုးနှင့်ဆိတ်အတွက် အစာအဖြစ် ထွေထွေထူးထူး မကျွေးရဘဲ မင်းဘူးမြို့နယ်အတွင်းရှိ လမ်းဘေးတစ်လျှောက်နှင့် မစိုက်ရသေးသော စိုက်ခင်းများ၊ မြေဇာပင်၊ ခံပင်၊ ဆီးပင်၊ ချုံပင်များ ပေါက်ရောက်သော စားကျက်များတွင် နံနက်တစ်ကြိမ် ညနေဘက်တစ်ကြိမ် လွှတ်ကျောင်းခြင်းဖြင့် သိုးနှင့် ဆိတ်များအတွက် အစားအစာ ကုန်ကျစရိတ်သက်သာကြောင်း၊ အခြားမည်သည့် ဖြည့်စွက်စာမျှ ထွေထွေထူးထူး မကျွေးရကြောင်း၊ သိုးကျောင်းမည့်သူနှင့် ခြံသန့်ရှင်းရေးလုပ်သူ နှစ်ဦး ထားပေးရကြောင်း၊ သိုးခြံများတွင် အညစ်အကြေးကင်းစင်နေမှ ရောဂါကင်းဝေးပြီး အကောင်ဖြစ်ထွန်းမည် ဖြစ်ကြောင်းလည်း သိရသည်။

"ဦးလေးတို့ခြံမှာ သိုးနှင့်ဆိတ် အကောင် ၃၀၀ မွေးထားပါတယ်။ ဆိတ်ကတော့ အကောင် ၂၀ လောက်ရှိတယ်။ ပူပြင်းတဲ့ အချိန်နဲ့ နွေရာသီတွေမှာ ငါးရက် ခြောက်ရက် တစ်ကြိမ် မြစ်ဆိပ်သွားပြီး ရေချိုးပေးရတယ်။ တစ်နှစ်ကို ၁၅ သိန်းဝန်းကျင် အမြတ်အစွန်းရပြီး သိုးတစ်ကောင် အရောင်းအဝယ်လုပ်မယ်ဆိုရင်တော့ ငွေကျပ် ၈၀၀၀၀ ဝန်းကျင်ရှိပါတယ်။ ကုန်သည်ရဲ့ ဝယ်လိုအားနဲ့ သိုးချောတဲ့အပေါ် မူတည်ပြီး ဈေးအနိမ့်အမြင့် ရှိပါတယ်။ တောင်သူလုပ်ငန်းအပြင် သိုးနဲ့ဆိတ်ကို တွဲဖက်မွေးမြူတဲ့အတွက် တစ်ဖက်တစ်လမ်းကနေ ဝင်ငွေပါရတော့ အဆင်ပြေပါတယ်" ဟု ရွာသာကျေးရွာမှ ဦးပေါက်စကပြောသည်။

**ဇေယျာထက် (မင်းဘူး)**



## ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ ဟော်ကီပြိုင်ပွဲ ရေခဲဟော်ကီပြိုင်ပွဲပါဝင်

၂၀၂၂ ခုနှစ် ဆောင်းရာသီ ပေကျင်းအားကစားပွဲတော်သည် နီးကပ်လာပြီဖြစ်သည်နှင့်အမျှ အမျိုးသားအားကစားရုံကြီးနှင့် ဝူကီဆောင်း အားကစားစင်တာတို့တွင် သွားဆေးခန်းများကို အဆင်သင့်ဖြစ်အောင်ပြင်ဆင်ပြီးဖြစ်သည်။ အဆိုပါအားကစားရုံကြီးနှစ်ခုတွင် ရေခဲဟော်ကီအားကစားပြိုင်ပွဲကို လက်ခံကျင်းပသွားမည် ဖြစ်သည်။ ရေခဲဟော်ကီ အားကစားသမားများတွင် သွားထိခိုက်မှုမှာ ဖြစ်လေ့ဖြစ်ထရှိသည့် အဖြစ်အပျက်မျိုးမဟုတ်သော်လည်း အားကစားရုံများတွင် သွားဘက်ဆိုင်ရာ ဝန်ဆောင်မှုမှာလိုအပ်သည်ဟု ဝူကီဆောင်း အားကစားစင်တာမှ မန်နေဂျာ ဖန်ချင်းက ပြောသည်။

အားကစားသမားများ၏ အခြေခံသွားကျန်းမာရေးအတွက် ပုံမှန်လုပ်ဆောင်မှုမျိုး ဆောင်ရွက်နိုင်ပြီး ဟော်ကီကွင်းနှင့် ၃၅ မီတာအကွာတွင် သွားဆေးခန်းများ ဖွင့်လှစ်ပေးထားကြောင်း ပစ္စည်းကိရိယာများလည်း အပြည့်အစုံတပ်ဆင်ပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပြင်းထန်သည့် သွားဘက်ဆိုင်ရာ ဒဏ်ရာများ ရရှိခဲ့ပါက ကစားသမားကို သက်ဆိုင်ရာဆေးရုံသို့လွှဲပြောင်းပေးမည်ဟုလည်း ၎င်းကဆက်ပြောသည်။ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီနှင့် အပြည်ပြည်ဆိုင်ရာရေခဲဟော်ကီအသင်းတို့က ချမှတ်ပေးထားသည့် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှု စံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်ထားကြောင်း သိရသည်။ **အောင်**

## ရော်ဂျာဖက်ဒဲရာနှင့် ရာဖဲနာဒယ်တို့ တင်းနစ်လောကမှ အနားယူရန် စဉ်းစားသင့်ပြီဟု သတိပေးထားကြ

ရော်ဂျာဖက်ဒဲရာနှင့် ရာဖဲနာဒယ်တို့မှာ တင်းနစ်အားကစားသမားလောကတွင် ၎င်းတို့၏တောက်ပချိန်မှ နောက်ဆုံးအချိန်သို့ရောက်ရှိနေပြီဖြစ်သည်။ ၎င်းတို့တင်းနစ်လောကတွင် ကျင်လည်ကျက်စားခဲ့သည်မှာ မည်မျှကြာမြင့်ပြီကို လေးလေးနက်နက်စဉ်းစားရတော့မည့်အချိန်ဟု တင်းနစ်အားကစားသမားဟောင်းကြီးဖြစ်သူ ဘောရစ်ဘက်ကာက ပြောသည်။

၎င်းတို့နှစ်ဦးစလုံးမှာ မကြာသေးမီအချိန်အတွင်း ဒဏ်ရာပြဿနာများနှင့် လည်းလုံးပန်းနေရသည်။ ဖက်ဒဲရာသည် ဒူးဒဏ်ရာ ခွဲစိတ်မှုကို ပြုလုပ်ထားရပြီး လာမည့် ဩဂုတ်လရောက်လျှင်လည်း အသက် ၄၁နှစ် ပြည့်တော့ မည်ဖြစ်ရာ အားကစားလောကအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ပါမလားဟု စိုးရိမ်မိကြောင်း ဘောရစ်ဘက်ကာက ပြောသည်။ နာဒယ်မှာလည်း ခြေထောက်ဒဏ်ရာ ပြဿနာများရှိနေသည်။ အဘူဒါဘီတွင် ကျင်းပသည့်ပွဲသို့ ပြန်လည်ဝင်ရောက်ခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရသည်။

**အောင်**



## ဘရာဇီးဂန္ထဝင်ဘောလုံးသမားပီလီ ခရစ်စမတ်ကို မိသားစုနှင့်အတူ ဖြတ်သန်း

ဘရာဇီးဂန္ထဝင်ဘောလုံးသမား ပီလီသည် ဆေးရုံက ဆင်းလာပြီဖြစ်ကြောင်း ဆော်ပေါ်လိုအဲဘတ်အိုင်စတိုင်းဆေးရုံက ပြောကြားလိုက်သည်။ ၎င်းသည် အူမကြီး အသားပိုအကျိတ်ကို ခွဲစိတ်ပြီး တခြား ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုတွေကို လပေါင်းအတော်ကြာ ဆောင်ရွက်ပြီးနောက် ခရစ်စမတ်ကာလကို မိသားစုနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းကုန်ဆုံးနေခြင်း ဖြစ်သည်။

လူနာသည် အခြေအနေကောင်းမွန်တည်ငြိမ်လျက်ရှိကြောင်းနှင့် ၎င်း၏ အူမကြီး အသားပိုအကျိတ်ကို ဆက်လက်ကုသရအုံးမည်ဖြစ်ကြောင်း ဆေးရုံ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အင်စတာဂရမ်တွင် အသက် ၈၁ နှစ်ရှိသော ပီလီက အပြုံးများနှင့်ပုံတစ်ပုံ တင်လိုက်သည်။ ထို့နောက်အဆိုပါပုံသည် ဘာမှမဟုတ်ပါဘူးဟု ပြောကြားလိုက်သည်။

“ကျွန်တော် ကတိပေးထားသလိုပဲ ကျွန်တော့်မိသားစုနှင့်အတူ ခရစ်စမတ်ကို ကုန်ဆုံးနေပါတယ်”ဟု ပီလီက ပြောကြားလိုက်သည်။ “ကြင်ကြင်နာနာနဲ့ ပေးပို့လာတဲ့ မက်ဆေ့ချ်တွေအတွက် ကျေးဇူးတင်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားလိုက်သည်။



ဒီဇင်ဘာအစောပိုင်းက ပီလီသည် ခရစ်စမတ်အားလပ်ရက်တွင် မိသားစုနှင့်အချိန်များကို ကုန်ဆုံးမည်ဟုပြောကြားခဲ့သည်။ ဘောလုံးရာဇဝင်တွင် တစ်ခေတ်မှာ တစ်ယောက်ဟု အများစုက ယုံကြည်လက်ခံထားသောကမ္ဘာ့ဖလားကိုသုံးကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့သော ပီလီသည် မကြာသေးမီနှစ်များအတွင်း ကျန်းမာရေးဆိုင်ရာ ပြဿနာများ တစ်ခုပြီးတစ်ခု ရင်ဆိုင်ခဲ့ရသည်။

**လင်းခေတ်ဆန်**

## ပေကျင်းအိုလံပစ်တွင် ရွှေတံဆိပ် နှစ်ခုရရှိရန် တောင်ကိုရီးယားမျှော်မှန်း

တောင်ကိုရီးယား အိုလံပစ်ကော်မတီက နောက်နှစ် ပေကျင်းအိုလံပစ်တွင် ရွှေတံဆိပ်နှစ်ခုနှင့် အဆင့် ၁၅ အတွင်း ဝင်ရန် ရည်မှန်းချက်ထားကြိုးစားသွားမည်ဖြစ်ကြောင်း ယန်ဟပ်သတင်းအေဂျင်စီက ဖော်ပြလိုက်သည်။

၂၀၁၈ ခုနှစ် ပြိုးချန်းအားကစားပြိုင်ပွဲတွင် တောင်ကိုရီးယားသည် ရွှေတံဆိပ်ငါးခုရရှိခဲ့ပြီး ငွေတံဆိပ်နှင့် ကြေးတံဆိပ် အပါအဝင် စုစုပေါင်း ဆုတံဆိပ် ၁၇ ခု ရရှိခဲ့သည်။ ရွှေတံဆိပ်ငါးခုအနက် သုံးခုမှာ စကိတ်စီးအားကစားမှ ဖြစ်သည်။ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **လင်းခေတ်ဆန်**

## ပိုလန်နှင်းလျှောစီးအမြင့်ခုန် ချန်ပီယံပြိုင်ပွဲတွင် ကာမီလ်စတော့ချ်အနိုင်ရ

ကာမီလ်စတော့ချ်သည် ပိုလန်နှင်းလျှောစီးအမြင့်ခုန် ချန်ပီယံပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည်။

သုံးကြိမ်တိုင်တိုင် အိုလံပစ်ချန်ပီယံဖြစ်ခဲ့သော အသက် ၃၄ နှစ်ရှိ ကာမီလ်စတော့ချ်သည် ပထမပိုင်းအစတွင် တာထွက် မကောင်းခဲ့သော်လည်း ဒီဇင်ဘာ ၂၃ ချန်ပီယံပြိုင်ပွဲတွင် ၎င်း၏ အရည်အချင်းကို ပြသခဲ့သည်။

အဆိုပါပွဲတွင် ပိုင်းရော့ဇိုင်လာက ငွေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ပြီး ပါဝဲလ်ဝါဆက်က ကြေးတံဆိပ်ဆုကို ဆွတ်ခူးခဲ့သည်။

“ကျွန်တော်အမှားအချို့ ပြုလုပ်ခဲ့ပါတယ်။ ခုန်တာလည်း သိပ်မကောင်းဘူး။ ဒါပေမယ့် အခုလို အောင်ပွဲကို ဆွတ်ခူးခဲ့တာ ပျော်ပါတယ်။ ကောင်းတဲ့အဆင့်ကို ဆက်လက် ထိန်းသိမ်းထားရမယ်” လို့ စတော့ချ်က ပြောခဲ့သည်။

**လင်းခေတ်ဆန်**

## ၂၀၂၂ ခုနှစ် အာဖရိကန် ဂျူဂျစ်ဆုပြိုင်ပွဲကို အင်ဂိုလာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ရက်အထိကျင်းပမည့် အာဖရိကန် ဂျူဂျစ်ဆုပြိုင်ပွဲကို အင်ဂိုလာနိုင်ငံ လူအန်ဒါ မြို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပပေးမည်ဖြစ်သည်ဟု အင်ဂိုလာ ဂျူဂျစ်ဆုအသင်းမှ ဥက္ကဋ္ဌဖြစ်သူ လူဝစ်ဂျွန်က ဒီဇင်ဘာ ၂၂ ရက်တွင်ပြောသည်။ အာဖရိကတိုက်ဆိုင်ရာ ဂျူဂျစ်ဆုပြိုင်ပွဲကို နိုင်ငံပေါင်း ၁၂ နိုင်ငံထက်မနည်း ပါဝင်သွားမည် ဖြစ်သည်။

၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပါဝင်ခဲ့ပြီးနောက် အင်ဂိုလာနိုင်ငံအတွက် ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းလည်းဖြစ်သည်။ နောက်ဆုံးကျင်းပခဲ့သည့် ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

**အောင်**

## ဂျူဗင်တပ်စ် ဗဟိုခံစစ်ကစားသမား ဒီလစ်အား ခေါ်ယူရန် စပါးအသင်းပစ်မှတ်ထား



ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် ဂျူဗင်တပ်စ်အသင်းမှ ဗဟိုခံစစ်ကစားသမားတစ်ဦးဖြစ်သူ ဒီလစ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နယ်သာလန်ကစားသမားသည် ၂၀၁၉ ခုနှစ်တွင် အိုင်းယက်စ်အသင်းမှ ပေါင် ၆၇ ဒသမ ၅ သန်းဖြင့် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။

အဆိုပါကစားသမားအနေဖြင့် ဂျူဗင်တပ်စ်အသင်းမှ ထွက်ခွာကာ စိန်ခေါ်မှုအသစ်များကို ရှာဖွေလိုနေသော်လည်း စပါးအသင်းအနေဖြင့် ဒီလစ်ကို ခေါ်ယူရန် စောင့်ဆိုင်းရဖွယ်ရှိနေသည်။ ဒီလစ်ကို ခေါ်ယူမည့်အသင်းများအနေဖြင့် စာချုပ်လျော်ကြေး ပေါင်သန်း ၁၃၀ ပေးချေရဖွယ်ရှိနေသည်။

ဒီလစ်ကို ခေါ်ယူရေးတွင် စပါးအသင်းအပြင် ချယ်ဆီးအသင်းကလည်း ခေါ်ယူရန် ပစ်မှတ်ထားနေသည်။ ချယ်ဆီးအသင်းသည် လာမည့်နွေရာသီတွင် အသင်းမှ အဓိက ခံစစ်ကစားသမားလေးဦးဖြစ်သည့် ရူဒီဂါ၊ ဆီးဗားလ်၊ အက်စ်ပီလီကျူတာနှင့် ခရစ္စတန်ဆန်တို့ စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် အဆိုပါကစားသမားကိုခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။ အခြားသတင်းရင်းမြစ်တစ်ခုတွင် စပါးအသင်းသည် ပြင်သစ်နာမည်ကြီး ပီအက်စ်ဂျီအသင်းမှ ခေါ်ယူရန် ပစ်မှတ်ထားနေသည့် အေစီမီလန်အသင်းမှ အိုင်ဗရီကို့စ်ကွင်းလယ်ကစားသမား ကက်ဆီ (၂၅နှစ်) ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။

ဒီလစ်သည် ဂျူဗင်တပ်စ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၈၉ ပွဲပါဝင်ကစားထားပြီး ခြောက်ဂိုးသွင်းယူပေးထားသည်။ **အောင်ဇော်**

# ရွှေပိတောက်ငါးဈေးကြီး၌ နေ့စဉ် ကုန်ချိန်ငါးသိန်းအထိ ရောင်းဝယ်ဖောက်ကား

ရန်ကုန် ဒီဇင်ဘာ ၂၅

**တိုင်းဒေသကြီး ငါးခုမှ ရေထွက်ကုန်များ အဓိကဝင်ရောက်ရာ ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးကြီးတွင် နေ့စဉ်ကုန်ပိဿာချိန် ငါးသိန်းခန့်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် နိုင်ငံတစ်ဝန်းရှိ စားသုံးသူပြည်သူများသို့ နေ့စဉ်ရေထွက်ကုန်များ ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။**



ရွှေပိတောက် ငါးဈေးကြီးကို ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ဆိုင်ခန်း အနည်းငယ်ဖြင့် အရောင်းအဝယ် ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၆ ရက်တွင် စံပြငါးဈေးမှပုံကျဈေးသည်များ ပြန်လည်ရောင်းချခြင်းဖြင့် ရေထွက်ကုန် အများဆုံး ဝင်ရောက်ရာ ငါး/ပုစွန်ဈေးကြီး တစ်ခုအဖြစ် စည်ကားခဲ့သည်။ ရွှေပိတောက်ငါးဈေးရှိ ဈေးရုံ ပေါင်း ရှစ်ရုံတွင် ဆိုင်ခန်းပေါင်း ၄၄၄ ခန်းနှင့် ပုံကျဆိုင်ခန်းငယ် ပေါင်း ၁၂၀ ဖြင့် ရေထွက်ကုန်များကို လက်လီ၊ လက်ကားဖြန့်ချိလျက် တောင်ပေါ်ဒေသ၊ နယ်စပ်ဒေသနှင့် မြန်မာပြည်အထက်ပိုင်းသို့ ရေထွက်ကုန်များ တင်ပို့လျက်ရှိသည်။

"တစ်ချိန်က ကုန်ချိန် နှစ်သောင်းတောင် အဝင်အထွက်မရှိတဲ့ ငါးဈေးကြီးက ယခု ကုန်ပိဿာချိန် ငါးသိန်းခန့်အထိ အရောင်းအဝယ် ရှိလာတဲ့အတွက် ငါးမွေးတောင်သူ၊ ကုန်သည်နဲ့ လက်လီလက်ကား ရောင်းတဲ့ ဈေးသည်တွေ အဆင်ပြေလာကြတယ်။ ရေချိုထွက်ကုန်ကို ဧရာဝတီတိုင်းဒေသကြီးက အဝင်များပြီး ရေငန်ထွက်ကုန်ကို ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးက အဝင်များတယ်။ ရန်ကုန်မြို့မှာ အကြီးဆုံးရေထွက်ကုန်ဈေးကြီးဖြစ်လာတဲ့အတွက် နေ့စဉ် ဈေးဝယ် ဈေးသည် ရှစ်ထောင်ကျော်ကနေ ရုံးပိတ်ရက်မှာ တစ်သောင်းကျော် အရောင်းအဝယ်ရှိတဲ့အတွက် ဈေးလုံခြုံရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ဈေးသာယာလှပရေးကို စည်ပင်သာယာနဲ့ လက်တွဲပြီး ကျွန်တော်တို့ ဈေးသာယာရေးအဖွဲ့က ဆောင်ရွက်နေပါတယ်"ဟု ရွှေပိတောက် ငါးဈေးသာယာရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

မြန်မာပြည်တွင် ရေထွက်ကုန်ပစ္စည်း တင်သွင်း/ဖြန့်ချိရာ အကြီးဆုံး ငါး/ပုစွန်ဈေးကြီး ဖြစ်သည့် ရွှေပိတောက်ငါးဈေးကြီးမှ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးနှင့် နိုင်ငံတစ်ဝန်းသို့ နေ့စဉ်တင်ပို့ ရောင်းဝယ်လျက်ရှိရာ တစ်ရက်လျှင် ကုန်ပိဿာချိန် ငါးသိန်းခန့် ကုန်စည်စီးဆင်းပြီး အရောင်းအဝယ် စည်ကားလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

# ဇန်းမော်ခရိုင် ရွှေကူမြို့၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးနှစ်သိန်း စိုက်ထည့်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် ရွှေကူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်း ငါးမျိုး စိုက်ထည့်ခြင်းကို ဒီဇင်ဘာ ၂၁ ရက်က အမှတ်(၃)ရပ်ကွက် မြို့ကုန်းရေဆိပ် ပြည်တော်သာ တံတား၌ ဆောင်ရွက်သည်။




အခမ်းအနားသို့ ဗန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြသိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၈၀၀၀၀၊ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းအား ဧရာဝတီမြစ်အတွင်း လွှတ်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ) **သတင်းစဉ်**

# ငါးသယံဇာတနှင့် ရေဝတီလင်းပိုင် ထိန်းသိမ်းခြင်း ပညာပေးသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းသင်တန်းကျောင်း(စစ်ကိုင်း)၌ ရေချို/ရေငန် ငါးသယံဇာတများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရေး၊ ငါးလုပ်ငန်းများလုပ်ကိုင်ရာတွင် စည်းကမ်းတကျ လုပ်ကိုင်ခြင်းဖြင့် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်စေရေးနှင့် ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ရည်ရွယ်၍ ဒီဇင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ပြီး စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းစိန်က အမှာစကားပြောကြားသည်။ သင်တန်းတွင် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်သန်းဦးနှင့် ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ၊ ပတ်ဝန်းကျင်နှင့် မျိုးသုဉ်းရှားပါးရေသတ္တဝါများ ထိန်းသိမ်းရေးဌာနစုမှ ဦးဟန်ဝင်းတို့က သင်ကြားပို့ချသည်။ သင်တန်းသို့ စစ်ကိုင်းတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ စန်းစန်းဝင်းနှင့် ဆရာ ဆရာမ ၁၅ ဦး၊ ပြင်ပမှစိတ်ဝင်စားသူ သုံးဦးနှင့် ဝန်ထမ်းနှစ်ဦး စုစုပေါင်း ၂၀ တက်ရောက်သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့သို့ ရေနယားရေယာဉ်ဖြင့် ပြည်သူများနှင့် ကုန်ပစ္စည်းများတင်ဆောင်ပြီး စတင်ပြေးဆွဲလျက်ရှိ

ကျောက်တော် ဒီဇင်ဘာ ၂၅

**ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့သို့ ယမန်နေ့ နံနက် ၇ နာရီ မိနစ် ၂၀ မှစတင်ပြီး အစိုးရ ရေကြောင်းပိုင် ရေနယား(၄၁၆၃)ရေယာဉ်ဖြင့် ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရန်အတွက် စတင်ပြေးဆွဲ ပေးလျက်ရှိကြောင်း သိရသည်။**



အစိုးရ ရေကြောင်းပိုင် ရေယာဉ်များမှာ ကျောက်တော်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့သို့ ရေယာဉ်လိုင်းကို မပြေးဆွဲသည်မှာ ဆယ်စုနှစ် နှစ်စုတောင်ကြာမြင့်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့မှာ နယ်မြေအေးချမ်းနေပြီဖြစ်၍ ရေယာဉ်လိုင်းအား စတင်ပြေးဆွဲနေပြီဖြစ်ရာ ကုန်စည်စီးဆင်းမှုမှာလည်း အဆင်ပြေ ချောမွေ့သွားပြီဖြစ်ကြောင်း၊ ကျောက်တော်-ပလက်ဝ တစ်ညအိပ်နှင့် ပလက်ဝ-ကျောက်တော် တစ်ညအိပ် ရေယာဉ်လိုင်းဖြင့် ခရီးသွားပြည်သူများ အလွယ်တကူ ခရီးသွားရောက်နိုင်ပြီဖြစ်သည်။

အဆိုပါ ရေနယားရေယာဉ်လိုင်း၏ ဈေးနှုန်းမှာ ကျောက်တော်မြို့မှ ချင်းပြည်နယ် ပလက်ဝမြို့သို့ ခရီးသွားပြည်သူတစ်ဦးလျှင် ငွေကျပ် ၁၈၀၀ နှုန်းဖြင့်လည်းကောင်း၊ ကုန်ပစ္စည်းတစ်ပိဿာလျှင် ကျပ် ၁၈၀ နှုန်းဖြင့်လည်းကောင်း အခွန်အခများ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ရေယာဉ်ပေါ်တွင် သံထည်ပစ္စည်း၊ ဘိလပ်မြေ၊ ဆန်နှင့် စက်သုံးဆီများအား တင်ဆောင်ခွင့် မပြုကြောင်း၊ အဆိုပါ ရေကြောင်းလိုင်းမှာ တစ်ပတ်လျှင် တစ်ကြိမ်စီ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရေယာဉ်တာဝန်ရှိသူ တစ်ဦးဖြစ်သည့် ဦးညီညီကျော်ထံမှ သိရသည်။

အဆိုပါ ရေယာဉ်လိုင်းဖြင့် လိုက်ပါစီးနင်းလိုသူများအနေဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများဖြစ်ပါက မှတ်ပုံတင်၊ မိမိဌာနမှ ဌာနတာဝန်ရှိသူ၏ ထောက်ခံချက်ကို တင်ပြရမည်ဖြစ်ကြောင်း၊ ခရီးသွားပြည်သူများ ဖြစ်ပါက ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်ကို တင်ပြရမည်ဖြစ်ကြောင်းနှင့် ရေနယားရေယာဉ် စတင်မထွက်ခွာမီ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာညွန့်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ရေယာဉ်ကို ကြံ့ခိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး အဆိုပါရေယာဉ်ပေါ်တွင် ပလက်ဝမြို့နယ်အတွက် အောက်ဆီဂျင်စက်တစ်လုံးပါရှိပြီး ခရီးသွားပြည်သူနှင့် ကုန်ပစ္စည်းများ တင်ဆောင်လျက် ကျောက်တော်မြို့မှ ချင်းပြည်နယ် ပလက်ဝမြို့သို့ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း**

**(ပြန်/ဆက်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများပေးအပ်လှူဒါန်း



**နေပြည်တော် ဒီဇင်ဘာ ၂၅**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၆) ရပ်ကွက်ရှိ အရဟံဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် တောင်ပိုင်းရပ်ကွက်ရှိ ရသေ့တောင်ကျောင်းတိုက် **(ယာပုံ)**၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဓမ္မဗိမာန်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ တပ်ဦး နန္ဒဝန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စန္ဒရံသီ သီလရှင် စာသင်တိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ အောက်ဆီဂျင်စက်ရုံဖွင့်ပွဲပြုလုပ်



**ဟိုပန် ဒီဇင်ဘာ ၂၅**

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် အောက်ဆီဂျင်စက်ရုံဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ စက်ရုံဖွင့်ပွဲအထိမ်းအမှတ်အလံကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပြည့်ကိုကိုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်တို့က ပေးအပ်ရာ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့် နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်ကျော်တို့က လက်ခံရယူခဲ့ကြသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပြည့်ကိုကိုက အောက်ဆီဂျင်စက်ရုံ တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် ဥက္ကဋ္ဌ ဦးညီနပ်၊ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်ကျော်နှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး **(ဝဲပုံ)** စက်ရုံကို အမွှေးနံ့သာရည်ပက်ဖျန်းကာ အောက်ဆီဂျင်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါ စက်ရုံသည် အလျား ပေ ၃၀ ၊ အနံ ပေ ၂၀ ရှိကာ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေး အဖွဲ့က ငွေကျပ် ၂၄၁ သိန်း အကုန်ကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး အောက်ဆီဂျင်စက်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။ စက်ရုံမှ တစ်နေ့လျှင် ၄၀ လီတာဆံ့ အောက်ဆီဂျင်အိုး အလုံးရေ ၄၀ အများဆုံး ထုတ်လုပ်နိုင်သည်။

အလားတူ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့သည် ပြည်သူ့ဆေးရုံရှိ isolation ward တွင် လူနာ ၁၀ ဦးစာ အသုံးပြုနိုင်ရန် အောက်ဆီဂျင်ပိုက်လိုင်းကို ငွေကျပ်သိန်း ၇၀ အကုန်ကျခံဆောင်ရွက်ပေးခဲ့သည်။ ယခင်က ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံတွင် အောက်ဆီဂျင်မရှိသဖြင့် လားရှိုးမှ နှစ်ရက်တစ်ကြိမ် သွားရောက်ယူဆောင်ရသဖြင့် အခက်အခဲရှိပြီး ယခုအခါ လူနာများအတွက် အောက်ဆီဂျင်ကို လုံလောက်စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်များ၌ ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၄ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၇၇ ဦး၊ အမျိုးသမီး ၁၀၉ ဦး စုစုပေါင်း ၁၈၆ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၂၁ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦးတို့ကိုလည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂၅ ဦး၊ အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၂၀၆ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ **(အောက်ဝဲပုံ)**



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဝန်ထမ်းရပ်ကွက်များအတွင်း ကိုဗစ်-၁၉ ပိုး ရှိ/မရှိ စစ်ဆေးပေးရာတွင် အကြောင်းအမျိုးမျိုးပြ၍ ရှောင်တိမ်းနေသူများကို ကြပ်မတ်ပို့ဆောင်ပေးသင့်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းများနေထိုင်ရာ ရပ်ကွက်များတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများနှင့် ထိတွေ့ဆက်စပ်မှုရှိသူများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာရုံးဌာနများ ပူးပေါင်းချိတ်ဆက်၍ ဇမ္ဗူသီရိမြို့နယ် ခုတင်(၅၀) ပြည်သူ့ဆေးရုံ၌ အခမဲ့စစ်ဆေးဆောင်ရွက်ပေးလျက်ရှိရာ အချို့သော ဝန်ထမ်းများမှာ အကြောင်းအမျိုးမျိုးပြ၍ ရှောင်တိမ်းနေကြကြောင်း ရပ်ကွက်နေပြည်သူများက ပြောသည်။

“ပြည်သူ့ကျန်းမာရေးဌာနက အခမဲ့စစ်ဆေးပေးနေတာ တိုက်မှာရှိတဲ့ ဝန်ထမ်းမိသားစုအားလုံး စစ်ဆေးရမှာပါ။ များများစစ်ပြီး ပိုးတွေ့ရင် မြန်မြန်ကု ဒီလိုမျိုးဆောင်ရွက်နိုင်မှ ဒီရောဂါအန္တရာယ်က တဖြည်းဖြည်းကင်းဝေးသွားမှာပါ။ ဝန်ထမ်းကိုယ်တိုင်ကဖြစ်စေ၊ ကိုယ့်မိသားစုဝင်ကဖြစ်စေ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းနေတာဟာ လူကြီးလူကောင်းမဆန်တဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ အဲဒီလူမှာ ရောဂါပိုးရှိနေရင် ဘယ်လိုလုပ်မလဲ။ ဒါကို အနီးစပ်ဆုံးဖြစ်တဲ့ တိုက်မှူးတွေအားလုံးကို ညီညီမျှမျှ တစ်ယောက်မကျန် စစ်ဆေးပေးနိုင်ဖို့ သက်ဆိုင်ရာက တိတိကျကျ ညွှန်ကြားထားပေးစေချင်တယ်”ဟု ဝဏ္ဏသိဒ္ဓိရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

၁၁၄

# မန္တလေး ဆောက်လုပ်ရေးဝန်ထမ်း(ငြိမ်း)များအား ဆန်၊ ဆီ ထောက်ပံ့ပေးအပ်

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးအခြေစိုက် ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစား အင်ဂျင်နီယာများ လူမှုကူညီရေးအဖွဲ့က ဆောက်လုပ်ရေးဝန်ထမ်း (ငြိမ်း)များအား ကိုဗစ်-၁၉ ကာလအတွင်း တတိယအကြိမ်မြောက် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ခြင်းကို ဒီဇင်ဘာ ၂၄ ရက်က ဆောက်လုပ်ရေးယန္တရားသင်တန်းကျောင်း၌ပြုလုပ်သည်။ ထောက်ပံ့ပေးအပ်ရာတွင် မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရမြို့နယ်တို့ရှိ တိုင်းစတိုအဆောက်အအုံ(၆)၊ တံတားအထူးအဖွဲ့(၄)နှင့် လျှပ်စစ်အလုပ်ရုံတို့မှ အငြိမ်းစား ဝန်ထမ်း ၁၁၀ တို့ကိုလည်းကောင်း၊ ဆောက်လုပ်ရေးယန္တရားတပ်ခွဲ(မြောက်)နှင့် ပင်မအလုပ်ရုံတို့မှ အငြိမ်းစားဝန်ထမ်း ၁၀၂ ဦးတို့ကို လည်းကောင်း၊ အုတ်စက်ဓမ္မာရုံ၊ အောင်မြေသာစံမြို့နယ်၊ အင်ဂျင်နီယာရုံးနှင့်ပုသိမ်ကြီးမြို့နယ် အင်ဂျင်နီယာရုံးတို့တွင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ပုသိမ်ကြီးမြို့နယ်နှင့် အိုးအိမ်ဦးစီးဌာနတို့မှ အငြိမ်းစား ဝန်ထမ်း ၁၀၃ ဦးတို့ကိုလည်းကောင်း၊ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်တင့် အင်ဂျင်နီယာမှူးကြီး(ငြိမ်း)နှင့် အမှုဆောင်အဖွဲ့ဝင်များက အငြိမ်းစားဝန်ထမ်းတစ်ဦးလျှင် ဆန် ၁၂ ပြည်နှင့် ဆီနှစ်လီတာစီကို တစ်ဦးချင်း ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**



ထို့ပြင် မန္တလေးအခြေစိုက် ဆောက်လုပ်ရေး ဝန်ကြီးဌာန အငြိမ်းစား အင်ဂျင်နီယာများ လူမှုကူညီရေး အဖွဲ့အနေဖြင့် ဆောက်လုပ်ရေးဝန်ထမ်း(ငြိမ်း)များ၏ ကျန်းမာရေးချို့တဲ့ပါကလည်းကောင်း၊ ကွယ်လွန်ပါကလည်းကောင်း ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိရာ စာရင်း မပေးသွင်းရသေးသော အငြိမ်းစား ဝန်ထမ်းများသည် အဖွဲ့အတွင်းရေးမှူး ဦးအောင်ကျော်မြင့် (လက်ထောက်အင်ဂျင်နီယာ-ငြိမ်း၊ ဖုန်း-၀၉ ၄၀၂၅၇၆၇၅၅)ထံ ဆက်သွယ်စာရင်းပေးနိုင်သည်။

ထို့ပြင် အသက်(၈၅) နှစ်အထက် အငြိမ်းစားသက်ကြီးဝန်ထမ်း ၂၀ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ ကျန်းမာရေးချို့တဲ့လျက်ရှိသော အငြိမ်းစားဝန်ထမ်း ၃၅ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ငါးသောင်းစီကို လည်းကောင်း၊ ကွယ်လွန်သွားသော အငြိမ်းစားဝန်ထမ်း ၂၀ ဦးတို့၏ ကျန်ရစ်သူမိသားစုတစ်စုအား ငွေကျပ်တစ်သိန်းစီကို လည်းကောင်း၊ ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ ရက်များတွင် အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **တင်မောင်-မန်း**



# သန်လျင်မြို့နယ်၌ ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး(သန်လျင်)မှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

ကွင်းဆင်းဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲကို ရတနာရှင်းသန့်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်းက အမှာစကားပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများအား လူမှုရေးဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်နှင့် တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

# ဆိပ်ကြီးခနောင်တို အခြေခံပညာအထက်တန်းကျောင်း၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ဆိပ်ကြီးခနောင်တို ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (အထက-ခနောင်တို)တွင် ဒီဇင်ဘာ ၂၄ ရက်က ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်အောင်၊ မြို့နယ်ဦးစီးမှူး ဦးသိန်းရီနှင့် ခရိုင်/မြို့နယ် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီးသည့် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၄၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းလုပ်ဆောင်ပေးကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများက ပူးပေါင်းကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ **ဝေယံ(ပြန်/ဆက်)**






လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဖြူခရိုင်/မြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်က အထက(၁) ကျောက်ဖြူမှ ကျောင်းသား ကျောင်းသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူးက အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်စဉ်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ၂၀၂၂ ခုနှစ် နှစ်သစ်အကြို အွန်လိုင်းတိုက်ကွမ်ဒိုပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် နည်းစနစ်ကော်မတီက ကြီးမှူး ကျင်းပမည့် ၂၀၂၂ ခုနှစ် နှစ်သစ်အကြို အွန်လိုင်းတိုက်ကွမ်ဒိုပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် တိုက်ကွမ်ဒို သရုပ်ဖော် ရောင်စုံပန်းချီပြိုင်ပွဲ၊ တိုက်ကွမ်ဒိုအားကစား ကဗျာ ရေးစပ်ပြိုင်ပွဲ၊ တိုက်ကွမ်ဒို အားကစားအတွက် ဆောင်ပုဒ် ပြိုင်ပွဲ၊ တိုက်ကွမ်ဒိုကစားခြင်း၏ အောင်မြင်မှုရလဒ် ဆောင်းပါး ပြိုင်ပွဲ၊ တိုက်ကွမ်ဒိုဝတ်စုံဖြင့် ရပ်လျက် ကန်ချက်အလှပြိုင်ပွဲ၊ တိုက်ကွမ်ဒိုဝတ်စုံဖြင့် လေထဲ အမြင့် ကန်ချက်အလှပြိုင်ပွဲ၊ အကူ ကစားသမားများဖြင့် လေထဲ အမြင့် ခုန်ကန်ခြင်းပြိုင်ပွဲ၊ တစ်ဦးချင်း(ကျား/မ) တိုက်ကွမ်ဒိုအက ပြိုင်ပွဲ၊ အဖွဲ့လိုက်(ကျား မ-ငါးဦး) တိုက်ကွမ်ဒိုအကပြိုင်ပွဲ၊ အသင်း ကိုယ်စားပြု ကစားသမား ၁၀ ဦး နှင့်အထက် အလှဓာတ်ပုံပြိုင်ပွဲ၊ တာဝန်ခံနည်းပြနှင့်အတူ ၁၀ ဦး နှင့်အထက် အလှဓာတ်ပုံပြိုင်ပွဲ၊ တိုက်ကွမ်ဒို မိသားစုအလိုက် ဝတ်စုံအပြည့်ဖြင့် အလှဓာတ်ပုံ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်များအနေဖြင့် ယှဉ်ပြိုင်မှုများကို ဒီဇင်ဘာ ၂၈ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်သိရှိ မေးမြန်းစုံစမ်းလိုပါက ဦးကျော်သန်းဦး (နည်းပြချုပ်) နည်းစနစ် ကော်မတီ၊ ဖုန်း-၀၉-၇၈၅၀၇၀၀၃၉ သို့ ဆက်သွယ်၍ မေးမြန်းနိုင်ကြောင်း သိရသည်။

2022 New Years အကြို အထိမ်းအမှတ် ဖြစ်သည့်အတွက် တိုက်ကွမ်ဒိုပစ္စည်းများ၊ အမှတ်တရအိတ်၊ အင်္ကျီများ၊ ဘောင်းဘီများ၊ ဖိနပ်များ၊ နာရီများ ဆက်တိုက် ကံစမ်းမဲဖောက်ပေးသွားမည်။ ၂၀၂၁ ခုနှစ် တစ်နှစ်တာ အကောင်းဆုံး ဒိုင်လူကြီးဆု၊ နည်းပြဆု၊ ကစားသမားဆု၊ အတိုးတက်ဆုံးဆုများ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**



၂၀၂၁ ခုနှစ် နှစ်သစ်အကြိုက ပြိုင်ပွဲဝင် မိသားစုအလိုက် တိုက်ကွမ်ဒိုဝတ်စုံအပြည့်ဖြင့် အလှဓာတ်ပုံ။

■ *ကျောဖုံးမှ*

တာဝန်ယူခဲ့ပြီး ဗိုလ်လုပွဲတွင် ဆီနီဂေါအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အသင်းသမိုင်းတစ်လျှောက် နှစ်ကြိမ်မြောက် ဆွတ်ခူးထားနိုင်ခဲ့သည်။

**မန်စီးတီးမှ မာရက်ဇ်**

အသက် ၃၀ အရွယ် မာရက်ဇ်သည် ယခုနှစ်ရာသီ မန်စီးတီးအသင်းတွင် ခြေစွမ်းပြသထားနိုင်သူတစ်ဦးဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ၂၃ ပွဲပါဝင်ကစားထားပြီး ၁၁ ဂိုးသွင်းယူပေးထားသည်။ အယ်လ်ဂျီးရီးယားအသင်းသည် ဘီဘီစီက ရွေးချယ်ချီးမြှင့်သော အာဖရိကတစ်နှစ်တာ အကောင်းဆုံးဆုရဖူးသည့် ဘရာဟီမီကိုလည်း အသင်း၏ တိုက်စစ်တွင် ရွေးချယ်ထားသည်။ အဆိုပါကစားသမားသည် လက်ရှိတွင် ကာတာကလပ် Al Rayyan အသင်းတွင် ကစားနေသူဖြစ်သည်။

**အဖွင့်ပွဲစဉ်**

အယ်လ်ဂျီးရီးယားအသင်းသည် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၁ ရက်တွင် ဆီယာရာလီယွန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ အယ်လ်ဂျီးရီးယားအသင်းသည် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ အုပ်စု (E) တွင် ဂီနီယာ၊ အိုင်ဗရီကို့စ်၊ ဆီယာရာလီယွန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူ**

ထို့ကြောင့် ယခုနှစ်အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူပွဲထွက်လာမည့် မာရက်ဇ်အနေဖြင့် အယ်လ်ဂျီးရီးယားအသင်းကို မည်သည့်အဆင့်ထိ ပို့ဆောင်ပေးသွားနိုင်မလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# သဃ်န်းကျွန်းမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

သဃ်န်းကျွန်းမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် သဃ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် သုမင်္ဂလာလမ်းတွင် မင်းလှစိုး(ခ)အဖွာရ်အဒ် မောင်းနှင်ပြီး လှချို(ခ) အဒူရာမန်နှင့် ဝေဇင်(ခ)သော်ဇင်လတ် (ခ)အာလာဖတ်တို့လိုက်ပါလာသည့် Vigo မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၃ နာရီခွဲတွင် ၎င်းတို့ ငှားရမ်းနေထိုင်သည့် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ကျန်စစ်သားလမ်း အိမ်အမှတ် (၁၇၀) ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို သုံးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကော့သောင်းနှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီတွင် ကော့သောင်းမြို့နယ်မလိဝမ်းကျေးရွာအုပ်စု မလိဝမ်းကျေးရွာနေ မနန္ဒာလင်းအေး(ခ)မိတုတ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၅ ပြား သိမ်းဆည်းရမိခဲ့သည်။



မခင်သန္တာ၊ မညွန့်ညွန့်၊ မြင့်စန်း နှင့် ဟံမင်းထွန်း(ခ)တီးလုံး တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ လေသေနတ် တစ်လက်နှင့်အတူ တွေ့ရစဉ်။

အလားတူ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်ပန်းတောင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကျောက်ပန်းတောင်းမြို့ သာယာရေး ရပ်ကွက်နေ မြင့်စန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မခင်သန္တာနှင့် ဟံမင်းထွန်း (ခ)တီးလုံး တို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂၀၀ နှင့် လေသေနတ် တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၂၄ ရက် နံနက် ၁ နာရီခွဲတွင် မြို့မကွက်သစ်ရပ်ကွက်နေ မညွန့်ညွန့်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၃၀၀ နှင့် မြန်မာငွေကျပ် ၉၈၉၀၀၀ သိန်းတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြိတ်မြို့တွင် သက်တမ်းကုန်ဆုံး ဆေးဝါးအမျိုးအစား ၃၇ မျိုး မီးရှို့ဖျက်ဆီး

**မြိတ် ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် သက်တမ်းကုန်ဆုံး ဆေးဝါးများနှင့် ပျက်စီးနေသော ဆေးဝါးများအား ဒီဇင်ဘာ ၂၄ ရက် နေ့လယ်ပိုင်းက ကလွင်ကျေးရွာ အရှေ့ကုန်းရပ်ကွက် ကလွင်အမှိုက်ပုံအနီး၌ မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ဆေးကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ မီးရှို့ဖျက်ဆီးကြသည်။

"သက်တမ်း ကုန်ဆုံးခဲ့တဲ့ ဆေးဝါးတွေနဲ့ ထားသိုမှုပုံစံ လွဲမှားလို့ Aircon Temperature မကိုက်ညီလို့ ဆေးတွေ အရောင်ပြောင်းသွားတာတွေကို သက်ဆိုင်ရာဌာနတွေနဲ့ ISO လုပ်ထုံးလုပ်နည်းတွေနဲ့အညီ မီးရှို့ဖျက်ဆီးတာဖြစ်ပါတယ်။ ဆေးတွေက တရားဝင်ရောင်းချနေတဲ့ ဆေးတွေဖြစ်ပါတယ်။ ဒီဆေးတွေကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို သတင်းပို့စစ်ဆေးပြီး ဖျက်ဆီးခြင်းဖြစ်ပါတယ်" ဟု AA Medical Prouduct Co.Ltd Myeik ရုံးခွဲမှ မန်နေဂျာ ဦးစိုးမိုးအောင်က ပြောသည်။

သက်တမ်းကုန်ဆုံး ဆေးဝါးများနှင့် ပျက်စီးနေသော ဆေးဝါးများကို မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများက AA Medical Prouduct Co.Ltd Myeik ရုံးခွဲမှ မန်နေဂျာ ဦးစိုးမိုးအောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ မြေကျင်းတူး၍ မီးရှို့ဖျက်ဆီးခဲ့ကြသည်။(**အောက်ပုံ**) ဖျက်ဆီးခဲ့သည့် ဆေးဝါးများမှာ စုစုပေါင်း ၃၇ မျိုးရှိပြီး ကာလတန်ဖိုး ၅၈ သိန်းကျော်ရှိကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(မြိတ် ပြန်/ဆက်)**



## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## စိတ်ဝင်စားမှုအဆိုပြုလွှာ
## (Expression of Interest– EOI)ဖိတ်ခေါ်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဓာတ်မြေသြဇာစက်ရုံများနှင့် ရေနံချက်စက်ရုံများကို ပြုပြင်မွမ်းမံခြင်း၊ ကာလရှည်ငှားရမ်းခြင်းနှင့် စက်ရုံအသစ် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါတင်ဒါခေါ်ယူရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသည့် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များအား စိစစ်ရွေးချယ်ပေးနိုင်ရန် နည်းပညာအရသော်လည်းကောင်း၊ ငွေကြေးနှင့်ဥပဒေလုပ်ထုံးလုပ်နည်းများအရသော်လည်းကောင်း၊ အတွေ့အကြုံနှင့်အရည်အချင်း ပြည့်စုံသော နိုင်ငံတကာအဆင့် အကြံပေးပုဂ္ဂိုလ်/ အဖွဲ့အားငှားရမ်း ဆောင်ရွက်လိုပါသဖြင့် စိတ်ဝင်စားမှု အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ စိတ်ဝင်စားမှု အဆိုပြုလွှာ(EOI) ကိုအောက်ဖော်ပြပါလိပ်စာသို့၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီနောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် ပေးပို့ရမည် (သို့မဟုတ်) အမြန်ချောဖြင့် ပေးပို့ရမည်ဖြစ်ပါသည်–

ညွှန်ကြားရေးမှူး(စီမံကိန်းနှင့်စီးပွားရေးရာစီမံခန့်ခွဲရေးဌာနခွဲ)
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်
တယ်လီဖုန်းအမှတ် : ၀၆၇ ၃၄၁၁၁၁၄၊ ၃၄၁၁၁၁၅
Email: oilandgasplanningdepartment@gmail.com

၃။ EOI တင်ပြရန်အတွက် လိုအပ်သည့်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website https://www.moee.gov.mmတွင် ကြည့်ရှုနိုင်ပါသည်။ အခြားသိရှိလိုသည့် အချက်အလက်များရှိပါက အထက်ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ အောင်မြေရွှေဘုံလမ်းမ (၁၀)လမ်းထိပ်နေ ဦးစိုင်းမောင်လှ ၁၃/မရန(နိုင်)၀၀၄၂၄၉၏ သားဖြစ်သူ မောင်စိုင်းရန်ပိုင် ၁၃/တကန(နိုင်)၃၂၅၇၁၈သည် မိဘတို့၏ဆိုဆုံးမမှုကိုနာခံမှုမရှိခြင်း၊ မိဘတို့၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသောလုပ်ရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် မိဘမှာစိတ်ဆင်းရဲကိုယ်ဆင်းရဲကြီးစွာခံစားရပြီး၊ ကိုယ်စိတ်နှလုံးသုံးပါးစလုံး ထိခိုက်ခဲ့ရပါသည်။ ထို့ကြောင့် မောင်စိုင်းရန်ပိုင်ကို ယနေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေက သားအဖြစ်မှ အမွေပြတ်သားအဖြစ် စွန့်လွှတ်သတ်မှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို ကျွန်ုပ်၏မိတ်ဆွေက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ယင်းကဲ့သို့ အမွေပြတ်သားအဖြစ် စွန့်လွှတ်ကြောင်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုင်းမောင်လှ၏လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်ရဲလွင် (LL.B)
စဉ်–၅၀၄၉၇
အမှတ် (၅)ရပ်ကွက်၊ မြို့ပတ် (၂)လမ်း၊ မြဝတီမြို့၊
ဖုန်း–၀၉–၇၆၈၃၆၆၇၂၈


# သီပေါမြို့နယ်၌ ခရမ်း သီးနှံစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်း၍ အပိုဝင်ငွေများရရှိ



**သီပေါ ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ဆောင်းသီးနှံမျိုးစုံကို လယ်နားချိန်ကာလ၌ စိုက်ပျိုးလျက်ရှိရာ တိန်းချေတိန်းစံကျေးရွာအုပ်စု နောက်ကပ်ဒေသတွင် ခရမ်းသီးနှံစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ်ခူးဆွတ်ရောင်းချရသဖြင့် အပိုဝင်ငွေရရှိကာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါခရမ်းသီးနှံကို တစ်ပင်နှင့်တစ်ပင် ငါးပေခြား စိုက်ပျိုး၍ ရေသွင်းရေထုတ်လွယ်ကူစေရန် မြေပေါင်များ ပြုလုပ်ပေးရကြောင်း၊ အပင်ငယ်ချိန်တွင် မြေဆွပေါင်းသင်ပေးကာ တစ်လတစ်ကြိမ် အပင်ခြေများတွင် မြေသြဇာ အနည်းငယ်မျှ ထည့်ရပြီး လိုအပ်ပါက အပင်အားဖြည့်ဆေးနှင့် ပိုးသတ်ဆေး ဖျန်းပေးရကြောင်း၊ ခူးဆွတ်ရောင်းသည့်အခါ ရက်ခြားခူး၍ ရောင်းရသကဲ့သို့ နေ့စဉ်ခူးဆွတ်၍လည်း ရောင်းချရကြောင်း၊ ရောင်းဈေးအနေဖြင့် ဖောက်သည်ဈေး တစ်ပိဿာ ကျပ် ၈၀၀ မှ ၁၀၀၀ အထိ ရောင်းချရသည့်အတွက် နေ့စဉ်အပိုဝင်ငွေရရှိကာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း နောက်ကပ်ကျေးရွာ ခရမ်းသီးနှံစိုက်တောင်သူ ဦးစိုင်းလှဝင်း ပြောပြချက်အရ သိရသည်။

စိုင်း(သီပေါ)


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ လင်းပင်လမ်း၊ မြေကွက်အမှတ်(၁၄၄)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးအောင်မြင့် (ISN-၃၈၉၃၀၂) အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ခင်ပွန်းဖြစ်သူ ဦးအောင်မြင့် ကွယ်လွန်၍ဇနီးဖြစ်သူ ဒေါ်ခင်အေးမြင့် (၁၂/ဥကမ(နိုင်)၀၃၆၉၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက် အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးဇော်ထွန်းအောင် | ဦးပြည့်ဖြိုးအောင် |
| LL.B, D.M.L, | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |
| ၀၉၉၇၆၄၉ ၂၀၀၃ | ၀၉၄၂၀ ၁၂ ၄၀၀၃ ၊ |

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ စေးဥယျာဉ်(၂)လမ်း၊ အမှတ်(၃၃၁)ရှိ (ဘ) ဦးညိန်းမောင်၏သမီး ဒေါ်မူမူညိန်းမောင် (၁၄/ဇလန(နိုင်)၀၈၃၆၅၃)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ပုသိမ်အဝေးပြေးကားလမ်းမကြီး၊ (၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၅၈၉)ရှိ Win Progress Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်မူမူညိန်းမောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည် -

ဒေါ်မူမူညိန်းမောင်သည် လှိုင်သာယာမြို့ရှိ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ (၆-၄-၂၀၂၀)ရက်နေ့စွဲပါ Mini Van အရောင်းအဝယ်သဘောတူကတိပြုစာချုပ်အမှတ် (Yoma-၃၉၂/ ၂၀၂၀)ဖြင့် Brand New King Long (18)Seats (Car No.2Q/6278) (1)Unit ကို မြန်မာငွေကျပ်-၄၃,၇၂၄,၄၅၀/- ဖြင့် အရစ်ကျပေးချေခြင်းအကြွေးစနစ်ဖြင့် ဝယ်ယူသွားပြီး စက်ယန္တရားကို လက်ခံရယူသွားသော်လည်း ယနေ့အချိန်အထိ စက်ယန္တရားဖိုးပေးရန် ကျန်ငွေနှင့် ရက်လွန်ကြေးနှစ်ရပ်စုစုပေါင်းမှာ မြန်မာငွေကျပ်-၄၇,၁၁၄,၁၄၆/- တွင် (၆-၄-၂၀၂၀)ရက်နေ့မှ (၁၈-၁-၂၀၂၁)ရက်နေ့အထိ ပေးသွင်းပြီးငွေစုစုပေါင်းမှာ မြန်မာငွေကျပ်-၁၇,၄၃၀,၈၄၂/-ဖြစ်သဖြင့် စက်ယန္တရားဖိုးကျန်ငွေနှင့် ရက်လွန်ကြေးငွေ နှစ်ရပ်စုစုပေါင်း မြန်မာငွေကျပ်-၂၉,၆၈၃,၃၀၄/- ပေးသွင်းရန်ကျန်ရှိကြောင်း တွေ့ရှိရပေသည်။ လတ်တလော လူကြီးမင်းပေးသွင်းရန် စတင်ပျက်ကွက်နေသော (၁၉-၁-၂၀၂၁)ရက်နေ့မှ (၁၃-၁၂-၂၀၂၁)ရက်နေ့အထိ မော်တော်ယာဉ်အမှတ် (2Q/6278)အတွက် ပေးသွင်းရန်ကျန်ငွေမှာ မြန်မာငွေကျပ်-၁၀,၁၉၀,၀၉၄/-နှင့် ရက်လွန်ကြေး မြန်မာငွေကျပ်-၃,၃၅၈,၈၉၃/- နှစ်ရပ်စုစုပေါင်းမှာ မြန်မာကျပ်ငွေ-၁၃,၅၄၈,၉၈၇/- ပေးသွင်းရန်ကျန်ရှိကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်၍ ဤကြေညာပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း မြန်မာကျပ်ငွေ-၁၃,၅၄၈,၉၈၇/- ကို လှိုင်သာယာမြို့ Win Progress Co., Ltd သို့ ပေးသွင်းရန် အကြောင်းကြားပါသည်။ လာရောက်ပေးသွင်းခြင်းမရှိပါက ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းနှင့် တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သတ်မှတ်အရစ်အလိုက် ပေးသွင်းရန်ကျန်ရှိသော (၁၃-၁-၂၀၂၂)ရက်နေ့မှ (၁၃-၇-၂၀၂၃) ရက်နေ့အထိ ပေးသွင်းရန်ကျန်ရှိသော စက်ယန္တရားဖိုးငွေ မြန်မာငွေကျပ်-၁၆,၁၃၄,၃၁၆/- ကိုလည်း မပျက်မကွက် သတ်မှတ်အရစ်ကျရက်အတိုင်း ပေးသွင်းသွားရန် ဒေါ်မူမူညိန်းမောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

Win Progress Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးတင်အေး (ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊ တရားလွှတ်တော်ရှေ့နေ (၅၇၈၈/၉၁)
ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၁၂၄၃၇၃၃။
အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃၊ ၀၉-၄၅၁၂၄၃၇၃၃။


# နွားထိုးကြီးနီးဘုရားဖြစ်မြောက်ရေး သြဝါဒခံယူ

**နွားထိုးကြီး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးနီးဘုရား တည်ဆောက်ရေးလုပ်ငန်း သြဝါဒါစရိယ ဆရာတော်၏ သြဝါဒခံယူမှုကို ဒီဇင်ဘာ ၂၃ ရက်က ချိုင်းနားကျောင်းတိုက်၌ ကျင်းပသည်။

ဗဟိုဝန်ဆောင်ဆရာတော် ချိုင်းနားကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ အား နီးဘုရားဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ကို၊ အတွင်းရေးမှူး ဦးတင်မြင့်နှင့် ဦးဇော်လွင်မောင်တို့က နီးဘုရားဂန္ဓကုဋိ တည်ဆောက်နေမှု၊ ရှေ့လုပ်ငန်းနှင့် နီးဘုရား တည်ဆောက်ရေးလုပ်ငန်းကို တင်ပြလျှောက်ထားရာ ချိုင်းနားကျောင်း ဆရာတော်က နီးဘုရား ပြီးစီးရေးကို သြဝါဒကထာ မြွက်ကြားကြောင်း သိရသည်။

နီးဘုရားဂန္ဓကုဋိတိုက်အား အလှူရှင် ဦးရဲဝင်းအောင် မိသားစုက ဆက်လက်အပြီး တည်ဆောက်ရန် မကြာမီ စတင်မည်ဖြစ်ကြောင်းသိရသည်။

ဒွေးမြင့်မောင်



နွားထိုးကြီးနီးဘုရား ထားရှိမည့် သာသနိကအဆောက်အအုံ။


## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၁–၂၀၂၂ ခု(၆)လဘဏ္ဍာရေးနှစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ် ၏ပြည်နယ်ဘဏ္ဍာ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ထပ်မံဆောင်ရွက်မည့် လျှပ်စစ် Turnkey လုပ်ငန်း(Lot ၈ခု) အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | – | ၂၄–၁၂–၂၀၂၁ရက်မှ ၅–၁–၂၀၂၂ရက်အထိ |
| **တင်ဒါတင်သွင်းရမည့်ရက်** | – | ၆–၁–၂၀၂၂ရက်မှ ၇–၁–၂၀၂၂ရက်အထိ |
| **တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ** | – | မွန်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့ |

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်–

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
ဖုန်း–၀၉–၄၂၈၇၂၅၅၇၃၊ ၀၉–၄၂၈၇၂၅၅၇၄၊
၀၉–၄၄၄၉၄၈၆၈၃၊ ၀၉–၂၅၂၅၅၅၀၀၅

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၁/၁၁ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ် ၃၈၉ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၃၈၉၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧကရှိ ဦးကျော်မင်း ၁၂/မဘန(နိုင်)၀၁၆၄၂၆ အမည်ပေါက် နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအေးမင်းလှိုင် ၁၄/အမန(နိုင်)၀၀၀၇၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လုံလောက်ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဖြူဝင်း**
**အထက်တန်းရှေ့နေ**
**(စဉ်–၃၄၃၀၀/၂၂–၉–၂၀၁၁)**
**အမှတ် (၁၃/အေ)၊ ပထမထပ်၊ ၁၆၄လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်**
**ဖုန်း–၀၉–၇၉၅၄၉၉၈၂၈၊ ၀၉–၄၄၂၅၂၁၉၂၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်မှတ်(သကမ–၁၃)၊ အမှတ်(၁၅)ရပ်ကွက်၊ သဇင်လမ်း၊ မြေကွက်အမှတ်(၄၀၂/က)၊ မြေအကျယ်(၁၀x၆၀)ပေ(ခေါင်းရင်းခြမ်း) ၊ (ဦးသဲမောင် အမည်ပေါက် မြေချပါမစ်)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်(ရေ၊ မီးစုံ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဝတ်ရည်ထွေး ၁၂/လသယ(နိုင်)၀၄၄၈၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝေဝေလွင် ၁၂/သဃက(နိုင်)၁၄၇၉၄၇ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်နှင်းဝေဝေလွင်** | **ဒေါ်ညီမြာထွေး (LL.B)** |
| **၁၂/သဃက(နိုင်)၁၄၇၉၄၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၇၂)** |
| | **အမှတ်(၇၉/ခ)၊ ခရေလမ်း၊** |
| | **၁၅ရပ်ကွက်၊ လှိုင်သာယာမြို့နယ်** |
| | **ဖုန်း–၀၉–၄၂၀၂၉၄၀၀၄** |

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အထက(၃) ယင်းတော်ကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မသွယ်ဇင်အေး ၏ဖခင်အမည်မှန်မှာ ဦးစိုးသိဏ်း ၉/ပဘန(နိုင်)၀၂၇၉၆၈ ဖြစ်ပါကြောင်း။

**ဦးစိုးသိဏ်း**

## အမည်ပြောင်း

ဦးသန့်ဇင်၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ မယမင်းသန့်ဇင်ထွန်း ၁၂/ မဂဒ(နိုင်)၁၆၉၉၀၀ အား မမြမွေးအိမ်ဟု ပြောင်းလဲခေါ်ပါရန်။

**မမြမွေးအိမ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7B/9512, Toyota Hiace TRH–214/(M/B) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသီတာမြင့် ၁၄/ပသန(နိုင်)၁၇၀၈၄၇က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ တိုက်အမှတ်(၅)၊ အခန်း(၅၀၁)၊ ပဉ္စမထပ်(၆)လွှာ၊ အကျယ်အဝန်း(၇၅၀–စတုရန်းပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုချိုဝင်းရွှေ(၁၂/မဂတ(နိုင်)၀၃၈၀၂၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်လင်းလင်းထက် | ဦးပြည့်ဖြိုးအောင် |
| LL.B, | LL.B., |
| အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |
| ၀၉ ၄၅ ၅၅၀ ၆၁၄၆၊ | ၀၉၄၂၀ ၁၂ ၄၀၀၃ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၇၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၇၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်လှိုင်

**Local Representative–China CAMC Engineering Co.,Ltd. (CAMCE)**

**Chairman–Myanmar Padonmar Co.,Ltd.**

**Chairman–Myanmar Padonmar International Co.,Ltd.**

**အသက် (၇၅)နှစ်**

မုံရွာမြို့နေ [ဦးစိန်ဝင်း (စာရေးဆရာ၊ ဒါရိုက်တာ မင်းရှင်နောင်)-ဒေါ်တင်ရွှေ]တို့၏သား၊ ဒေါ်တင်မေဝင်း၏မောင်၊ ဒေါ်တင်မာဝင်း၊ ဒေါ်တင်လေးဝင်း၊ ဒေါ်ဥမ္မာဝင်းတို့၏ ချစ်လှစွာသောအစ်ကို၊ အမှတ်-၂၈/ခ၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သီတာစိုး၏ ချစ်လှစွာသော ခင်ပွန်း၊ မနှင်းဦးခင်၏ ဖခင်ဖြစ်သူသည် ၂၄-၁၂-၂၀၂၁ရက် (သောကြာနေ့) ည ၁၀:၀၁ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပြီဖြစ်ပါ၍ ၂၆-၁၂-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်လှိုင်(ခ)ဦးတင်မောင်ဝင်း(စာပေမွန်)

**Local Representative–China CAMC Engineering Co.,Ltd. (CAMCE)**

**Chairman–Myanmar Padonmar Co.,Ltd.**

**Chairman–Myanmar Padonmar International Co.,Ltd.**

**အသက် (၇၅)နှစ်**

မုံရွာမြို့နေ [ဦးစိန်ဝင်း (စာရေးဆရာ၊ ဒါရိုက်တာ မင်းရှင်နောင်)-ဒေါ်တင်ရွှေ]တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်မော်မမညွန့်၏ခင်ပွန်း၊ ဦးလွင်မောင်မောင်အောင်-ဒေါ်ခင်ယုဇနဝင်း၊ ဦးနောင်ရိုး-ဒေါ်စုဇန်ကိုကို၊ ဦးရန်နိုင်-ဒေါ်သူဇာအောင်၊ ကိုသိမ်းအုပ်၊ မအင်ကြင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၂၄-၁၂-၂၀၂၁ရက် (သောကြာနေ့) ည ၁၀:၀၁ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပြီဖြစ်ပါ၍ ၂၆-၁၂-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက် ၊ သမိုင်း(၂)လမ်း၊ တိုက်အမှတ်(၄/က)၊ အခန်း-မြေညီထပ်၊ အကျယ်အဝန်း(၁၅ပေ× ၅၀ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ များဖြစ်သော-ဒေါ်ဝင်းဝင်း(၆/ကစန(နိုင်)၀၅၄၂၆၇)နှင့် ဒေါ်နွယ်နီလတ်(၆/ကစန(နိုင်)၀၆၇၆၅၂) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက် အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးဇော်ထွန်းအောင်** | **ဦးပြည့်ဖြိုးအောင်** |
| LL.B, D.M.L, | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |
| ၀၉၉၇၆၄၉ ၂၀၀၃ | ၀၉၄၂၀ ၁၂ ၄၀၀၃ ၊ |

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မအိမ်ရာ၊ မင်းဓမ္မလမ်း၊ Villa B-1၊ အမှတ်(၆၅)နေ ဒေါ်မာလာဝင်း(၁၂/သဃက(နိုင်)၀၄၂၅၃၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရှမ်းပြည်နယ်ဒေသကြီး၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ သာမိုင်းခမ်းကျေးရွာအုပ်စု၊ သာမိုင်းခမ်းလမ်း၊ ရွာမြေအမျိုးအစား၊ ဧရိယာ(၀. ၈)ဧကရှိ မြေကွက်သည် အရှေ့ဘက်လားသော်-ဦးမြင့်နောင်၊ အနောက်လားသော်-ဦးအောင်ဝင်း၊ မြောက်လားသော်-ဒေါ်မာလာဝင်းမြေကွက် အလား(၄)ရပ်၏ အလယ်ဗဟိုတွင်ရှိသော ဧရိယာ(၀. ၈)ဧကရှိ မြေကွက်ကို သာမိုင်းခမ်းရပ်ကွက်၊ အောင်ပန်းမြို့နယ်၊ ရှမ်းပြည်နယ်မှ ဦးခင်အောင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးခင်အောင်(၁၃/ကလန(နိုင်)၀၃၈၉၄၄)မှ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ယင်း ဦးခင်အောင်ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွပ်နိုပ်၏မိတ်ဆွေ ဒေါ်မာလာဝင်းမှ စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် ရွာမြေ ဧရိယာ(၀. ၈)ဧကနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုပြုသူမည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ (သို့) ကျွန်ုပ်၏မိတ်ဆွေထံသို့ တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးတင်အေး(ရေတာရှည်)၊** H.G.P, LL.B., D.B.L **တရားလွှတ်တော်ရှေ့နေ(၅၇၈၈/၉၁)**

ရုံး - အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာ၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၄၅၁၇၈၊ ၀၁-၆၄၅၁၇၉၊ ၀၁-၆၄၅၁၈၀၊ ၀၁-၆၄၅၁၈၁၊ ၀၁-၆၄၅၁၈၂။

အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။
ဖုန်း-၀၉-၄၂၁၇၈၆၆၁၈၊ ၀၉-၄၅၁၂၄၇၇၃၃၊ ၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃။

## ဒေါ်သန်းခင်မေ

**ဇင်ချောင်းကျေးရွာ၊ ကျောက်ဖြူမြို့နယ်**

**အသက် (၄၇)နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကလန့်တဲကျေးရွာနေ ဦးစောချမ်းအောင်-ဒေါ်အောင်ကြည်တို့၏သမီး၊ ဇင်ချောင်းကျေးရွာနေ (ဦးဝင်းမြင့်)-ဒေါ်အေးခင်တို့၏ ချွေးမ၊ ဇင်ချောင်းကျေးရွာနေ ဦးဝင်းမောင်(ခ)ကိုဖိုးမောင် Electric World လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး၏ဇနီး၊ မဆုမြတ်နိုးမောင်၊ မဆုခြိမ့်ခေတ်၊ မဆုဝေနှင်းတို့၏မိခင် ဒေါ်သန်းခင်မေ အသက် (၄၇)နှစ်သည် ၂၄-၁၂-၂၀၂၁ရက် (သောကြာနေ့) ညနေ ၅:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါသည်။

ကြွင်းကျန်သော ရုပ်အလောင်းအား ၂၆-၁၂-၂၀၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

## ဦးကျော်စွာဝင်း

**B.E(TEXTILE) (Y.I.T)**

**CDC No.47426,A/B**

**(MONSOON MARITIME SINGAPORE)**

**လက်ပံတန်း**

**အသက်(၄၈)နှစ်**

၁၉-၁၂-၂၀၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၉:၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားသော သားအငယ်ဆုံးဖြစ်သူ ဦးကျော်စွာဝင်း ကွယ်လွန်ချိန်မှစ၍ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ နှစ်သိမ့်ဆုတောင်းပေးကြသူများကိုလည်းကောင်း၊ အစစအရာရာကူညီပေးခြင်းနှင့် လှူဖွယ်ပစ္စည်းများပေးပို့ပါသော အကျဉ်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ကွယ်လွန်သူအားရည်စူး၍ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူပန်းခွေ၊ ပန်းခြင်းနှင့် နာရေးသို့ လိုက်လံကူညီပို့ဆောင်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**ဖခင် အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကံတောင်ရွာနေ မမိုးစန္ဒာ၏ဖခင်အမည်မှန်မှာ ဦးသာဒုတ် ၈/မလန(နိုင်) ၀၈၂၈၉၀ ဖြစ်ပါကြောင်း။

**ဦးသာဒုတ် ၈/မလန(နိုင်)၀၈၂၈၉၀**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၄)ရပ်ကွက်နေ ဦးဇော်မင်းထိုက် ၁၄/ပသန(နိုင်)၃၃၃၆၇၀ ကိုင်ဆောင်ထားသူ၏ ဖခင် ဦးမူနူး(ခေါ်)ဦးအောင်သန်းမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမူနူး(ခ)ဦးအောင်သန်း**

### မွေးသက္ကရာဇ်အမှန်

သရက်ခရိုင်၊ ကံမမြို့နေ ဖခင် ဦးမိုးကျော် ၈/ကမန(နိုင်)၀၅၇၇၄၃၏သမီး၊ ကံမ အထက ဒုသမတန်း (B)မှ မပန်းအိဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၆-၂၀၀၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မင်းပြားမြို့နယ်၊ အထက(ခွဲ) ကျောက်မော် သတ္တမတန်း (G-8)မှ မောင်နိုင်မင်းသူ၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဝင်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

သရက်ခရိုင်၊ ကံမမြို့၊ တက္ကသိုလ်ဝင်တန်း (B)မှ မယမုံသွင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွေး ၈/ကမန(နိုင်)၀၄၃၃၆၄ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7L/1803, Forland အမျိုးအစား -DIT ယာဉ်လက်ဝယ်ရှိသူ SHWE TUN Co.Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 50W/81444 ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးထွန်း ၇/ထတပ(နိုင်)၀၅၃၃၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ လူနေရပ်ကွက်အမှတ်၊ ရွှေလင်ပန်းမြောက်၊ မြေကွက်အမှတ် (၈၃၈)၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)၊ ၀ဒသမ ၀၅၅ ဧက၊ ၂၄၀၀ စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ကေကေစိုး ၁၂/အလန(နိုင်)၀၄၂၃၁၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဂရန်မူရင်း၊ စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက် ၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရလပ-၂၃)၊ လူနေရပ်ကွက်အမှတ်၊ ရွှေလင်ပန်း၊ မြေကွက်အမှတ် (၁၃၃၃)၊ အမည်ပေါက် ဦးအေးကို အကျယ်အဝန်း(၄၄ပေx ၆၀ပေ)၊ ၀ဒသမ ၀၆၁ဧက၊ ၂၆၄၀ စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးဇော်ဦး ၁၄/ရထန(နိုင်)၀၈၀၃၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၃၁-၃-၂၀၂၁ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်နိုင်ဦး ၉/တသန(နိုင်)၁၄၀၁၂၀ တစ်ဦးတည်းပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိသော မြေကွက်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေဇင်အိ(LL.B, D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက် ၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ဒေါ်အေးသာ(စစ်တွေမြို့)

**အသက်(၉၀)နှစ်**

စစ်တွေမြို့၊ မိဇ်ရပ်နေ(ဦးသာကျော်-ဒေါ်မကြီး)တို့၏သမီးကြီး၊ (ဦးကျော်ကြီး-ဒေါ်မကျော့သာ)တို့၏ ညီမ၊ (ဦးဒီစံဌေး)-ဒေါ်သာနီအေး၊ (ဦးစိန်ညွန့်-ဒေါ်သာနီခင်)တို့၏ အစ်မကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၁၉၉/၂ နေ (ဦးကျော်ဇံသာ)၏ ဇနီး၊ ဦးဇော်ထူးမောင်၊ ဒေါ်ခင်သန်းရီ ၊(ဦးဇော်ဝင်းမောင်)-ဒေါ်အေးအေးဇော်၊ ဒေါ်မာလာအေးတို့၏မွေးသမိခင်၊ မအိမ်ဇော်နု၊ မအိမ်ချိုဇော်၊ မရွှေအိမ်မော်တို့၏ အဘောင်ရှင်သည် ၂၄-၁၂-၂၀၂၁ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီး ကျော်ဇေယျ (ငြိမ်း)**

**ကြည်း-၂၂၂၅၉ OTS(80)**

**အသက်(၆၁)နှစ်**

ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၈၀)၊ စည်သူတပ်ခွဲမှ ဗိုလ်ကြီးကျော်ဇေယျ(ငြိမ်း)သည် ၂၅-၁၂-၂၀၂၁ရက်၊ နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာသုဂတိလားပါစေ-

**ဗသက(၈၀) စည်သူတပ်ခွဲကျောင်းဆင်းအရာရှိများနှင့်**
**မိသားစုများ**

### အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၃၇၃)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၆၃
### ကွယ်လွန်သူ ဒေါ်မာမာဝင်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း

ဦးနိုင်နိုင် — လျှောက်သူ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်နေ ဦးနိုင်နိုင်က ကွယ်လွန်သူ ဒေါ်မာမာဝင်း၏ ခင်ပွန်းဖြစ်သည်ဟူ၍ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်နေ ၎င်းကွယ်လွန်သူ ဒေါ်မာမာဝင်းမှာ ကျန်ရစ်သော ပစ္စည်းများထံမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်မာမာဝင်းမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့ သည် ဤရုံးသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်(၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးနိုင်နိုင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### တာချီလိတ်မြို့နယ်တရားမရုံး၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၅

| | | |
|---|---|---|
| နန်းကိန်ခမ်း | နှင့် | စိုင်းမာန်ဆာ |
| ၁၃/တခလ(နိုင်)၀၆၂၉၁၁ | | ၁၃/တခလ(နိုင်)၀၈၈၂၅၂ |
| ၂/၅၃၊ ဆန်ဆိုင်း(က)ရပ်ကွက် | | ၉/၁၅၁၊ ဆန်ဆိုင်း(ခ)ရပ်ကွက် |
| တာချီလိတ်မြို့ | | တာချီလိတ်မြို့ |

တာချီလိတ်မြို့၊ ၉/၁၅၁၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ စိုင်းမာန်ဆာ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို နန်းကိန်ခမ်းက လင်မယားကွာရှင်းပြတ်စဲလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို၊ ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက် (၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချစ်ဝိုင်းမော်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တာချီလိတ်မြို့နယ်တရားရုံး**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက(ကုန်းဇောင်း) Grade-Ten (A)မှ မလင်းလဲ့ရွှေရည်ထွေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော် ၈/ပဖန(နိုင်)၀၂၄၉၂၁ ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်၈/ပဖန(နိုင်)၀၂၄၉၂၁**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက (ကုန်းဇောင်း) ဒသမတန်း သင်ရိုးဟောင်းမှ မောင်သူထူးမြတ်၏ ဖခင် အမည်မှန်မှာ ဦးမျိုးမင်း ၈/ပဖန(နိုင်)၀၉၁၅၉၁ ဖြစ်ပါကြောင်း။

**ဦးမျိုးမင်း ၈/ပဖန(နိုင်)၀၉၁၅၉၁**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက (ကုန်းဇောင်း) Grade Eight မှ မောင်စွမ်းရဲထက်၏ ဖခင်အမည်မှန်မှာ ဦးချစ်ကို ၈/ပဖန(နိုင်)၀၇၃၇၄၈ ဖြစ်ပါကြောင်း။

**ဦးချစ်ကို ၈/ပဖန(နိုင်)၀၇၃၇၄၈**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက (ကုန်းဇောင်း) ဒသမတန်း စနစ်ဟောင်းမှ မောင်သီဟမောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ရွှေ ၈/ပဖန(နိုင်)၁၀၅၂၄၅ ဖြစ်ပါကြောင်း။

**ဦးတင်ရွှေ ၈/ပဖန(နိုင်)၁၀၅၂၄၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီးအမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



ခရစ္စမတ်ရုံးပိတ်ရက်ကာလ ချောင်းသာကမ်းခြေသို့ လာရောက်အပန်းဖြေကြသူများကို တွေ့ရစဉ်။

## ခရစ္စမတ်ရုံးပိတ်ရက်ကာလ ချောင်းသာကမ်းခြေသို့ လာရောက်အပန်းဖြေသူ များပြား

**ချောင်းသာ ဒီဇင်ဘာလ ၂၅**

ပုသိမ်ခရိုင် ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေ၌ ယနေ့ နံနက်ပိုင်းက အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများ စည်ကားများပြားလျက်ရှိသည်။

"ဒီနေ့က လာရောက်အပန်းဖြေတဲ့သူ တော်တော်များပါတယ်။ ခရစ္စမတ်ကာလမှာ ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက် သုံးရက်ဆက်တိုက်ရတော့ နေရာဒေသအစုံက လာလည်ကြ၊ အပန်းဖြေကြတာများပါတယ်"ဟု လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်သူ ဒေသခံ ချောင်းသာမြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ခွဲမှူး ဦးသန်းဌေးက ပြောသည်။

ချောင်းသာကမ်းခြေသို့ အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်ရှည်မဟုတ်သည့် နေ့များတွင် လာရောက်လည်ပတ်အပန်းဖြေသူ ယခင်ကထက် နည်းပါးသော်လည်း နေ့ကြီး၊ ရက်ကြီးနှင့် အလုပ်ပိတ်ရက်ရှည်များတွင် စည်ကားများပြားကြောင်း သိရသည်။

ကျော်ကျော် (ပြန်/ဆက်)

## ၂၅-၁၂-၂၀၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၁၇၆ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၆၁ % |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၃ ဦး |
| Omicron (အိုမီခရွန်) ပျံ့နှံ့သည့်နိုင်ငံပေါင်း | ၁၁၄ |

## အင်းတော်ကြီးကန်၌ အဏ္ဏဝါသိပ္ပံလောကတွင် မှတ်တမ်းတင်ထားခြင်းမရှိသေးသည့် ငါးမျိုးစိတ် လေးမျိုးနှင့် ကမ္ဘာ့ရှားပါးငါးမျိုးစိတ် နှစ်မျိုးတို့ ရှင်သန်ကျက်စားလျက်ရှိ

**မိုးညှင်း ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံတွင် အကြီးဆုံးရေချိုကန်ကြီးဖြစ်သည့် အာဆီယံအမွေအနှစ်ဥယျာဉ်နှင့် ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ထားသော ကချင်ပြည်နယ် မိုးညှင်းဒေသရှိအင်းတော်ကြီးကန်တွင် အဏ္ဏဝါသိပ္ပံလောက၌ မှတ်တမ်းတင်ထားခြင်းမရှိသေးသည့် ငါးမျိုးစိတ် လေးမျိုးနှင့် ကမ္ဘာ့ရှားပါးငါးမျိုးစိတ် နှစ်မျိုးတို့ ရှင်သန်ကျက်စားလျက်ရှိသည်။

အင်းတော်ကြီးကန်ဒေသသည် ၃၁၄ ဒသမ ၆၇ စတုရန်းမိုင် ကျယ်ဝန်းပြီး တောရိုင်းတိရစ္ဆာန်

စာမျက်နှာ ၁၂ ကော်လံ ၁ ❖



Physoschistura အမည်ရှိ ငါးသလဲထိုးမျိုးစိတ်သစ်ကို တွေ့ရစဉ်။



ကမ္ဘာ့ရှားပါးမျိုးစိတ် Indrstomus Paradoxus ငါးကို တွေ့ရစဉ်။

## အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် အယ်လ်ဂျီးရီးယားအသင်းခေါင်းဆောင်အဖြစ် မာရက်ဇ် တာဝန်ယူပွဲထွက်လာမည်



(၃၃) ကြိမ်မြောက် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ကင်မရွန်းနိုင်ငံ၌ ဇန်နဝါရီ ၉ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အယ်လ်ဂျီးယားအသင်းကို မန်စီးတီးအသင်းကစားသမား မာရက်ဇ်က အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူပွဲထွက်လာမည်ဖြစ်သည်။ ၎င်းသည် ၂၀၁၉ ခုနှစ်က အီဂျစ်နိုင်ငံတွင်ကျင်းပသည့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင်လည်း အယ်လ်ဂျီးယားအသင်းကို အသင်းခေါင်းဆောင်အဖြစ်

စာမျက်နှာ ၂၇ ကော်လံ ၅ ■

၂၀၁၉ ခုနှစ်က အာဖရိကနိုင်ငံများဖလားကို ဆွတ်ခူးပြီးနောက် ဆုဖလားနှင့်အတူ တွေ့ရသည့် မာရက်ဇ်။

## ယနေ့ သတင်းအညွှန်း

ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းခရီးသွားဧည့်သည်များ စည်ကား
ပြည်တွင်းသတင်း စာ - ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကူးတို့ရေယာဉ်မီးလောင်မှုကြောင့် ၃၈ ဦးထက်မနည်း သေဆုံး
နိုင်ငံတကာသတင်း စာ - ၁၃

သုတ၊ ရသစာပေနှင့် သမိုင်းသုတေသနပညာရှင် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးသိန်းသန်းထွန်း
ဆောင်းပါး စာ - ၁၆

သဃ်န်းကျွန်းမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ
ပြည်တွင်းသတင်း စာ - ၂၇